# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၆ ရက် | ၂၀၁၉ ခုနှစ်၊ ဇွန် ၈ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၂၅၁)


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၁၉) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးသို့ တက်ရောက်

## အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများအပြင် ရေရှည်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် လိုအပ်

**နေပြည်တော် ဇွန် ၇**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၁၉) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယခုအစည်းအဝေးတွင် မိုးရာသီကာလ၌ ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များ၊ ကြိုတင်ခန့်မှန်း၍ မရနိုင်သည့် ငလျင်ဘေးအန္တရာယ်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့မှ ပညာရှင်များ၏ အကြံပြုချက်များနှင့် ပတ်သက်ပြီး အဓိကထား ဆွေးနွေးသွားလိုကြောင်း၊ ထို့ပြင် အခြားအရေးကြီးသည့် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ပေါင်းစပ်ညှိနှိုင်းပေးရမည့် လုပ်ငန်းများကျန်ရှိနေပါက ဆွေးနွေးတင်ပြကြရန် ပြောကြားလိုကြောင်း။

ယနေ့ကာလ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာခြင်း၊ ပိုမိုအင်အားပြင်းထန်လာခြင်းတို့သည် ထူးခြားစွာ ခံစားလာရသည့် ဘေးအန္တရာယ်များမဟုတ်တော့ဘဲ ကမ္ဘာပေါ်တွင် ပုံမှန်ဖြစ်ပေါ် ခံစားလာရသည့် ဘေးအန္တရာယ်များ

*စာမျက်နှာ ၃ ကော်လံ ၁* ❄




မြန်မာ့အလင်း

# ကွန်းခိုရာ မြကျွန်းညိုညို

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်တော့မည်။ ၁၉၂၀ မှာ ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် လာမည့်နှစ် ၂၀၂၀ ဆိုလျှင် နှစ်တစ်ရာပြည့်အဖြစ် ဂုဏ်ယူစရာဖြစ်ခဲ့ပြီ။

ရန်ကုန်တက္ကသိုလ်က မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် ဂုဏ်ယူရမည့် ခေါင်းဆောင်အများအပြားကို မွေးဖွားပေးခဲ့သည်။ နိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးခေါင်းဆောင်များ၊ လူမှုရေးခေါင်းဆောင်များ၊ နိုင်ငံတကာက လေးစားရသည့် ပညာရှင်ကြီးများ...။

တက္ကသိုလ်၏ အရိပ်အာဝါသကိုယ်နှိုက်က ပညာရှာမှီးရာ၊ ပညာသင်ကြားဆည်းပူးရာ ဝန်းကျင်ကြီးအဖြစ် အေးမြလှသည်။ မြကျွန်းညို၊ ကံ့ကော်တော၊ သစ်ပုတ်ပင် အစရှိသည့် အပင်ကြီးများက ညို့နေ မှိုင်းနေအောင် စိမ်းမြသည်။

ဒူးရင်း သြဇာ မာလကာ သရက် အစရှိသည့် စားပင်သီးပင်ကြီးများကပင် အရေအတွက် မနည်းလှ။ ကျောင်းဝင်းထဲသို့ ဝင်လိုက်သည်နှင့် သစ်တောအုပ်တစ်ခုတွင်းသို့ ရောက်သွားဘိသကဲ့သို့ ကျေးငှက်သာရကာ စုံလင်စွာ၊ ပန်းမျိုးစုံတို့ကလည်း အရောင်စုံစွာ၊ ရနံ့သင်းစွာ ကြိုဆိုနေခြိမ့်မည်။

နိုင်ငံတစ်ဝန်းလုံး သစ်တောသစ်ပင်တို့ကို ရေတိုစီးပွားရေးအမြင်ဖြင့် ခုတ်ထွင်ရှင်းလင်းခဲ့၍ နိုင်ငံတွင်း ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ပိုမိုခံစားနေရသည့် အချိန်တွင် ရန်ကုန်တက္ကသိုလ်တွင်းက သစ်ပင်သစ်တောတို့က ပညာရှင်အသိုင်းအဝိုင်း၏ စံနမူနာပြအဖြစ် ယနေ့ထက်တိုင် ကြီးမြင့်ခံ့ထည်နေလေသည်။

ကျောင်းဝင်းအတွင်းမှာ မရေမတွက်နိုင်အောင် ပေါများထူထပ်လှသည့် သစ်ပင်ကြီး သစ်ပင်ငယ်များကို စာရင်းပြုစု မှတ်တမ်းတင်နိုင်လျှင်ပင် ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့်အတွက် အမှတ်တရ စာတမ်းငယ်တစ်စောင် ထွက်လာနိုင်မည်ဟု ထင်မိသည်။

ခေတ်အဆက်ဆက် စာပေ၊ ဂီတ၊ သီချင်း၊ ပန်းချီ၊ အနုပညာအမျိုးမျိုးတို့ဖြင့် ပုံဖော်ဖွဲ့နွဲ့ခဲ့သော ရန်ကုန်တက္ကသိုလ်ဝင်းတွင်းက သစ်ပင်ကြီးငယ်တို့မှာ လွမ်းလောက်စရာ၊ နူးညံ့နှစ်သက်စရာများသာဖြစ်သည် မဟုတ်ပါလော။ မြကျွန်းညိုညို၊ သဘော်မယ်ဇလီ၊ ကံ့ကော်တော၊ သစ်ပုတ်ပင်၊ ကျောင်းဖွင့်ချိန်ဆိုလျှင် မြေပေါ်ကြဲပြန့်နေသော စိန်ပန်းပွင့်များ၊ အုံ့ဆိုင်းနေသည့် တောင်ပိန္နဲပင်ကြီးများ၊ ရေတမာပင်များ စသည်...။

ရန်ကုန်တက္ကသိုလ်စတင်ထူထောင်ပြီး ခုနစ်နှစ်အကြာ ၁၉၂၇ တွင် ကျောင်းသို့ရောက်ကာ ပညာဆည်းပူးခဲ့သော စာရေးဆရာ သတင်းစာဆရာကြီး ဇဝနက သူနေထိုင်ခဲ့ရသော ရန်ကုန်တက္ကသိုလ်ကို နောက်ခံထားကာ ကောလိပ်ကျောင်းသား ဝတ္ထုကြီးကို ၁၉၃၅ တွင် ရေးခဲ့ရာ 'သစ်ပင်ကြီး သစ်ပင်ငယ်များအပေါ်တွင် တင်လျက်ရှိသော မြူနှင်းများသည် နေရောင်ခြည် ပေါ်ထွက်၍လာသည့်အခါတွင် စွတ်စိုထိုင်းမှိုင်းစွာ လိမ်းကျံနေသော ဘဝမှ အရည်ပျော်ကျ၍ လာလေရာ၊ ညီညာစွာ စိုက်ပျိုးမွေးမြူထားသော မြက်ပင်ကလေးများသည် မြူရည် မြူနှင်းများဖြင့် စွတ်စိုကာ သာယာစိမ်းလန်း ရှုမခန်း ရှိပေ၏' ဟူ၍ တက္ကသိုလ်မြင်ကွင်းတစ်စိတ်တစ်ပိုင်းကို ပုံဖော်ဖွဲ့နွဲ့ခဲ့သည်ကို အမှတ်ရသည်။ သစ်ပင်ကြီးငယ်တို့၏ သက်တမ်းက တက္ကသိုလ်၏ သက်တမ်းထက်ပင် ကြီးလိမ့်ဦးမည်။

ရန်ကုန် တက္ကသိုလ် နှစ်တစ်ရာပြည့်တွင် ဂုဏ်ယူစရာ၊ အမှတ်ရ လွမ်းဆွတ်စရာ လူများ၊ အဆောက်အအုံများ၊ စနစ်များ၊ သမိုင်းများ၊ အနုပညာများတို့နှင့်အတူ မြတ်နိုးတန်ဖိုးထားကြရန် ဖြစ်ကြသော သစ်ပင်ကြီးငယ်တို့၏ စိမ်းလန်းဝန်းကျင်နှင့် အာဝါသတို့ကိုပါ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း မမေ့မလျော့ကြပါစေကြောင်း နှိုးဆော်လိုက်ရပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဟင်္သာတမြို့တွင် Galaxy Cinemas ရုပ်ရှင်ရုံသစ်ဖွင့်လှစ်

ဟင်္သာတ ဇွန် ၇

**ဟင်္သာတမြို့တွင် The Galaxy Cinemas (Hinthada) ရုပ်ရှင်ရုံသစ်ကို ဇွန် ၅ ရက် မွန်းလွဲ ၃ နာရီက ရုပ်ရှင် ဇာတ်ကားများ အခမဲ့ပြသပြီး ဖွင့်လှစ်ခဲ့သည်။**




**ဟင်္သာတမြို့ The Galaxy Cinemas (Hinthada) ရုပ်ရှင်ရုံသစ်ကို တွေ့ရစဉ်။**

ယင်းရုပ်ရှင်ရုံတွင် ပြည်သူများ အပန်းဖြေကြည့်ရှုရာတွင် နှစ်သက်သည့်ဇာတ်ကားများကို ရွေးချယ်ကြည့်ရှုနိုင်ရန်နှင့် စောင့်ဆိုင်းကြည့်ရှုရမည့်အချိန် လျော့ကျစေရန်အတွက် ရုံခွဲနှစ်ခုဖြင့် ပြသမည်ဖြစ်သည်။

ရုံခွဲနှစ်ခုလုံးမှာ DCI Standard တွင် ပါဝင်သော Bargo အမျိုးအစား DP 2K-10S Projector များကို Archemy Server များနှင့် တွဲဖက်တပ်ဆင်ထားကြောင်း၊ အသံစနစ်များအတွက် Dolby 5. 16/7.1 အသံထွက်သည့် Dolby Sound Processor အမျိုးအစား CP-750 ထိန်းချုပ်သော အသံစနစ် တပ်ဆင်ထားကြောင်း၊ အဆင့်မြင့် ဒီဂျစ်တယ်စနစ်ဖြင့် ပြသမည်ဖြစ်ပြီး ရုပ်ရှင်ကြည့်ပရိသတ်များ သက်သောင့်သက်သာ စိတ်ချမ်းသာစွာ ကြည့်ရှုနိုင်ရန်အတွက် နေ့ညလုံခြုံရေးဝန်ထမ်းများ၊ မီးသတ်ဆေးဘူး၊ အရေးပေါ်အချက်ပေးမီး၊ CCTV လုံခြုံရေးစနစ်ထားရှိမှုနှင့် ရုံအတွင်း အဆင့်မြင့် လေအေးပေးစက်များကို တပ်ဆင်ထားကြောင်း The Galaxy Cinemas ရုံးချုပ်မန်နေဂျာ ဦးအောင်ကျော်ခိုင်က ပြောကြားသည်။

ရုပ်ရှင်ဇာတ်ကားများကို ရုံ(၁)တွင် ပြသချိန်လေးချိန်၊ ရုံ(၂)တွင် ပြသချိန်လေးချိန် နေ့စဉ် ပြသသွားမည်ဖြစ်ကြောင်း၊ အားပေးကြည့်ရှုရမည့် နှုန်းထားကို မြို့ကြီးများ၏ ဈေးနှုန်းအောက်ကို လျှော့ထားကြောင်း၊ နယ်ပရိသတ်များ၊ ဝန်ထမ်းများအားလုံး ကြည့်ရှုနိုင်ရန် ရုံဝင်ကြေးကို ကျပ် ၁၀၀၀ မှ ကျပ် ၆၀၀၀ အထိ သတ်မှတ်ပေးထားကြောင်း သိရသည်။

ဟင်္သာတမြို့တွင် အများပြည်သူ အပန်းဖြေကြည့်ရှုနိုင်ရန် ရုပ်ရှင်ရုံ သုံးရုံ ရှိလာပြီဖြစ်ကြောင်း၊ The Galaxy Cinemas အနေဖြင့် ခြောက်ရုံမြောက် ဖွင့်လှစ်နိုင်ခြင်းဖြစ်ပြီး ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဆက်လက်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် ရုပ်ရှင်ရုံ ၁၃၇ ရုံနှင့် ပိတ်ကားပေါင်း ၁၅၇ ကားအထိ တိုးတက်ဖွင့်လှစ်လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(မြန်/ဆက်)**

# အော်ဂဲနစ်ဈေးတန်းကို အပတ်စဉ် သောကြာနေ့တိုင်း ဖွင့်လှစ်ရောင်းချမည်

**ရန်ကုန် ဇွန် ၇**

Consumer Green Market အမည်ဖြင့် အော်ဂဲနစ်ဈေးတန်းကို အပတ်စဉ် သောကြာနေ့တိုင်း ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းအတွင်း ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။



**အော်ဂဲနစ်ဟင်းသီးဟင်းရွက်များ ရောင်းဝယ်နေကြစဉ်။**

မြန်မာနိုင်ငံ အော်ဂဲနစ်အဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး စတင်ဖွင့်လှစ်သည့် ပထမရက်တွင် ဆိုင်ခန်းပေါင်း ၁၆ ခန်း လာရောက်ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။ အော်ဂဲနစ်စိုက်ခင်းများနှင့် ဓာတုလွတ်ဟင်းသီးဟင်းရွက်များ အဓိက စိုက်ပျိုးလျက်ရှိသည့် နေရာဒေသများမှ စိုက်ပျိုးထုတ်လုပ်သူများ ကိုယ်တိုင်လာရောက် ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

ပြည်သူများ အော်ဂဲနစ်သီးနှံနှင့် ဟင်းသီးဟင်းရွက်များ ရွေးချယ်စားသုံးလာမှုနှင့်ပတ်သက်၍ စားသုံးသူကာကွယ်ရေးအသင်း အတွင်းရေးမှူး ဒေါ်စိုးကလျာထိုက်က "ကျွန်မတို့အသင်းအနေနဲ့ ကင်ဆာမဖြစ်အောင် အသိပညာမျှဝေတာတွေ လုပ်နေတာ ခြောက်နှစ်ရှိပါပြီ။ လူအတော်များများက ဒါကို ရွေးချယ်စားသုံးလာတယ်။ သူတို့က စားဖို့အတွက် အစားထိုးလေးတွေကို တောင်းဆိုတယ်။ အဲဒီလို တောင်းဆိုတော့ ကျွန်မတို့က အော်ဂဲနစ်ဟင်းသီးဟင်းရွက်တွေ၊ ဓာတုလွတ်ဟင်းသီးဟင်းရွက်တွေကို အစားထိုးပေးတယ်။ အချိုမှုန့်ကို အစားထိုးပေးတယ်"ဟု ပြောကြားသည်။

အဆိုပါဈေးတန်းကို အပတ်စဉ် သောကြာနေ့တိုင်း နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး အော်ဂဲနစ်ဟင်းသီးဟင်းရွက်၊ အော်ဂဲနစ်အသီးအနှံများ၊ ဓာတုလွတ်အသီးအနှံများ၊ အော်ဂဲနစ်မှို၊ အော်ဂဲနစ်ကော်ဖီ၊ အချိုမှုန့် ဆိုးဆေး စားအုန်းဆီများ မပါဝင်သောမြန်မာမုန့်များ၊ သဘာဝခေါင်းလျှော်ရည်၊ ခြင်ပြေး စပရေးများ၊ အော်ဂဲနစ်ဆေးဝါးများဖြစ်သည့် အဆုတ်ဆေး၊ နှလုံးဆေးများကို အဓိကထား ရောင်းချလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# နန်းယွန်းမြို့နယ် ပန်ဆောင်ဒေသတွင် အာဟာရချို့တဲ့ ရောဂါလက္ခဏာများတွေ့ရှိ ကုသမှုနှင့် ပညာပေးဟောပြောမှုများ ဆောင်ရွက်

**နန်းယွန်း ဇွန် ၇**

နန်းယွန်းမြို့နယ် ပန်ဆောင်ဒေသရှိ ကျေးရွာ ၂၃ ရွာတွင် ယခုနှစ် ဇန်နဝါရီလအတွင်း အာဟာရချို့တဲ့မှုရောဂါ ဖြစ်ပွားမှုများ တွေ့ရှိသဖြင့် ကုသမှုနှင့် ပညာပေးဟောပြောမှုများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာလူထုကျန်းမာရေးမြှင့်တင်မှု (Medical Action Myanmar - MAM) မှ ဝန်ထမ်းများသည် မြန်မာနိုင်ငံ၏ ဝေးလံခေါင်ဖျားဒေသများ၌ ဘက်စုံစေတနာ့ဝန်ထမ်း (ငှက်ဖျား)လုပ်သား (ICMV) စီမံချက်၊ လူထုအခြေပြု တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် အရေးပေါ်လူနာညွှန်းပို့ ထောက်ပံ့ခြင်း စီမံချက်များကို ယခုနှစ် ဇွန်လအတွင်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာ ပန်ဆောင်ဒေသရှိ ကျေးရွာ ၂၃ ရွာတွင် ခြေခွင်ပြီး ကောင်းစွာ လမ်းမလျှောက်နိုင်သော လူနာ ၁၃၇ ဦး တွေ့ရှိသဖြင့် နန်းယွန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ဗီတာမင်ဒီနှင့် ကယ်လ်စီယမ်ဓာတ်တို့ကို တိုက်ကျွေးကုသလျက်ရှိပြီး ဒေသခံကျေးရွာသူ၊ ကျေးရွာသားများအား ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါ အဖွဲ့သည် ယခုနှစ် ဇန်နဝါရီလတွင် နန်းယွန်းမြို့နယ် ပန်ဆောင်ဒေသရှိ ကျေးရွာ ကိုးရွာတွင် ဆောင်ရွက်ခဲ့ရာ ခြေထောက်ခွင်ပြီး ကောင်းစွာလမ်းမလျှောက်နိုင်သည့် ကလေး ၂၉ ဦး တွေ့ရှိသဖြင့် ရောဂါရှာဖွေမှု၊ ဓာတ်မှန်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ဗီတာမင်ဒီ ချို့တဲ့ခြင်း၊ ခြေထောက်အရိုးများ ကွေးညွှတ်နေခြင်း၊ ဒူးဆစ်၊ လက်ကောက်ဝတ်အရိုးဆက်နေရာများတွင် ရောဂါလက္ခဏာများ တွေ့ရှိခြင်းတို့ကြောင့် နန်းယွန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် လူနာများအား လိုအပ်သောဆေးဝါးများပေး၍ ကုသခဲ့ကြောင်း၊ ၎င်းအနက် ၁၃ နှစ်အရွယ် ကလေးတစ်ဦးမှာ ငယ်စဉ်က မကြာခဏ အရိုးကျိုးလေ့ရှိပြီး ယခု လမ်းမလျှောက်နိုင်သဖြင့် ရန်ကုန်မြို့ရှိ အရိုးအထူးကုဆရာဝန်ကြီးများ၏ လမ်းညွှန်ချက်ရယူပြီး လိုအပ်ပါက ခွဲစိတ်ကုသမှုခံယူနိုင်ရန်အတွက် MAM မှ ကုန်ကျစရိတ် ကူညီထောက်ပံ့ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချန်လော (ခန္တီး)**

## ရှမ်းစော်ဘွားကြီးများ၏ ရှားပါးဝတ်ရုံပြပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ အမျိုးသားပြတိုက် (ရန်ကုန်)မှ စီစဉ်ကျင်းပသော **"ရှမ်းစော်ဘွားကြီးများ၏ ရှားပါးဝတ်စုံပြပွဲ (Exhibition of the Rare Traditional Costumes of the Shan SawBwas)"**ကို ဇွန် ၉ ရက်မှ ၁၈ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အမျိုးသားပြတိုက်(ရန်ကုန်)၊ အမှတ် (၆၆/၇၄) ပြည်လမ်း၊ ဒဂုံမြို့နယ်တွင် ခင်းကျင်းပြသထားမည် ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မောင်လူမော်**

❇ ရှေ့ဖုံးမှ

ဖြစ်လာနေသည်ကို အားလုံးမြင်တွေ့သိရှိနေရပါကြောင်း။

**ဘေးအန္တရာယ်များ ပိုမိုရင်ဆိုင်ကြုံတွေ့နေရ**

မြန်မာနိုင်ငံအနေဖြင့် မုတ်သုံကာလ တိုတောင်းလာပြီး မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာခြင်း၊ အပူချိန်လွန်ကဲမှုများဖြစ်လာခြင်း၊ လေပြင်းတိုက်ခတ်မှုများ၊ မိုးသီးကြွေမှုများ၊ မိုးကြိုးပစ်မှုများ ပိုမိုများပြားလာခြင်း၊ ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်လာခြင်း စသည်ဖြင့် ဘေးအန္တရာယ်များ ပိုမိုရင်ဆိုင်ကြုံတွေ့နေရသည်ကို အားလုံး သိရှိကြပြီး ဖြစ်ပါကြောင်း။

သဘာဝဘေးစီမံခန့်ခွဲသူများအနေဖြင့် ဘေးအန္တရာယ်များ၏ ပြုပြင်ပြောင်းလဲလာသော သဘောသဘာဝများကို မျက်ခြည်မပြတ် လေ့လာသိရှိနေရန်၊ အစဉ်အမြဲ နိုးနိုးကြားကြား ရှိနေရန်၊ ရင်ဆိုင်တုံ့ပြန်နိုင်ရေး အဆင်သင့်ဖြစ်နေရန်၊ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်း အစီအမံများအပြင် ရေရှည်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ၂၀၁၉ ခုနှစ် မေလ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ဆဋ္ဌမ အကြိမ်မြောက် ညီလာခံတွင်လည်း ကမ္ဘာ့နိုင်ငံပေါင်း ၁၈၂ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်း ၁၀၀ ကျော်မှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်များ၊ စီးပွားရေး အဖွဲ့အစည်းကြီးများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှလည်း ပါဝင်တက်ရောက်ခဲ့ပါကြောင်း၊ အဆိုပါ ညီလာခံတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝဘေးလျော့ပါးရေး ဆောင်ရွက်မှုအတွက် အရေးပါမှု တစ်ရပ်အဖြစ် ဆက်လက်လုပ်ဆောင်သွားရန် သဘောတူခဲ့ကြပါကြောင်း။

**လူထုပါဝင်မှု**

ထို့ပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေး လုပ်ငန်းများတွင် လူထုပါဝင်မှုကိုလည်း ထည့်သွင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများ၊ ရာသီဥတုကြောင့် ထိခိုက်မှုလျော့ပါးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်ရှိပူးပေါင်းဆောင်ရွက်နေသကဲ့သို့ နောင်တွင်လည်း ယခုကဲ့သို့ စနစ်တကျ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများတွင် အားလုံးပိုမိုပူးပေါင်းကာ ဆောင်ရွက်ချက်များ ခိုင်မာအားကောင်းလာသော်လည်း သဘာဝဘေးများ၏ သဘောသဘာဝများအရ အချိန်အခါမရွေး ရင်ဆိုင်ကြုံတွေ့နိုင်သည့်အတွက် ကြိုတင်ပြင်ဆင်မှုနှင့် ရင်ဆိုင်ကြုံတွေ့လာပါက အဆင်သင့်ဖြစ်စေရေးတို့ကို စဉ်ဆက်မပြတ် အားထုတ်ဆောင်ရွက်နေကြရန် လိုအပ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်အားထုတ်မှုကောင်းခြင်း၏ သာဓကအနေဖြင့် အိန္ဒိယနိုင်ငံ သြရိဿပြည်နယ် ပူရီမြို့ကို ၂၀၁၉ ခုနှစ် မေ ၂ ရက်တွင် ဝင်ရောက်ခဲ့သော အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဖန်နီကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၇ ဘီလီယံခန့်ရှိပြီး အဆိုပါပျက်စီးဆုံးရှုံးမှုများအတွက် မူလအနေအထားအတိုင်း ပြန်လည်ပြုပြင်ထူထောင်နိုင်ရန် ၁၀ နှစ်ခန့် အချိန်ယူရမည်ဖြစ်ပါကြောင်း။

**ကြိုတင်ပြင်ဆင်မှုအပိုင်း အားကောင်း**

ထိုကဲ့သို့သော ပြင်းထန်ကြီးမားသည့် မုန်တိုင်းဖြစ်သော်လည်း ယင်းပြည်နယ်တွင် သေဆုံးသူဦးရေသည် ၆၄ ဦးသာ ရှိသည့်အတွက် အိန္ဒိယနိုင်ငံ၏ သဘာဝဘေးတုံ့ပြန်နိုင်ရန် ကြိုတင်ပြင်ဆင်မှုအပိုင်း အားကောင်းခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

အနီးစပ်ဆုံး ရင်ဆိုင်ဖြေရှင်းကြရမည့် မိုးတွင်းကာလ သဘာဝဘေးအန္တရာယ်များကို ကြည့်မည်ဆိုပါက မုန်တိုင်းဘေး၊ ရေကြီးရေလျှံမှုများ၊ လျှပ်တစ်ပြက်ရေဘေး၊ မိုးကြိုးပစ်ခြင်း၊ မြစ်ကမ်းပါးပြိုမှုများ၊ မြေပြိုမှုများပင်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ ဘေးဒဏ်ကြောင့် ထိခိုက်မှုမှလျော့နည်းသက်သာစေရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရမည့် တာဝန်ရှိပါကြောင်း၊ နှစ်စဉ်ရင်ဆိုင်ဖြေရှင်းခဲ့ရသည့် အတွေ့အကြုံများလည်း ရှိပြီးဖြစ်သဖြင့် သက်ဆိုင်ရာဌာနအလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအလိုက် ယခင် အတွေ့အကြုံများအပေါ် အခြေခံပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း။

## ❖ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများသည် ပြည်သူလူထုမှအစ အားလုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့်အတွက် ပြည်သူများ နားလည်သဘောပေါက်ပြီး ပူးပေါင်းပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ကြရမည်

## ❖ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသေးသော ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ရင်ဆိုင်တုံ့ပြန်နိုင်ရေး အမြဲအဆင်သင့်ဖြစ်နေရန် လိုအပ်

မိုးလေဝသနှင့် ရာသီဥတုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာ ဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဒေသအလိုက် သက်ဆိုင်ရာအစိုးရဌာနများက ဆောင်ရွက်သကဲ့သို့ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အင်အားကိုလည်း ရယူပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုတင်ချိတ်ဆက်စီမံထားရှိရမည် ဖြစ်ပါကြောင်း။

**အားလုံးပူးပေါင်းအကောင်အထည်ဖော်**

သဘာဝဘေး လျော့ပါးရေးလုပ်ငန်းများသည် ပြည်သူလူထုမှအစ အားလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့်အတွက် ပြည်သူများ နားလည်သဘောပေါက်ပြီး ပူးပေါင်းပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့တွင် ယခင်အတွေ့အကြုံများစွာ ရှိပြီးဖြစ်သည့်အတွက် အားနည်းချက်များ၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး မိမိတို့ဆောင်ရွက်ချက်များသည် ပြည်သူ့လိုအပ်ချက်နှင့် အနီးစပ်ဆုံး ကိုက်ညီမှုရှိစေရေးကို အလေးထားကာ အားလုံးပူးပေါင်း အကောင်အထည်ဖော်ဆောင်ကြရမည် ဖြစ်ပါကြောင်း။

လာမည့် မိုးရာသီကာလတွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ဆောင်ရွက်သကဲ့သို့ ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသေးသော ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ရင်ဆိုင်တုံ့ပြန်နိုင်ရေး အမြဲအဆင်သင့်ဖြစ်နေရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မိမိတို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နေသည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့မှ အကြံပြုတင်ပြထားရှိသည့် အကြံပြုချက်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ဆောင်ရွက်နိုင်မှု အခြေအနေအလိုက် တင်ပြအကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အကြံပြုချက်များကို ကြည့်မည်ဆိုပါက ရာသီဥတုပြောင်းလဲမှုနှင့် ရေရှားပါးမှုဖြစ်စဉ်နှင့် ပတ်သက်သည့် အကြံပြုချက်များ၊ ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုနှင့် ပတ်သက်သော အကြံပြုချက်များ၊ မုန်တိုင်းဘေး၊ မိုးကြိုးဘေး၊ မီးဘေး၊ လေပြင်းဘေးအန္တရာယ်များနှင့်ပတ်သက်သော အကြံပြုချက်များကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

အဆိုပါအကြံပြုချက်များအရ ရေတို၊ ရေရှည် ဆောင်ရွက်နိုင်မှုအခြေအနေများအပေါ် ဆောင်ရွက်ပေးကြရန်နှင့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို တာဝန်ခွဲဝေဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ(၁၂)ခုကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်၍ လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်ကြရန်နှင့် အကြံပေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၁၂)ခုတို့လည်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ကြိုတင်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

မိမိအနေဖြင့် ယခုမိုးတွင်းကာလတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး မိမိတို့ဒေသအတွင်း ဖြစ်ပွားလာနိုင်သည့် ဘေးအန္တရာယ်များအတွက် ရင်ဆိုင်တုံ့ပြန်နိုင်ရန်လိုအပ်သည့် အစီအမံများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့များအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်၊ ပြည်သူလူထုထံ လျင်မြန်ထိရောက်သည့် ကြိုတင်သတိပေးချက်များ ရောက်ရှိစေရန် ကြိုတင်စီမံဆောင်ရွက်ကြရန်၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် လူအင်အား၊ ပစ္စည်းအင်အား ကြိုတင်စုဖွဲ့ဆောင်ရွက်ထားကြရန်၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် မြေပြင်တွင်ဆောင်ရွက်သူများ၊ ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်သူများ အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရေး ကြိုတင်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများ၊ ပို့ဆောင်ရေးယာဉ်နှင့် ပို့ဆောင်ရေးလမ်းကြောင်းများ ကြိုတင်စီမံထားရှိကြရန်၊ လုပ်ငန်းကော်မတီအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိပြီး သဘာဝဘေးကျရောက်ချိန်နှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ချိန်တွင် အချိတ်အဆက်မိမိ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့အတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် သော်လည်းကောင်း၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် သော်လည်းကောင်း၊ အလှူငွေများဖြင့်လည်းကောင်း ဆောင်ရွက်နေသည့် မုန်တိုင်းဒဏ်ခံ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေတွင်း ရေကန် တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ စသည့် သဘာဝဘေး ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများကို အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ လုပ်ငန်းဆောင်ရွက်ထားရှိမှု အဆင့်ဆင့်ကို ပုံမှန်တင်ပြပေးရန် ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့မှု၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်သေဆုံး၊ ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးနစ်နာခဲ့မှု၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခဲ့မှု၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက် ၁၉ ချက်ကို ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီတို့မှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေစာရင်းရှင်းတမ်းတို့ကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်တို့က သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ(၁/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြီးစီးမှု၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့မှု၊ သဘာဝဘေးဒဏ်သင့် ဒေသများတွင် ရှာဖွေကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ကူညီထောက်ပံ့ပေးခဲ့မှု အခြေအနေများနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က ဒေသအလိုက် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများ၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ ကူညီထောက်ပံ့ပေးခဲ့မှုများ၊ အခက်အခဲများ၊ လိုအပ်ချက်များ၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**သဘာဝဘေးအန္တရာယ်များ လျော့ပါးရေး**

ဆက်လက်၍ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် အတွင်းရေးမှူး ဦးချစ်ကျော်တို့က သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက အရေးပေါ်တုံ့ပြန်ရေး၊ ပြည်သူလူထုထံ လျင်မြန်ထိရောက်သည့် ကြိုတင်သတိပေးချက်များ ရောက်ရှိစေရေး၊ သဘာဝဘေး အန္တရာယ်များ လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးနှင့် စပ်လျဉ်းသည့် အကြံပြုချက်များနှင့် ၂၀၁၉ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသခန့်မှန်းချက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကြုံတွေ့ရနိုင်သည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၇**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Tone Tinnes နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အကြံပြုဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊ အမျိုးသမီးများ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်လာနိုင်စေရေး၊ ရွှေ့ပြောင်းလုပ်သားများနှင့် စစ်ဘေးရှောင်စခန်းများရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးနိုင်ရေး စီစဉ်ထားရှိမှု၊ လူမှုကွန်ရက်ပေါ်တွင် အမုန်းစကားများ၊ သတင်းအမှားများ ဖြန့်ဝေခြင်းတို့ တားဆီးရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အကြံပြုဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး Ms. Tone Tinnes အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## ကချင်ပြည်နယ် ပြည်သူ့ပါတီ [Kachin State People's Party (KSPP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၈၅ / ၂၀၁၉ )**
**၁၃၈၁ခုနှစ်၊ နယုန်လဆန်း ၅ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက် )**

**ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အမှတ်(၃၈၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]** ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၅) ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၈၆ / ၂၀၁၉ )**
**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက် )**

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) [UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)]** ကို မှတ်ပုံတင်အမှတ် (၄၀)ဖြင့် ၂-၈-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ်(၈၃/၂၀၁၀)ဖြင့် လည်းကောင်း၊ **ကချင်ပြည်နယ်ဒီမိုကရေစီပါတီ**ကို မှတ်ပုံတင်အမှတ် (၆၇)ဖြင့် ၁၀-၁၂-၂၀၁၃ ရက်စွဲပါ ကြေညာချက်အမှတ် (၃၆/၂၀၁၃) ဖြင့် လည်းကောင်း၊ **ကချင်ဒီမိုကရက်တစ်ပါတီ**ကို မှတ်ပုံတင်အမှတ် (၇၂) ဖြင့် ၁၃-၁-၂၀၁၄ရက်စွဲပါ ကြေညာချက်အမှတ် (၃/၂၀၁၄)ဖြင့် လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) [UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)]**၊ **ကချင်ပြည်နယ်ဒီမိုကရေစီပါတီ**နှင့် **ကချင်ဒီမိုကရက်တစ်ပါတီ**တို့ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ်ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် **ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]** အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလို စိစစ်ပြီး **ကချင်ပြည်နယ် ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]**ကိုမှတ်ပုံတင်အမှတ် (၁၁၅)ဖြင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်စွဲပါ ကြေညာချက်အမှတ်(၈၅/၂၀၁၉)ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၂၅ အရ **စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) [UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)]**၊ **ကချင်ပြည်နယ်ဒီမိုကရေစီပါတီ**နှင့် **ကချင်ဒီမိုကရက်တစ် ပါတီ** တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းရမည်ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သော ပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]** ပိုင် ပစ္စည်းများအဖြစ် စာရင်းပြောင်း လက်ခံရယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) [UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)]**၊ **ကချင်ပြည်နယ်ဒီမိုကရေစီပါတီ**နှင့် **ကချင်ဒီမိုကရက်တစ်ပါတီ**တို့ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းအား ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၇**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာအင်စတီကျု (Panna Institute) တို့ ပူးပေါင်းပြီး ဂျာမန်ဖောင်ဒေးရှင်းဖြစ်သည့် Konrad Adenauer Stifung (KAS Myanmar) ၏ ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်သည့် သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။




ဒုတိယဝန်ကြီး ဦးအောင်လှထွန်း သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ဆက်လက်ကြိုးစားလေ့လာကြစေလို**

သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက သင်တန်းမှ ရရှိခဲ့သည့် ပညာဗဟုသုတများကို သင်တန်းတက်ရောက်ခွင့်မရသည့် သူများကို ပြန်လည် မျှဝေစေလိုပါကြောင်း၊ တိုင်းပြည်အတွက် ကောင်းကျိုးဖြစ်စေရန် အသုံးချစေလိုပါကြောင်း၊ အရေးကြီးသည့်အချက်မှာ သိရှိသည့် ပညာ၊ ဗဟုသုတများနှင့် ကျေနပ်ပြီး လေ့လာမှုကို ရပ်တန့်မနေဘဲ ဆက်လက်ကြိုးစားလေ့လာကြစေလိုပါကြောင်း၊ နောက်ပိုင်းတွင်လည်း အလားတူသင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် မိမိတတ်မြောက်ထားသည့် ပညာဖြင့် တိုင်းပြည်ကို ကောင်းမွန်အောင် တည်ဆောက် နိုင်ကြပါစေကြောင်း ပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် Panna Institute မှ ဆရာဦးဌေးဝင်းနိုင်နှင့် သင်တန်းသား၊ သင်တန်းသူများကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒေါ်မြတ်သီရိအေးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် Panna Institute မှ ဆရာဦးဌေးဝင်းနိုင်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးအာကာကျော်က လက်ခံရယူသည်။

**သင်ကြားပို့ချ**

သင်တန်းတွင် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် နိုင်ငံရေးအရ လွှမ်းမိုးမှုများ၊ ပြည်သူ့ရေးရာမူဝါဒ ဖော်ဆောင်ပုံ၊ လည်ပတ်ပုံနှင့် စွမ်းဆောင်မှု ညွှန်းကိန်းများ၊ သုတေသနနည်းနာနိဿယ ခေါင်းစဉ်အောက်တွင် သုတေသနပုံစံများ၊ မေးခွန်းတည်ဆောက်ပုံများ၊ အချက်အလက်စုဆောင်းပုံနှင့် သုံးသပ်အဖြေရှာပုံများ၊ ပြည်သူ့ဆက်ဆံရေးနှင့် ဆက်သွယ်မှုပုံစံအမျိုးမျိုး၊ ဌာနတွင်း/ပြင် ဆက်ဆံရေးနည်းလမ်းများ၊ လူထုထင်မြင်ယူဆချက် အမျိုးမျိုးနှင့် သုံးသပ်ပုံ၊ မူဝါဒရေးဆွဲရာတွင် လူထုထင်မြင်ယူဆချက်ကို ထည့်သွင်းစဉ်းစားပုံများ၊ အင်တာနက်မှတစ်ဆင့် ဒေတာလွှမ်းမိုးသည့်ခေတ်တွင် သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း၊ အစိုးရစီမံကိန်းများအတွက် သတင်းအချက်အလက် စီမံခန့်ခွဲခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးစီမံခန့်ခွဲမှု၊ အနာဂတ် အစိုးရနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှု စသည့်အကြောင်းအရာများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ဇွန် ၃ ရက်မှ ၇ ရက်အထိ ငါးရက်တာ ကျင်းပခဲ့ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ



အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၇**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာကော်မတီဆောင် I- 20 ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ယခုအစည်းအဝေးသည် နေပြည်တော်တွင် ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ၏ တတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်သို့ ထပ်မံနယ်မြေကွင်းဆင်းလေ့လာသွားရန် ရှိပါကြောင်း။

**သုံးသပ်ဆွေးနွေးကြရမည်**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီအနေဖြင့် ရခိုင်ပြည်နယ်သို့ ဒုတိယအကြိမ် သွားရောက်ခဲ့ပြီးနောက်ပိုင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပျက်နေသည့် လက်နက်ကိုင်ပဋိပက္ခအခြေအနေများကို သုံးသပ်ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ရခိုင်ပြည်နယ်သို့ ထပ်မံသွားရောက်မည့် ခရီးစဉ်နှင့် ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခနှင့် အခြေအနေအရပ်ရပ်ကို ဆွေးနွေးတင်ပြကြစေလိုပါကြောင်း။

ယခုတစ်ကြိမ် ရခိုင်ပြည်နယ်သို့ သွားရောက်သည့်အခါ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခအခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အတွေ့အကြုံရှိသူများ၊ ပါဝင်ပတ်သက်သူများနှင့် ဒေသခံများ၏ အကြံပြုသုံးသပ်ချက်များ၊ ဖြစ်စဉ်အကြောင်းအရာများကို ရယူသွားမည်ဖြစ်ပါကြောင်း၊ ယင်းအကြံပြုချက်၊ သုံးသပ်ချက်၊ ဖြစ်စဉ်အကြောင်းအရာများကို မှတ်တမ်းရယူ၍ အစီရင်ခံစာရေးသားရာတွင် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရသို့ တင်သွင်းသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အပြီးသတ်အစီရင်ခံစာ ရေးသားတင်ပြနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ဒုက္ခသည်များ၏ စားသောက်နေထိုင်ရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များကိုလည်း ကူညီဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေးတင်ပြ**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ အတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ရခိုင်ပြည်နယ် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းနှင့် ဦးဦးသန်းနိုင်၊ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူ၊ ဒေါက်တာညီလှငယ်တို့က ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားနေသည့် ပဋိပက္ခများ၊ တိုက်ခိုက်မှုများ၊ လက်ရှိ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်နှင့် ထပ်မံကွင်းဆင်းလေ့လာဆောင်ရွက်သွားမည့်အခြေအနေ၊ နှစ်ဖက်အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေး၊ ဒေသခံများ၊ တွေ့ဆုံသင့်တွေ့ဆုံထိုက်သူများနှင့်တွေ့ဆုံ၍ ၎င်းတို့၏ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူဆောင်ရွက်သွားရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ လျော့နည်းသွားရေးအတွက် ဆောင်ရွက်သွားရမည့်ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှုလျော့နည်းပပျောက်ရေးအတွက် အထူးအရေးပါ

**နေပြည်တော် ဇွန် ၇**

ကျေးရွာထင်းစိုက်ခင်း ဥပဒေ/နည်းဥပဒေအပေါ် ခွဲခြမ်းစိတ်ဖြာမှုရလဒ်များအား အကြံပြုဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ တံဂပူရီဟိုတယ်၌ ကျင်းပသည်။

**သစ်တောများကို မဖြစ်မနေမှီခိုနေ**

အလုပ်ရုံဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးပါသကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှုလျော့နည်းပပျောက်ရေးအတွက်လည်း အထူးအရေးပါကြောင်း၊ နိုင်ငံတော် စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသနေပြည်သူများဖြစ်ပြီး လူမှုစီးပွားရေးအတွက် သစ်တောများကို မှီခိုနေကြရကြောင်း၊ နိုင်ငံတော်တွင် အိမ်ထောင်စုပေါင်း ၁၁ သန်းခန့်ရှိသည့်အနက် ၈၁ ရာခိုင်နှုန်းကျော်သည် လောင်စာအတွက် ထင်းနှင့်မီးသွေးကို အသုံးပြုနေပြီး နေအိမ်အဆောက်အဦအတွက်လည်း သစ်နှင့်ဝါးကို အသုံးပြုနေကြရသဖြင့် သစ်တောများကို မဖြစ်မနေမှီခိုနေသည်ကို တွေ့ရှိရကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ချဲ့ထွင်ခြင်း၊ မြို့ပြများ ဖွံ့ဖြိုးတိုးချဲ့လာခြင်း၊ ထင်းလောင်စာလိုအပ်ချက် မြင့်မားလာခြင်း၊ သစ်အလွန်အကျွံထုတ်ခြင်း၊ တရားမဝင်သစ်ထုတ်ခြင်း စသည့်အချက်များကြောင့် သစ်တောသယံဇာတများ လျော့နည်းကျဆင်းလျက်ရှိပါကြောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ သစ်တောသယံဇာတ ဆန်းစစ်ချက်အစီရင်ခံစာ (FRA - 2015) အရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိပြီး ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အကြား နှစ်စဉ်သစ်တောပြုန်းတီးမှုနှုန်းသည် ၁ ဒသမ ၇၂ ရာခိုင်နှုန်းအထိ ရှိခဲ့ပါကြောင်း။

**ကျေးရွာထင်းစိုက်ခင်းများလိုအပ်**

ပြည်သူလူထုအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသည့် ထင်း၊ လောင်စာနှင့် အခြေခံသစ်တောထွက်ပစ္စည်းများအတွက် ကျေးရွာထင်းစိုက်ခင်းများ လိုအပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခြင်းကို ၁၉၈၁-၈၂ ခုနှစ်မှ စတင်ခွင့်ပြုခဲ့ရာ စုစုပေါင်းဧက လေးသိန်းခြောက်သောင်းကျော် (၄၆၁၉၄၄) ဆောင်ရွက်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ကျေးရွာထင်းစိုက်ခင်းများသည် ကျေးရွာများအတွက် ထင်းလောင်စာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး ကျေးရွာအတွက် ရေရှည်အကျိုးဖြစ်ထွန်းမည့် စိုက်ခင်းများလည်းဖြစ်ကြောင်း။

အခြားတစ်ဖက်တွင်လည်း ဒေသခံပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်ဖြစ်သည့် ထင်းလောင်စာနှင့် သစ်တောထွက်ပစ္စည်းများလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများကို ၂၀၃၀ ပြည့်နှစ်တွင် ဧရိယာဧက ၂ ဒသမ ၂၇ သန်းအထိ တည်ထောင်ရန် ရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**များစွာအကျိုးရှိစေမည်**

၂၀၁၉ ခုနှစ် မေလပထမပတ်တွင် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Food Security Working Group-FSWG) နှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံ၍ ကျေးရွာထင်းစိုက်ခင်း ဥပဒေ၊ နည်းဥပဒေအပေါ် ခွဲခြမ်းစိတ်ဖြာမှုရလဒ်များအပေါ် ပေါင်းစပ်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြရာတွင် ပြဋ္ဌာန်းပြီး ကျေးရွာထင်းစိုက်ခင်း ဥပဒေ၊ နည်းဥပဒေများအပေါ် ဖြည့်စွက်ပြင်ဆင်ပယ်ဖျက်သင့်သည့် အကြောင်းအရာများကို ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ချပြဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာထင်းစိုက်ခင်းဥပဒေနှင့် နည်းဥပဒေတွင် ပါဝင်သည့် အခန်းအရေအတွက်နှင့် အခန်းခေါင်းစဉ်များ၊ အခန်းတစ်ခန်းချင်းအလိုက် ဘုံတူညီသော အကြောင်းအရာများကို ဖော်ထုတ်ဆွေးနွေးသွားမည်ဖြစ်သည့်အတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

အလုပ်ရုံဆွေးနွေးပွဲကို ပြည်သူလူထု၊ အစိုးရ၊ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုနှင့် ကျေးရွာထင်းစိုက်ခင်း ဥပဒေ/နည်းဥပဒေအပေါ် ခွဲခြမ်းစိတ်ဖြာမှုရလဒ်များအား အကျိုးဆက်စပ်ပတ်သက်သူများ သိရှိလာစေပြီး ခေတ်နှင့် လျော်ညီသည့် ကျေးရွာထင်းစိုက်ခင်း ဥပဒေ/နည်းဥပဒေရေးဆွဲနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များ ဖော်ထုတ်ခြင်းနှင့်အတူ ပြည်သူလူထုမှ ပိုမိုပူးပေါင်းပါဝင်လာစေရန် အခွင့်အလမ်းများ ထည့်သွင်းသွားနိုင်ရန် အပြုသဘောဆောင်သည့် အကြံပြုချက်များရရှိနိုင်ရန် လွတ်လပ်တက်ကြွစွာ ဆွေးနွေးအကြံပြုကြပါရန် တိုက်တွန်းပြောကြားသည်။

**ကဏ္ဍအလိုက်ဆွေးနွေး**

အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဝင်များ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်များ တက်ရောက်ကြပြီး ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကျေးရွာထင်းစိုက်ခင်း ဥပဒေ/နည်းဥပဒေအပေါ် ခွဲခြမ်းစိတ်ဖြာမှုရလဒ်များအား အကြံပြုဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇွန် ၇**

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့်ရှိမည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ လေးပေခန့်ရှိနိုင်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၈၄ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၁ ဒသမ ၈၄ လက်မ၊ ဟင်္သာတမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မကွေးမြို့နှင့် ကျောက်တော်မြို့တို့တွင် ၁ ဒသမ ၁၁ လက်မစီ၊ မင်းတပ်မြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၈၆ လက်မနှင့် ဇောင်းတူမြို့တွင် ၀ ဒသမ ၈၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ဂုဏ်ပြုလိုက်ရပါသည်

သက်ဦး (မော်ကွန်းတိုက်)

**၂၀၁၉ ခုနှစ် ဇွန်လ ၉ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (International Council on Archives, ICA) တည်ထောင်သည့် (၇၁) နှစ်ပြည့် အထိမ်းအမှတ်နေ့ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များ ကောင်စီသည် ကမ္ဘာတစ်ဝန်းလုံးရှိ အသင်းဝင်နိုင်ငံပေါင်း ၁၉၉ နိုင်ငံမှ မော်ကွန်းတိုက်အဖွဲ့အစည်းပေါင်း ၁၄၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများကို မော်ကွန်းထိန်းသိမ်းမှု နည်းပညာများ၊ လုပ်ငန်းစံနှုန်းများနှင့် အတွေ့အကြုံများ မျှဝေပေးလျက်ရှိသည့် အသင်းအဖွဲ့တစ်ခုဖြစ်ပါသည်။ ၎င်း ICA အသင်းကြီး စတင် တည်ထောင်ခဲ့သည့် ဇွန်လ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့အဖြစ်သတ်မှတ်ကာ အဖွဲ့ဝင်နိုင်ငံများရှိ မော်ကွန်းတိုက်များတွင် မော်ကွန်းတိုက်နေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို နှစ်စဉ် ဆောင်ရွက်ကြပါသည်။**

### အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ ဆောင်ပုဒ်

၂၀၁၉ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ ဆောင်ပုဒ်မှာ "Designing the archives in 21 century" (**၂၁ ရာစုနှစ်အတွင်း မော်ကွန်းတိုက်အား ပုံဖော်သတ်မှတ်ခြင်း**) ဖြစ်ပြီး မော်ကွန်းတိုက်များအနေဖြင့် ၂၁ ရာစုနှစ်အတွင်း မိမိတို့ ဆောင်ရွက်မည့်လုပ်ငန်းများအား မည်သည့်အထိ ရည်မှန်းချက်ထားရှိ၍ မည်သို့ဆောင်ရွက်သွားကြမည်ကို ပုံဖော်သတ်မှတ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ၂၁ ရာစုနှစ်အတွက် မော်ကွန်းတိုက်ပုံစံသတ်မှတ်ရာတွင် နိုင်ငံတော်နှင့် မိမိနိုင်ငံသားများ၊ မိမိတို့၏ လူမှုအသိုင်းအဝန်းနှင့် အဖွဲ့အစည်းများအား မှတ်တမ်းမော်ကွန်းများဖြင့် မည်သို့ ပိုမိုထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်မည်၊ မည်သည့်အခွင့်အလမ်းများ ပိုမိုဖန်တီးဆောင်ရွက်ပေးနိုင်မည်ကို အဓိကဦးတည် ဆောင်ရွက်သွားကြရမည်လည်း ဖြစ်ပါသည်။

မော်ကွန်းတိုက်များသည် ယခင် အတိတ်ကာလတစ်ခု၌ ၎င်းတို့အား တည်ထောင်သည့် အဖွဲ့အစည်းများ၏ အကျိုးအတွက်သာ ဖြစ်ခဲ့ပါသည်။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနသည်လည်း အစိုးရမှတ်တမ်းများကို သိမ်းဆည်းထားသည့် အစိုးရဌာနဖြစ် သည့်အားလျော်စွာ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့် အစိုးရဝန်ကြီးဌာနများကိုသာ အဓိကအထောက်အကူပြုပေးခဲ့ပြီး မော်ကွန်းတိုက်တည်ရှိမှုအား ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိမှု နည်းပါးခဲ့ပါသည်။

### သမိုင်းကြောင်း

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန၏ သမိုင်းကြောင်းကို ကြည့်လျှင် တော်လှန်ရေးကောင်စီ စနစ်သစ်အုပ်ချုပ်ရေးအရ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာနကို ၁၉၇၂ ခု မတ်လ ၁၅ ရက်နေ့၌ စတင်ဖွဲ့စည်းခဲ့ပြီး ယခင်အတွင်းဝန်ရုံးစာကြည့်တိုက်ရှိ စာအုပ်စာတမ်းများဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ဆက်လက်၍ ၁၉၇၄-၁၉၇၅ ခုနှစ်တွင် တော်လှန်ရေးကောင်စီစာတွဲများ၊ ၁၉၇၅-၁၉၇၆ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လွှဲပြောင်းပေးသည့် ၁၈၃၅ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဗြိတိသျှခေတ်ဟောင်း စာတွဲများကို လက်ခံရရှိခဲ့ပြီး ၁၉၇၆-၁၉၇၇ ခုနှစ်တွင် India Office Library မှ ပုံတူကူးယူခဲ့သည့် ဗြိတိသျှခေတ်တစ်ခေတ်လုံး၏ နှစ်ချုပ်အစီရင်ခံစာများ၊ ဌာနဆိုင်ရာ အစီရင်ခံစာများနှင့် လွှတ်တော်မှတ်တမ်းများပါဝင်သည့် မိုက်ကရိုဖလင်လိပ် ၁၂၃ လိပ်ကို စုဆောင်းနိုင်ခဲ့ပါသည်။ မှတ်တမ်းမော်ကွန်းများသည် သိမ်းဆည်းရုံသက်သက်ဖြင့် တန်ဖိုးမရှိဘဲ ပြန်လည်ရည်ညွှန်း ကိုးကားအသုံးပြုနိုင်မှသာ မော်ကွန်းတန်ဖိုး ပေါ်လွင်မည်ဖြစ်ပါသောကြောင့် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများ၊ ပြင်ပသုတေသီများနှင့် ကျောင်းသားများအား ၁၉၇၄ ခုနှစ်တွင် စတင်ဖတ်ရှုခွင့်ပြုခဲ့ပြီး ဌာနတွင် သိမ်းဆည်းထားသည့်မှတ်တမ်း၊ မော်ကွန်းများအနက်မှ ၁၉၄၈ ခုနှစ် အစောပိုင်းကာလ ဗြိတိသျှခေတ် ( လွတ်လပ်ရေးမရမီခေတ် ) မှတ်တမ်းများကို မှီငြမ်းကိုးကားခွင့်ပြုခဲ့ပါသည်။

### ရည်ညွှန်းစာဖတ်ခန်းဖွင့်လှစ်

စတင်ဆောင်ရွက်စဉ်က သုတေသီများအား သာမန်အခန်းငယ်တစ်ခုတွင်သာ ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး စာရင်းအကူအဖြစ် တိုက်ပိုင်စာရင်းစာအုပ်များကိုသာ အထောက်အကူပြုပေးနိုင်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်မှစတင်၍ နိုင်ငံတကာအဆင့်မီ ရည်ညွှန်းစာဖတ်ခန်းတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီး ကွန်ပျူတာ၊ မိုက်ကရိုဖလင် ဖတ်စက်၊ မိုက်ကရိုဖစ်ချ်ဖတ်စက် အစရှိသည့် စာဖတ်ခန်းသုံး ခေတ်မီစက်ပစ္စည်းများ၊ စာဖတ်ခန်းသုံး ပရိဘောဂများဖြင့် ဖြည့်ဆည်းကာ စာရှာအကူအဖြစ် တိုက်ပိုင်စာရင်းစာအုပ်သာမက စာကြည့်တိုက်သုံး Electronic Library Software Database စနစ်ဖြင့် ကွန်ပျူတာတွင် ရှာဖွေဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ယခင်က သုတေသီများ ဖတ်ရှုလိုသည့်စာများ ရှာဖွေရာတွင် တိုက်ပိုင်စာအုပ်ကိုသာ အားကိုးရှာဖွေခဲ့ရ၍ အချိန်ကြာမြင့်မှုရှိခဲ့ရာမှ Electronic Library Software စနစ်ဖြင့် ကွန်ပျူတာအသုံးပြု၍ အချိန်တိုအတွင်း လျင်မြန်စွာရှာဖွေနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် Library Software Database စနစ်အစား မော်ကွန်းတိုက်လုပ်ငန်းသုံး မော်ကွန်းစီမံခန့်ခွဲမှုစနစ်များနှင့် လိုက်လျောညီထွေရှိမည့် National Archives Information System Database စနစ်ကို ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။ မော်ကွန်းတိုက်အနေဖြင့် ထိုသို့ သုတေသီများ အဆင်ပြေစွာဖတ်ရှုနိုင်ရန် အလွယ်တကူဆောင်ရွက်ခဲ့ရသည်တော့ မဟုတ်ပါ။ မိမိတို့ ဆောင်ရွက်မည့် Database စနစ်သည် မော်ကွန်းစီမံခန့်ခွဲမှုစနစ်နှင့် လိုက်လျောညီထွေဖြစ်မည့် စာရှာ၊ စာသိမ်းပုံစံများ ဖြစ်စေရန် MCC ကုမ္ပဏီနှင့် ကြိမ်ဖန်များစွာ ညှိနှိုင်းဆွေးနွေးခြင်း၊ ရေးဆွဲပြီးသည့် စနစ်အပေါ်တွင် အားနည်းချက်များ ရှာဖွေပြင်ဆင်ခြင်း၊ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း၊ လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အမှားအယွင်းများကို ပြင်ဆင်ရေးဆွဲရခြင်း၊ မော်ကွန်းမှတ်တမ်းစာတွဲများ၏ တိုက်ပိုင်စာရင်းများကို Data Entry သွင်းခြင်း၊ စာတွဲများကို Digitization ဆောင်ရွက်၍ Data Upload ပြုလုပ်ခြင်းစသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အချိန်ယူဆောင်ရွက်ခဲ့ရပါသည်။ မော်ကွန်းတိုက်လုပ်ငန်းများ အဆင့်မြင့်မားစေရန်နှင့် သုတေသီဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်စေရန်အတွက် မော်ကွန်းတိုက်ဌာနအကြီးအကဲများ၏ အမြော်အမြင်နှင့် နိုင်ငံတော်အကြီးအကဲများ၏ မော်ကွန်းတိုက်ဖွံ့ဖြိုးတိုးတက်စေရန် အားပေးပျိုးထောင်မှုများကြောင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

### ဖတ်ရှုခွင့်ကာလ ဖြေလျှော့

သုတေသီများ မော်ကွန်းမှတ်တမ်းများကို ပိုမိုရည်ညွှန်းကိုးကားနိုင်ရန်အတွက် ၂၀၁၂ ခုနှစ်တွင် သုတေသီဖတ်ရှုခွင့်ကာလကို ၁၉၄၈ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ဖြေလျှော့ကာ ဖတ်ရှုခွင့်တိုးမြှင့်ပေးခဲ့သဖြင့် သုတေသီများ အနေဖြင့် ၁၉၆၃ ခုနှစ်အထိ တော်လှန်ရေးကောင်စီခေတ် မှတ်တမ်းများအထိ သုတေသနပြုလာနိုင်ပြီဖြစ်ပါသည်။ ဆက်လက်၍ ၁၉၇၄ ခုနှစ်အထိ မှတ်တမ်းများကို ဖြေလျှော့နိုင်ရန် အဆိုပါကာလအတွင်း အကျုံးဝင်သည့် စာတွဲများ စိစစ်အကဲဖြတ်သည့်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားမော်ကွန်းတိုက်အနေဖြင့် သုတေသီဝန်ဆောင်မှုလုပ်ငန်းများတွင်သာမက မှတ်တမ်းများအား စဉ်ဆက်မပြတ် ရယူစုဆောင်းနိုင်ရန်အတွက် မှတ်တမ်းရယူ စုဆောင်းခြင်းလုပ်ငန်းကိုလည်း တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ၁၉၉၀ ပြည့်နှစ်တွင် မော်ကွန်းအုပ်စု ၁၇ ခုသာရှိခဲ့ရာမှ ယခုအခါ မော်ကွန်းအုပ်စု ၂၉ ခုအထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ မော်ကွန်းထိန်းသိမ်းမှု နည်းပညာများတွင်လည်း စက္ကူမှတ်တမ်း၊ ဖလင်မှတ်တမ်းများမှသည် ဒစ်ဂျစ်တယ်မှတ်တမ်းပုံစံဖြင့် ပြောင်းလဲသိမ်းဆည်းခြင်းကို ခေတ်နှင့်အညီ ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ပါသည်။ ၎င်းအပြင် မော်ကွန်းမှတ်တမ်းတို့၏ သက်တမ်း (Life Span) ရှည်ကြာစေ၍ ပျက်စီးယိုယွင်းမှု အနည်းပါးဆုံးဖြစ်စေရန် ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်း (Preservation and Conservation) လုပ်ငန်းများကိုလည်း ICA အဖွဲ့မှ ထုတ်ဝေသည့် လုပ်ငန်းလမ်းညွှန်ပါ သတ်မှတ်စံနှုန်းများ၊ နည်းပညာများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

> **" နိုင်ငံတော်၏ အုပ်ချုပ်ရေး ယန္တရားနှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် မော်ကွန်းတိုက်မှ ဆောင်ရွက်ရမည့်တာဝန်များအား တက်ကုန်ရှက်စုံဖွင့်၍ ဆောင်ရွက်ရာတွင် လျှော့ကြီးထိုးရိုးရိုးသွားမည့်အစား ပြောင်းလဲလာသော မော်ကွန်း၊ မှတ်တမ်းပုံစံများ၊ တိုးတက်လာသော နည်းပညာများ၊ သိမ်းဆည်းမှုနည်းစနစ်များကို မျက်ခြည်မပြတ် လေ့လာဆည်းပူး၍ ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမှသာ ပိုမိုထိရောက်အောင်မြင်မည်ကို သတိချပ်ရန်လိုပါသည် "**

### မော်ကွန်းပညာ ပြန့်ပွားရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်

မော်ကွန်းတိုက်အနေဖြင့် မကြာသေးသော နှစ်များအတွင်း မော်ကွန်းပညာပြန့်ပွားရေး လုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အစိုးရဌာနများမှ အဆင့်မြင့်အရာထမ်းများနှင့် တွေ့ဆုံ၍ အစိုးရဌာနများတွင် မှတ်တမ်းခန်းများ စနစ်တကျထားရှိပြီး မှတ်တမ်းများ ထိန်းသိမ်းနိုင်ရေးအတွက် ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အစိုးရအမှုထမ်းနှင့် အရာထမ်းများအား မှတ်တမ်းထိန်းသိမ်းမှုသင်တန်းများ ပို့ချခြင်း၊ မှတ်တမ်းများ လွှဲပြောင်းရယူနိုင်ရန် ကွင်းဆင်းဆောင်ရွက်ခြင်းတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အခြေခံပညာကျောင်းများမှ စတင်၍ အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူလူထုအတွင်း မော်ကွန်းအသိပညာ တိုးပွားစေရေးအတွက် မော်ကွန်းပြပွဲများကို အခါအားလျော်စွာ ဖွင့်လှစ်ပြသပေးခဲ့ပါသည်။ မော်ကွန်းပြပွဲသို့ လာရောက်ကြည့်ရှုသည့် ကျောင်းသားကလေးငယ်များနှင့် ပြည်သူတို့၏ မော်ကွန်းမှတ်တမ်းများအပေါ်တွင် စိတ်ဝင်တစားရှိမှု၊ စိတ်အားတက်ကြွမှုများကို မြင်တွေ့ရသဖြင့် အနာဂတ်တွင် မော်ကွန်းပညာရပ်များ ထွန်းတောက်လာမည်ဟုလည်း ယုံကြည်မိပါသည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန တည်ထောင်ခဲ့သည့်နှစ်များအတွင်း မော်ကွန်းအုပ်စုအရေအတွက်တိုးပွားလာခြင်း၊ မော်ကွန်း၊ မှတ်တမ်းအရေအတွက် တိုးပွားလာခြင်း၊ မော်ကွန်းစီမံခန့်ခွဲမှုလုပ်ငန်းများကို ခေတ်နှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊ စက္ကူမှတ်တမ်း(Conventional Record) များအား Electronic Format ဖြင့် ပြောင်းလဲသိမ်းဆည်းနိုင်ခြင်း၊ သုတေသီဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ချက်များ ဖြေလျှော့ပေး၍ ပိုမိုကောင်းမွန်သောဝန်ဆောင်မှုစနစ်ကို ဆောင်ရွက်ပေးနိုင်ခြင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထုအတွင်း မော်ကွန်းတိုက်တည်ရှိမှုနှင့် မော်ကွန်းမှတ်တမ်း သဘောတရားများ သိရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းတို့ကို ကြည့်လျှင် နှစ်ပေါင်း ၅၀ ခန့်အတွင်း အရွေ့တစ်ခုသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

ရှေ့သို့ဆက်၍ မော်ကွန်းတိုက်၏ မူဝါဒများ၊ မျှော်မှန်းချက်များ အောင်မြင်စေရန် လျှောက်လှမ်းရဦးမည်ဖြစ်ပါသည်။ ရှေ့ဆက်မည့်လမ်းတွင် အမျိုးသားမော်ကွန်းတိုက်အား ပွင့်လင်းမြင်သာမှုရှိပြီး ကောင်းမွန်သော အစိုးရအုပ်ချုပ်ရေးယန္တရားကို အထောက်အကူပြုပေးနိုင်ရန်၊ ပြည်သူများအကြား မော်ကွန်းအသိအမြင်များတိုးပွား၍ မော်ကွန်းပညာရပ်အပေါ်တွင် စိတ်ပါဝင်စားမှုမြင့်မားလာစေရန်၊ မော်ကွန်းမှတ်တမ်းအသုံးပြုမှုများ မြင့်မားလာစေရန်နှင့် အသုံးပြုနိုင်မည့်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် ရည်မှန်းချက်များ ထားရှိဆောင်ရွက်သွားရန် လိုအပ်ပါသည်။

### ရည်ညွှန်းကိုးကားခွင့်၊ ပုဂ္ဂိုလ်ရေး စောင့်ထိန်းခွင့်နှင့် စည်းမျဉ်းစည်းကမ်းများအကြား ဟန်ချက်ညီစွာ ဆောင်ရွက်

မော်ကွန်းတိုက်အနေဖြင့် သုတေသီများနှင့် လူမှုအသိုင်းအဝိုင်းများမှ မော်ကွန်းမှတ်တမ်းများအား ပိုမိုချဉ်းကပ်လေ့လာနိုင်မည့် အခွင့်အလမ်းများကို အတတ်နိုင်ဆုံးဖန်တီးပေးရမည် ဖြစ်သော်လည်း လက်တွေ့နယ်ပယ်တွင် လိုက်နာစောင့်စည်းရမည့် စည်းမျဉ်းဥပဒေများ များပြားလှပါသည်။ နိုင်ငံတော်လုံခြုံရေးအရလည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မပျက်ပြားစေရန် လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ စောင့်ထိန်းရမည့်ကိစ္စရပ်များကြောင့် လည်းကောင်း၊ မော်ကွန်းဥပဒေအရ သိမ်းဆည်းထားရမည့် ကာလအကန့်အသတ်များအရ လည်းကောင်း ထိန်းချုပ်ကန့်သတ်မှုများလည်းရှိပါ၍ လွတ်လပ်စွာရည်ညွှန်းကိုးကားခွင့်နှင့် လိုက်နာစောင့်ထိန်းရမည့် စည်းမျဉ်းများအကြား လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာစောင့်ထိန်းပိုင်ခွင့်နှင့် လူ့အဖွဲ့အစည်းများ၏ သိပိုင်ခွင့်များအကြား ဟန်ချက်ညီစွာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မော်ကွန်းထိန်းသိမ်းမှု လုပ်ငန်းများသည် စာပေနှစ်သက်သူတို့အတွက် လွန်စွာစိတ်ဝင်စားဖွယ်၊ နှစ်သက်ဖွယ်ကောင်းသည့် လုပ်ငန်းများဖြစ်ပါသည်။ မော်ကွန်းတိုက်သည် စာပေဝါသနာပါသူ၊ ဗဟုသုတရှာမှီးလိုသူများအတွက် လေ့လာ၍ မကုန်နိုင်သည့် ဗဟုသုတဟင်းလေးအိုးကြီး (သို့) သုတရတနာသိုက်ကြီးလည်း ဖြစ်ပါသည်။ မော်ကွန်းမှတ်တမ်းများသည် ထိတွေ့မရနိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intengible Cultural Heritage) အမျိုးအစားတွင် ပါဝင်ပြီး အခြားသော ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ (Tengible Cultural Heritage) ကဲ့သို့ပင် ထိန်းသိမ်းစောင့်ရှောက်ရမည့် ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်ပါသည်။ မှတ်တမ်း မော်ကွန်းများသည် နိုင်ငံတစ်နိုင်ငံ၏ ပထဝီအနေအထား၊ သဘာဝပတ်ဝန်းကျင်၊ နယ်နိမိတ်အပိုင်းအခြား၊ ယဉ်ကျေးမှုနှင့် အုပ်ချုပ်မှုသမိုင်းကြောင်း အစဉ်အလာတို့ကို ဖော်ပြပါသည်။ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ထားသော ပြည့်စုံသည့် မော်ကွန်းတစ်ရပ်သည် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ဝင်ရောက်နိုင်သည်အထိ တန်ဖိုးရှိပါ၍ မှတ်တမ်း၊ မော်ကွန်းများကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။

### မှတ်တမ်းခန်းများ ပေါ်ပေါက်လာရန် အားပေးကူညီ

သို့ဖြစ်၍ မှတ်တမ်းများ ဆုံးရှုံးမှုမရှိစေရန် အစိုးရဌာနများ၌ မှတ်တမ်းခန်းများ ပေါ်ပေါက်လာစေရန် အားပေးကူညီခြင်း၊ ဥပဒေသတ်မှတ်ပြဋ္ဌာန်းခြင်း၊ မှတ်တမ်းထိန်းသိမ်းမှု နည်းစနစ်များ ဖြန့်ဖြူးပေးခြင်းတို့ကို ထိထိရောက်ရောက်ဆောင်ရွက်ရမည်ဖြစ်ပြီး အစိုးရဌာနများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ မော်ကွန်းတိုက်တစ်ခုတည်း တည်ရှိမှုအစား မြန်မာပြည်အနှံ့ မော်ကွန်းတိုက်အသိုင်းအဝိုင်း၊ မော်ကွန်းတိုက်ကွန်ရက်များ ဖြစ်ပေါ်စေရန် ဌာနဆိုင်ရာအဖွဲ့အစည်းများတွင်သာမက ပြင်ပအဖွဲ့အစည်းများ၌ပါ မှတ်တမ်းထိန်းသိမ်းရေးလုပ်ငန်းများအပေါ် စိတ်ဝင်စားမှုရှိလာစေရန် အမျိုးသားမော်ကွန်းတိုက်မှ အားပေးကူညီရန် လိုအပ်ပါသည်။ ယခုအခါ အစိုးရဌာနမဟုတ်သည့် ပြင်ပကုမ္ပဏီ အဖွဲ့အစည်းများတွင် ၎င်းတို့အဖွဲ့အစည်းများ၏ မော်ကွန်းတိုက်ငယ်များ ဖြစ်ပေါ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ကြားသိနေရ၍ လွန်စွာဝမ်းမြောက်မိပါသည်။ အနာဂတ်တွင် မော်ကွန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာကောင်းများ အဖြစ်လည်း ရှုမြင်မိပါသည်။

မော်ကွန်းတိုက်အဆက်ဆက် ညွှန်ကြားရေးမှူးချုပ်များသည် မော်ကွန်းတိုက်ဖွံ့ဖြိုးတိုးတက်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ခဲ့ကြပါသည်။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်တည်ထောင်ရာတွင် မှတ်တမ်းမော်ကွန်းစီမံခန့်ခွဲမှုနည်းစနစ်များကို ရှေ့မှုစနစ်တကျ လမ်းပြဆောင်ရွက်ပေးခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများနှင့် မော်ကွန်းတိုက်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်ပေးခဲ့ကြသည့် ဌာနအကြီးအကဲများ၏ ဂုဏ်ကျေးဇူးကို ဂါရဝပြုအပ်ပါသည်။

မော်ကွန်းတိုက်၏ လုပ်ငန်းဆောင်တာများမှာ များပြားလှပြီး ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းများ ဖြစ်ပါသည်။ မော်ကွန်းတိုက်ဝန်ထမ်းများသည် နိုင်ငံ့အမွေအနှစ် မှတ်တမ်းများ ရေရှည်တည်တံ့စွာ ထိန်းသိမ်းနိုင်ရေးအတွက် စေတနာနှင့် ဝါသနာအရင်းခံ၍ ဆောင်ရွက်နေကြသူများဖြစ်ပါသည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားနှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် မော်ကွန်းတိုက်မှ ဆောင်ရွက်ရမည့် တာဝန်များအား တက်ကုန်ရှက်စုံဖွင့်၍ ဆောင်ရွက်ရာတွင် လျှော့ကြီးထိုး ရိုးရိုးသွားမည့်အစား ပြောင်းလဲလာသော မော်ကွန်း၊ မှတ်တမ်းပုံစံများ၊ တိုးတက်လာသော နည်းပညာများ၊ သိမ်းဆည်းမှုနည်းစနစ်များကို မျက်ခြည်မပြတ် လေ့လာဆည်းပူး၍ ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမှသာ ပိုမိုထိရောက်အောင်မြင်မည်ကို သတိချပ်ရန် လိုပါသည်။ မော်ကွန်းတိုက်ဝန်ထမ်းများသည် နိုင်ငံတော်၌ e-government စနစ် အောင်မြင်ဖြစ်ထွန်းလာမည့်အချိန်တွင် အီလက်ထရွန်နစ်မှတ်တမ်းစီမံခန့်ခွဲမှုစနစ် နည်းပညာအသစ်များကို ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ရာ အဆိုပါစိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ရန် လိုအပ်သည့် ပညာရပ်များအား ဖြည့်ဆည်းထားပြီး မိမိတို့၏ စုပေါင်းစွမ်းအားဖြင့် အောင်မြင်စွာဖြတ်ကျော်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ဇွန်လ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့အား ကြိုဆိုရင်း မှတ်တမ်းအမွေအနှစ်များ ထိန်းသိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ကမ္ဘာတစ်ဝန်းလုံးရှိ မော်ကွန်းတိုက်အဖွဲ့အစည်းများအား လည်းကောင်း၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၌ တာဝန်အသီးသီး ထမ်းဆောင်နေကြသည့် လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများအား လည်းကောင်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်ရပါသည်။ ။



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရှင်းလင်းဆွေးနွေးစဉ်။



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး အဆိုတင်သွင်းစဉ်။



ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးစဉ်။



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် ဆွေးနွေးစဉ်။



ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးစဉ်။

❄ ကျောဖုံးမှ

ထို့ပြင် ယခင်ဆောင်ရွက်ခဲ့သည့် မြစ်ရေတင်စီမံကိန်းကဲ့သို့ နည်းပညာနှင့် ဒီဇိုင်းလိုအပ်ချက်များ မရှိစေရန် Feasibility Study ကို စနစ်တကျ ဆောင်ရွက်ခဲ့ပြီး နယ်သာလန်နိုင်ငံ အခြေစိုက် Royal Haskoning DHV က Project Design ကို စီမံကိန်းဆောင်ရွက်မည့် မြေမျက်နှာသွင်ပြင်အနေအထား၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ၁၀ နှစ်စာ အချက်အလက်များ၊ မြစ်ရေအတက်အကျ နှစ်စဉ်မှတ်တမ်းများ၊ ငလျင်ဆိုင်ရာ အချက်အလက်များ၊ ဧရာဝတီမြစ်၏ ရေအရည်အသွေးနှင့် စီမံကိန်းဧရိယာနှင့် အနီးပတ်ဝန်းကျင်နေပြည်သူတို့၏ သောက်သုံးရေလိုအပ်မှု ဆန်းစစ်ချက်တို့ကိုပါ ထည့်သွင်းတွက်ချက်၍ ရေးဆွဲထားပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စီမံကိန်း၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို သက်ဆိုင်ရာ လွှတ်တော်ရေးရာကော်မတီသို့ ပုံမှန်ရှင်းလင်းတင်ပြသွားမည်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စီမံကိန်း၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို သက်ဆိုင်ရာ လွှတ်တော်ရေးရာကော်မတီသို့ ပုံမှန်ရှင်းလင်းတင်ပြသွားမည် ဖြစ်ပါကြောင်း၊ ချေးငွေကို ယူသင့်၊ မသင့် စဉ်းစားသုံးသပ်ရာတွင် ဆောင်ရွက်မည့် စီမံကိန်း၏ လိုအပ်ချက်၊ ချေးငွေပေးမည့်နိုင်ငံ၏ လိုလားချက်၊ စီမံကိန်းတန်ဖိုးတွက်ချက်မှု၊ ဒီဇိုင်းနှင့် အရည်အသွေးကောင်းမွန်မှု စသည့် အချက်များအပေါ် မူတည်၍ ဆုံးဖြတ်ရခြင်းဖြစ်သဖြင့် အချို့စီမံကိန်းများတွင် အတိုးနှုန်းအသင့်အတင့် များနေသော်လည်း ရယူရခြင်း ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းကို သတ်မှတ်ကာလ နှစ်နှစ်နှင့် ခြောက်လခန့်အတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ရေယူအဆောက်အဦ၊ ရေသန့်စင်စက်ရုံ၊ ရေသိုလှောင်ကန်၊ ရေတွန်းစက်ရုံ၊ ရေဖြန့်ဝေပိုက်လိုင်းစသည့် တည်ဆောက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း တည်ဆောက်သွားမည်ဖြစ်သဖြင့် အချိန်မီပြီးစီးနိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် သန့်စင်သောရေရရှိရန် ရေပိုက်လိုင်းသွယ်တန်းရာတွင် စနစ်တကျဆောင်ရွက်သွားရေးကိစ္စကိုလည်း သတိပြုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်တစ်လျှောက်ရှိ အပန်းဖြေစခန်းများနှင့် ကျေးရွာများမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်နှင့် စွန့်ပစ်ရေဆိုးတို့အတွက်လည်း မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းညှိနှိုင်း၍ လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ယခု ပြည်ကြီးတံခွန်မြို့နယ် ရေပေးဝေရေးစီမံကိန်းသည် မြို့သစ်တည်ဆောက်ပြီး ၂၅ နှစ်ကျော် ကြာသည်အထိ ရေကောင်းရေသန့် သုံးစွဲခွင့်မရသော ပြည်သူများကို သန့်စင်သည့် သောက်သုံးရေဖြန့်ဝေမည့် ပြည်သူ့ဝန်ဆောင်မှု ဖြည့်ဆည်းပေးသည့်လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိသည့်အခါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နယ်သာလန်နိုင်ငံ FMO နှင့် ING Bank တို့နှင့် ညှိနှိုင်း၍ ချေးငွေစာချုပ်ချုပ်ဆိုနိုင်ရန် ဆက်လက်ဆောင်ရွက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့အကြား လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်ဆင့်ချေးငွေစာချုပ်ကို ချုပ်ဆိုသွားမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ချေးငွေယူရို ၂၉ ဒသမ ၉၆ သန်း ရယူနိုင်ရေးကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၄၇ မဲ၊ ကန့်ကွက်မဲ ၅ မဲ၊ ကြားနေမဲ ၁ မဲဖြစ်၍ ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြု

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၄၇ မဲ၊ ကန့်ကွက်မဲ ၅ မဲ၊ ကြားနေမဲ ၁ မဲ ဖြစ်၍ ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အခွန်စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ခြင်းစနစ် တည်ထောင်သည့် နားလည်မှုစာချွန်လွှာတွင် လေ့လာသူအဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်** က ပထဝီအနေအထားအရ အိမ်နီးချင်းနိုင်ငံဖြစ်လာခြင်းမှာ သီးခြားလုပ်ယူ၍ မရသကဲ့သို့ ရှိပြီးသားအနေအထားကိုလည်း ပြောင်းလဲ၍ မရပါကြောင်း၊ ထို့ကြောင့် တည်ရှိနေမှု၏ အခွင့်အလမ်းကောင်းကို အရယူနိုင်ရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃၀ ရာခိုင်နှုန်းသည် အိမ်နီးချင်းတရုတ်နှင့်ပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်သစ်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုနေသော နိုင်ငံဖြစ်သောကြောင့် မိမိနိုင်ငံ၏ မူဝါဒ၊ အမျိုးသားအကျိုးစီးပွားတို့နှင့် ကိုက်ညီမည်ဆိုပါက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အခွန်စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ခြင်းစနစ် (BRITACON) တည်ထောင်သည့် နားလည်မှု စာချွန်လွှာတွင် မြန်မာနိုင်ငံမှ ပါဝင်သင့်ပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်** က ရပ်ဝန်းနှင့် ပိုးလမ်းမကို ဖော်ဆောင်သည့်နေရာတွင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် အလုပ်အကိုင်၊ ပညာရေး၊ စီးပွားရေးတိုးတက်ကောင်းမွန်စေနိုင်သကဲ့သို့ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ တိုးပွားလာစေရန် ထောက်ပံ့ပေးခြင်း စသည့် အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေနိုင်မည်ဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း မြို့ရွာများကိုဖြတ်၍ လမ်းဖောက်လုပ်ပါက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်နစ်နာမှုများ ရှိနိုင်သည်ဟုလည်း ဝေဖန်ကြပါကြောင်း။

## ပိုးလမ်းမစီမံကိန်းကို ပြည်သူအများ ပူးပေါင်းပါဝင်လာရန်အတွက် ပွင့်လင်းမြင်သာစွာချပြရန် လိုအပ်

မြန်မာနိုင်ငံအနေဖြင့် ပထဝီအနေအထားအရ ငြင်းပယ်၍ မရသည့် အခြေအနေတွင် ထိုစီမံကိန်းမှ မိမိတို့နိုင်ငံအတွက် မည်သို့အကျိုးရှိစေရန် အသုံးချမည်ကို ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားရန် လိုအပ်ပါကြောင်း၊ ပိုးလမ်းမစီမံကိန်းကို ပြည်သူအများ ပူးပေါင်းပါဝင်လာရန်အတွက် ပွင့်လင်းမြင်သာစွာချပြရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များသည့် မြန်မာနိုင်ငံအတွက် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်လာသည့်အခါ နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် စည်းမျဉ်းမူဘောင်များ ရေးဆွဲထားရန် လိုအပ်ကြောင်းကို အကြံပြုလိုပါကြောင်း၊ နားလည်မှုစာချွန်လွှာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးရန်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ ဇာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး(ဘောဂဗေဒ)၊ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးနှင့် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးငွေရယူရေး**နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းဆွေးနွေးကြသည်။

## မြို့နယ်အဆင့်တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ ရုံးခွဲများ ဖွင့်လှစ်ပြီး ဝန်ထမ်းများ ခန့်ထားရေးအတွက်ကိုလည်း အစီအစဉ် အကောင်အထည်ဖော်မှုမစတင်မီ အပြီး ဆောင်ရွက်နိုင်ရေးကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိ

ဒုတိယဝန်ကြီး ဦးစိုးအောင်က ယခုအစီအစဉ် အကောင်အထည်ဖော်မှုကို ရပ်ရွာလူထုအား အသိပေးခြင်း၊ တိုင်ကြားမှုများ လက်ခံဆောင်ရွက်ပေးခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း အဆင့်များတွင် သက်ဆိုင်ရာအစီအစဉ် အကောင်အထည်ဖော်ရာ ဒေသများရှိ လွှတ်တော်ကိုယ်စားလှယ်များကို မြို့နယ်အဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီများ ဖွဲ့စည်းရာတွင် နာယကအဖြစ် ထည့်သွင်းဖွဲ့စည်းသွားရန် စီစဉ်လျာထားပြီး ဖြစ်ပါကြောင်း၊ မြို့နယ်အဆင့်တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ ရုံးခွဲများဖွင့်လှစ်ပြီး ဝန်ထမ်းများခန့်ထားရေးအတွက်ကိုလည်း အစီအစဉ် အကောင်အထည်ဖော်မှု မစတင်မီ အပြီးဆောင်ရွက်နိုင်ရေးကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစီအစဉ်ကို ပူးပေါင်းအကောင်အထည်ဖော်မည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်မှုကို အထူးအလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် အစီအစဉ်ကို အကောင်အထည်ဖော်မည့် လူသားအရင်းအမြစ်များနှင့် ပတ်သက်၍ မြို့နယ်တစ်မြို့နယ်ချင်းတွင် ဌာနဝန်ထမ်းအဖြစ် ကနဦး အနည်းဆုံး သုံးဦးစီ ခန့်အပ်လေ့ကျင့် တာဝန်ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ အကျိုးခံစားခွင့်ငွေကြေး မှန်မှန်ကန်ကန်ရရှိရေးနှင့် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ငွေကြေးထောက်ပံ့မှုကို အကျိုးရှိစွာသုံးစွဲနိုင်ရေးအတွက် ပညာပေးအစီအစဉ်ကို ထုတ်ပြန်ထားသည့် လုပ်ငန်းလက်စွဲစာအုပ်အတိုင်း စနစ်တကျဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လက်ရှိဆောင်ရွက်ပေးနေသော တိုင်းဒေသကြီး/ ပြည်နယ်များနောက်တွင် ဆက်လက်ဆောင်ရွက်ပေးရန် လျာထားမှုအနေဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ ၂၀၂၁ - ၂၀၂၂ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ ၂၀၂၂ - ၂၀၂၃ဘဏ္ဍာရေးနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးတို့တွင် လည်းကောင်း တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ကာလလတ်အစီအစဉ်ဖြင့် ငါးနှစ်စီမံကိန်း ရေးဆွဲလျာထားပြီး ဖြစ်ပါကြောင်း၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများကိုလည်း ငါးနှစ်တာကာလ နောက်ပိုင်းဘဏ္ဍာရေးနှစ်များတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သုတေသနပြုထားသော လူဦးရေနှင့် ကျန်းမာရေးဆိုင်ရာစစ်တမ်း ၂၀၁၅ - ၂၀၁၆ ပါ ပုညွှက်မှုနှုန်းများအရ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

စာရင်းဇယားများ တိကျမှန်ကန်စေရေးအတွက်လည်း ရပ်ကွက်နှင့်ကျေးရွာအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီများ ခိုင်ခိုင်မာမာပေါ်ထွန်းရေးကိုလည်း အဓိက အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အကျိုးခံစားခွင့်ငွေကြေးအနေဖြင့် မိခင်အတွက် ငွေကျပ် ၁၅၀၀၀ နှင့် ကလေးအတွက် ငွေကျပ် ၁၅၀၀၀ တစ်ပြိုင်နက်တည်းခံစားရမည်မဟုတ်ဘဲ ကိုယ်ဝန်ဆောင်စဉ်တွင် မိခင်ကိုပေးခြင်းဖြစ်ပြီး မွေးဖွားပြီးသောအခါတွင် ကလေးအတွက်ပေးခြင်းဖြစ်သည့်အတွက် တစ်လလျှင် ၎င်းတို့နှစ်ဦးအတွက် ငွေကျပ် ၁၅၀၀၀ သာ ရရှိမည်ဖြစ်ပါကြောင်း၊ ရရှိလာမည့် အကျိုးခံစားခွင့်ငွေကြေးကို အာဟာရနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် အကျိုးရှိစွာသုံးစွဲနိုင်ရေး အသိပညာပေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

## ငွေကြေးထောက်ပံ့သည့် စီမံကိန်းအား လူဦးရေနှင့် ကျန်းမာရေးဆိုင်ရာစစ်တမ်း ၂၀၁၅-၂၀၁၆အရ ပုညွှက်မှုနှုန်း မြင့်မားလျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်

ယခု ငွေကြေးထောက်ပံ့သည့် စီမံကိန်းအား လူဦးရေနှင့် ကျန်းမာရေးဆိုင်ရာစစ်တမ်း ၂၀၁၅-၂၀၁၆အရ ပုညွှက်မှုနှုန်း မြင့်မားလျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်၏ အနာဂတ်ဖြစ်သည့် ကလေးသူငယ်များ၏ ဘဝအစ ရက် ၁၀၀၀ အတွင်း အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီမှုရှိစေရန် ဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည့်အတွက် ချေးငွေရယူရေးကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်း အစီအစဉ်ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းမှုအစီအစဉ် (IDA-18) အောက်မှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ရယူနိုင်ရေးကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၃၀၂ မဲ၊ ကန့်ကွက်မဲ ၁၆၇ မဲ၊ ကြားနေမဲ ၁ မဲ ဖြစ်၍ ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

*စာမျက်နှာ ၈ သို့*

# ဖြောင့်မတ်တည်ကြည်သော ယဉ်ကျေးမှုတစ်ရပ် ထွန်းကားလာစေရန် မျိုးဆက်သစ်များက အစွမ်းကုန်ကြိုးစားပေးကြစေလို

နေပြည်တော် ဇွန် ၇

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော “ဖြောင့်မတ်တည်ကြည်မှု” လူငယ်စခန်း ၂၀၁၉ (Youth Integrity Camp 2019) စခန်းသိမ်းပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် စခန်းဝင်ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအား ကျင့်ဝတ်လိုက်နာသူအဖြစ် အသိအမှတ်ပြုလက်မှတ်များကို ကော်မရှင်ဥက္ကဋ္ဌက လည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို ကော်မရှင်အတွင်းရေးမှူးက လည်းကောင်း တက္ကသိုလ်၊ ကောလိပ်များမှ ကိုယ်စားလှယ်တစ်ဦးစီအား ပေးအပ်ခဲ့ပြီး စခန်းဝင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများကိုယ်စား တောင်ငူပညာရေးကောလိပ်မှ မမြတ်ဖူးငုံစိုးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး စခန်းတွင် ဆွေးနွေးပို့ချချက်များမှ သင်တန်းသားများက ထုတ်ဖော်ခဲ့သည့် လူငယ်ထုလိုက်နာရမည့် ကျင့်ဝတ်ရှစ်ချက်အား တင်ပြသည်။

**ပြုပြင်ပြောင်းလဲမှုလုပ်ရာတွင် လူငယ်များ အရေးပါ**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံရုံး Head of Development Cooperation, Mr. Anders Frankenberg က အဂတိလိုက်စားမှုကင်းစင်ရေးအတွက် နိုင်ငံတော်အဆင့်က ပြုပြင်ပြောင်းလဲမှုလုပ်ရာတွင် လူငယ်များသည် အရေးပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် လူငယ်ထုပါဝင်မှုအတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ ဆွီဒင်နိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဦးစားပေးကြောင်း၊ နိုင်ငံတကာသို့လည်း အကူအညီပေးကြောင်း၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ကြောင်း၊ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစား မဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုများကြောင့် ပညာရေး၊ ကျန်းမာရေး ချို့ယွင်းခြင်း၊ လူနေမှုဘဝ ဆင်းရဲခြင်းတို့ ဖြစ်ပေါ်စေကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ Corruption Prevention Unit-CPU များ ဖွဲ့စည်းထားသည်ကို ကြိုဆိုပါကြောင်း၊ လူငယ်များ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ဆန်းသစ်သောဖန်တီးမှု အတွေးအမြင်များကို ပြခန်းများ၌ တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် “ဖြောင့်မတ်တည်ကြည်မှု” လူငယ်စခန်း ၂၀၁၉ စခန်းသိမ်းပွဲ အခမ်းအနားတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။

**ကောက်ကျစ်စဉ်းလဲမှု ဖြစ်သွားနိုင်**

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဖြောင့်မတ်တည်ကြည်မှု ဆိုသည်မှာ မိမိ၏ တွေးတောကြံစည်မှု၊ နှုတ်မှဖွင့်ဟပြောဆိုမှု၊ လက်တွေ့ပြုမူဆောင်ရွက်မှုတို့သည် လမ်းကြောင်းတစ်ဖြောင့်တည်းဖြစ်နေခြင်းကို ဆိုလိုပါကြောင်း၊ ထိုအချက်သုံးချက်ကို ရည်ရွယ်ချက်ရှိရှိ လွဲချော်စေခဲ့လျှင် ကောက်ကျစ်စဉ်းလဲမှု ဖြစ်သွားနိုင်ပါကြောင်း၊ လူတိုင်းသည် “ဖြောင့်မတ်တည်ကြည်မှု” ကို ကျင့်ဝတ်တစ်ခုအနေဖြင့် လိုက်နာကျင့်သုံးသင့်သည်သာမက မိမိတို့၏ လူနေမှုဘဝပုံစံ ဖြစ်လာစေရန်အတွက်လည်း ကြိုးပမ်းတည်ဆောက်သွားသင့်ပါကြောင်း။

စခန်းကာလအတွင်း ပြည်တွင်း ပြည်ပ ပညာရှင်များက လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းသာယာမှုတို့သည် ဖြောင့်မတ်တည်ကြည်မှုနှင့် မည်သို့သက်ဆိုင်နေသည်ကို စာတွေ့ လက်တွေ့ ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဖြစ်ပါကြောင်း၊ “ဖြောင့်မတ်တည်ကြည်မှု” သည် လူ့အဖွဲ့အစည်းအတွင်း အဆိုးကျော့သံသရာကို ရပ်တန့်စေနိုင်ပါကြောင်း၊ “ဖြောင့်မတ်တည်ကြည်မှု” သည် နိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ ကိုယ်စိတ်နှစ်ပါးအေးချမ်းမှုရရှိစေရန် လုပ်ပေးနိုင်ပါကြောင်း၊ စခန်းကာလအတွင်း လေ့လာသင်ယူရသည့်အတိုင်း ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာနေသော နိုင်ငံတချို့ကို နမူနာယူ၍ မိမိတို့နိုင်ငံတွင် ဖြောင့်မတ်တည်ကြည်သော ယဉ်ကျေးမှုတစ်ရပ် ထွန်းကားလာစေရန် မျိုးဆက်သစ်တို့က အစွမ်းကုန် ကြိုးစားပေးကြစေလိုပါကြောင်း။

**လိုက်နာကျင့်သုံးရန် တိုက်တွန်း**

ကော်မရှင်အနေဖြင့် ဤဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း (၂၀၁၉) ကို အောင်မြင်စွာတက်ရောက်ခဲ့ကြသည့် လူငယ်များက ဦးဆောင်လျက် “ဖြောင့်မတ်တည်ကြည်မှု” ဆိုင်ရာ ကျင့်ဝတ်များကို မိမိတို့လူငယ်ထုအတွင်း ကျယ်ပြန့်စွာ မျှဝေဆွေးနွေးရန်နှင့် လိုက်နာကျင့်သုံးရန် တိုက်တွန်းပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး သို့မဟုတ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးလုပ်ငန်းကို ခေါင်းဆောင်မည့်သူတိုင်းသည် သင်ခန်းစာတွင် ဆွေးနွေးခဲ့ကြသည့်အတိုင်း ပြည့်စုံရမည့် အရည်အချင်းငါးရပ်ဖြစ်သော (၁) နိုင်ငံရေး ကင်းရှင်းမှု၊ (၂)ဘက်လိုက်ခြင်းကင်းမှု၊ (၃)ကြားနေစိတ်ထားရှိမှု၊ (၄) ဖြောင့်မတ်တည်ကြည်မှု၊ (၅)ကိုယ်စိတ်ကျွမ်းကျင်ပြည့်ဝမှုတို့ကိုလည်း မမေ့မလျော့ လိုက်နာစောင့်ထိန်းသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စခန်းအား ပိတ်သိမ်းခဲ့ပြီး ညနေပိုင်းတွင် စခန်းဝင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များသို့ ကော်မရှင်ရုံးမှ စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆရာကြီးမောင်ထင် (၁၁၁)နှစ်အကြို ဂုဏ်ပြုအထိမ်းအမှတ် စာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၇**

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း (မြန်-စာ-ပြန့်)က ကြီးမှူးကျင်းပသည့် ဆရာကြီးမောင်ထင် (၁၁၁)နှစ် အကြို ဂုဏ်ပြုအထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာစန်းဝင်း (ရှေးဟောင်းသုတေသန)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး **(ယာပုံ)** အခမ်းအနားသဘာပတိ မဟာဝိဇ္ဇာ ဦးစိန်လှိုင်(သူရဇော်)က အမှာစကားပြောကြားသည်။

ထို့နောက် ဒေါက်တာစန်းဝင်း (ရှေးဟောင်းသုတေသန) က မောင်ထင်၏ ဘဝနှင့် စာပေစာတမ်းကိုဖတ်ကြားပြီး ဦးအေးချို(မဟာဝိဇ္ဇာ)က မောင်ထင်၏ရေးဟန် (သို့မဟုတ်) မောင်ထင့်လေ စာတမ်းကို ဖတ်ကြားသည်။

ယင်းနောက် စာတမ်းဖတ်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းပြီး သဘာပတိက သုံးသပ်ဆွေးနွေးကာ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း အထွေထွေအတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ဆရာကြီးမောင်ထင်ကို ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တွင် အဘ ဦးတရောင်း- အမိ ဒေါ်စိန်ပွင့်တို့က ၁၉၀၉ ခုနှစ် မတ် ၂၁ ရက်တွင် မွေးဖွားခဲ့ပြီး ဆရာကြီးမောင်ထင် သက်ရှိထင်ရှားရှိနေမည်ဆိုပါက ၂၀၁၉ ခုနှစ် မတ် ၂၁ ရက်တွင် အသက် ၁၁၀ ပြည့်ဖြစ်သည်။

ဆရာကြီးမောင်ထင်သည် ၁၉၃၃ ခုနှစ်တွင် မြန်မာစာပေ ရွှေတံဆိပ်ဆုရရှိပြီး တက္ကသိုလ်မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းများတွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဆောင်းပါးများစတင်ရေးသားခဲ့ပြီး ၁၉၃၄ ခုနှစ်တွင် ကိုဒေါင်း ဝတ္ထုတိုများကို စတင်ရေးသားခဲ့သည်။

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၏ ရည်ရွယ်ချက်ပါ လုပ်ငန်းစဉ်များနှင့်အညီ (မြန်-စာ-ပြန့်) စာစဉ် (၃၃)အဖြစ် ယနေ့ဖတ်ကြားသည့် စာတမ်းဖတ်ပွဲတွင် တင်သွင်းဖတ်ကြားသော စာတမ်းများကိုအခြေပြု၍ အထိမ်းအမှတ်ဆောင်းပါးများ ပေါင်းစုကာ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ်ကြောင်း ယနေ့စာတမ်းဖတ်ပွဲမှ သိရသည်။



**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ဇော်မင်းလတ်**

*စာမျက်နှာ ၇ မှ*

ထို့နောက် **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်အတိုင်း လည်းကောင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း လည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက **ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ နိဂုံးချုပ် အမှာစကား**ပြောကြားရာတွင် ၂၀၁၉ ခုနှစ် ဧပြီ ၂၉ ရက်မှ ယနေ့အထိ အစည်းအဝေးကာလ ရက်ပေါင်း ၄၀ အတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ၁၄ ရက် ကျင်းပခဲ့ပါကြောင်း။

ထိုအစည်းအဝေးကာလအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအပါအဝင် အတည်ပြုထုတ်ပြန်ပြီး ဥပဒေခုနစ်ခုနှင့် ဆောင်ရွက်ဆဲဥပဒေကြမ်းသုံးခုကို ဆွေးနွေးအတည်ပြုပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် သက်ဆိုင်သည့် ကိစ္စရပ် ခုနစ်ခုနှင့် ပြည်ပချေးငွေဆိုင်ရာကိစ္စ ခြောက်ခု ဆွေးနွေးအတည်ပြုခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အပါအဝင် အစီရင်ခံစာ သုံးစောင်နှင့် အရေးပေါ်ရန်ပုံငွေ ခွဲဝေသုံးစွဲခြင်းကိစ္စရပ် တစ်ခုတို့ကို ဆွေးနွေးမှတ်တမ်းတင်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်ခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် မဲဆန္ဒနယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မြို့နယ်ပေါင်း ၃၂၅ မြို့နယ်အနက် ရှစ်မြို့နယ်တွင် လုပ်ငန်းများအားလုံးပြီးစီး၍ အစီရင်ခံစာ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မြို့နယ်များအနေဖြင့်လည်း စနစ်တကျ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလတွင် မဲဆန္ဒနယ်မြေအလိုက် ဆောင်ရွက်ရန်ရှိသည့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများအတွက် သက်ဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်ခဲ့ကြရန် မှာကြားလိုပါကြောင်း။

လာမည့် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်များ အပါအဝင် နိုင်ငံတော်အတွက် မဖြစ်မနေ ဆွေးနွေးအတည်ပြုပေးရမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများနှင့် အခြားလွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်ဆောင်ရွက်သွားကြရန်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# သဘာဝဘေးဒဏ်ခံနိုင်သော အဆောက်အအုံများ

## ကျော်လင်း (ဆောက်လုပ်ရေး)

မြန်မာနိုင်ငံသည် ဇွန်လဆန်းမှစတင်၍ အနောက်တောင်မုတ်သုံလေ ဝင်ရောက်၍ စက်တင်ဘာလကုန်တွင် မုတ်သုံလေ ပြန်လည်ဆုတ်ခွာသည့် ရာသီဥတုဒဏ်ခံရသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မုတ်သုံရာသီကာလအတွင်း ဆိုင်ကလုန်းမုန်တိုင်းများသည် မြန်မာနိုင်ငံ၏ ဒေသအချို့ကို သဘာဝဘေးဒဏ် (Disaster) အဖြစ် ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံတွင် မုတ်သုံရာသီဥတုကြောင့် အများဆုံး ကြုံတွေ့ရသော သဘာဝဘေးဒဏ်များမှာ ၁။ ရေကြီးခြင်း၊ ၂။ မြေပြိုခြင်း၊ ၃။ လေပြင်းမုန်တိုင်းဒဏ်ကြောင့် လူနေအိမ်၊ ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတားများ ပျက်စီးခြင်းတို့ဖြစ်သည်။

ယင်းဖြစ်စဉ်များမှာ ယခုကမ္ဘာကြီး ပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်ပြီးနောက်ပိုင်း နှစ်စဉ်ကြုံတွေ့နေရသော ဖြစ်စဉ်များဖြစ်၍ "မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်" (Unexpected Natural Disaster Effect) မဟုတ်တော့ဘဲ နှစ်စဉ်မျှော်မှန်း၍ရသော (Expected Disaster Effect) များ ဖြစ်လာပါသည်။ သို့ဖြစ်ရာ သဘာဝဘေးဒဏ်ခံရ၍ အသစ်ပြန်လည် တည်ဆောက်မည့် အဆောက်အအုံများသည် နောင်နှစ်စဉ် ကြုံတွေ့ရမည့် သဘာဝ ဘေးဒဏ်ခံနိုင်သော အဆောက်အအုံများ Resilient Structure ဖြစ်ရပါမည်။ သို့ဖြစ်ရာ နှစ်စဉ်ကြုံတွေ့နေရသော သဘာဝဘေးဒဏ်ခံရသည့် မြို့ပြအင်ဂျင်နီယာဆိုင်ရာ ကြိုတင်စီမံဆောင်ရွက်ရမည့် အချက်အချို့ကို တင်ပြလိုက်ပါသည်။

**၁။ Foundation**

လေမုန်တိုင်း၏ Up Lift Force သည် အဆောက်အအုံကို ပင့်၍ဆွဲနုတ်နိုင်သည့် အခြေအနေရှိ၍ ကွန်ကရစ်ဖိနပ်တိုင်ခံ၍ တည်ဆောက်သည့် အဆောက်အအုံများသည် ထုထည်ရှိသော ကွန်ကရစ်ဖိနပ်များကို မြေကြီးထဲသို့ ၂/၃ ပေ မြှုပ်သွင်းပြီးမှသာ တည်ဆောက်သင့်ပါသည်။ အပေါ်ပိုင်း အဆောက်အအုံ Light Structure ဖြစ်သော အဆောက်အအုံသည် ပိုမိုလေးလံသော Footing လိုအပ်မည်ဖြစ်သည်။





**၂။ စတီးဖရိန် အဆောက်အအုံများ (Steel Frame)**

လူအများလွဲမှားစွာ နားလည်နေကြသည်မှာ Steel Frame အဆောက်အအုံသည် လေမုန်တိုင်းဒဏ်ခံနိုင်သည်ဟုထင်နေကြသည်။ အမှန်တော့ Steel Frame Structure များတွင် ဂျိုင့် (Joint) နေရာ အားနည်းမှုကြောင့်လည်းကောင်း၊ တပ်ဆင်ထားသောဘိုတူ (Bolts & Nuts) များ အားနည်းမှုကြောင့်လည်းကောင်း၊ လေဒဏ်ခံဘားတန်းများ (Wind Ties) မပါရှိမှုတို့ကြောင့် လည်းကောင်း လေမုန်တိုင်းတိုက်လျှင် အလွယ်တကူ လွင့်ထွက်သွားနိုင်သည်။ ထို့ကြောင့် Steel Structure များ တည်ဆောက်ရာတွင် Foundation နှင့် ခိုင်မြဲစွာ ဆက်တွဲနိုင်မှု၊ ဂျိုင့် (Joint) နေရာများ၏ တောင့်တင်းခိုင်မာမှု၊ ဘိုတူ (Bolts & Nuts) များ၏ တောင့်တင်းခိုင်မာမှု၊ ဂျိုင်းဆက်သံပြား (Fish Plate) များ၏ တောင့်တင်းခိုင်မာမှု၊ အမိုးဒိုင်း(Rafter) နှင့် မြားတန်း (Purlins) တို့ ခိုင်မာစွာ ချိတ်တွဲနိုင်မှု၊ ဒိုင်းတစ်ခုနှင့်တစ်ခုကြား လေဒဏ်ခံတန်း ( Wind Ties) များ ထည့်သွင်းထားမှု၊ အမိုးနှင့်မြားတန်းတို့ သေချာစွာ ဝက်အူစုပ် တင်ဆင်နိုင်မှုတို့သည် အထူးအရေးကြီးလှပါသည်။




**၃။ သစ်သား အဆောက်အအုံများ (Timber Houses)**

သစ်သား အဆောက်အအုံများ၏ လေမုန်တိုင်းဒဏ်ခံ အဓိကသော့ချက်မှာ Foundation သေချာစွာ ချိတ်တွဲထားနိုင်မှုနှင့် သစ်သားတိုင်နှင့် ထုပ်၊ လျောက်တန်းများ၊ ဒိုင်းမြားတို့ ခိုင်မြဲစွာ ချိတ်ဆွဲထားနိုင်မှုက အဓိကကျသည်။ စရွေးဖြင့် တွဲဆက်ခြင်းသည် သံရိုက်၍ ဆက်တွဲခြင်းထက်များစွာ ပိုမိုခိုင်ခံ့သည်။ သစ်သားအဆောက်အအုံ၏ ထောင့်စွန်း လိုင်းတစ်လျှောက်တွင် တွဲဆက်ပစ္စည်းများဖြစ်သော မူလီ၊ သံမှိုတို့အား ပုံတွင်ပြထားသည့်အတိုင်း အခြားနေရာများထက်ပို၍ စိပ်စိပ်ထည့်ရန် လိုအပ်ပါသည်။




အဆောက်အအုံအသစ် ဆောက်လုပ်ပါက လေဒဏ်ခံရမှုမှ သက်သာစေရန် အဆောက်အအုံ၏ တိုသောအနားအား လေပြင်းလာရာဘက်သို့ မျက်နှာမူ၍ဆောက်ရပါမည်။ မြင့်မိုရ်ပိတ်ဖြင့် အဆုံးသတ်သော နှစ်ဖက်ချ ဂေဘယ်လ်အမိုးများသည် အမိုးပြန့်၊ လေးဖက်ချ (Hip) အမိုးများထက်ပို၍ လေပြင်းမုန်တိုင်း ကျရောက်ချိန်တွင် ပျက်စီးနိုင်ခြေများပါသည်။ ဘေးနှစ်ဖက်တွင် အဆုံးသတ်ထားသော ကြီးမားကျယ်ပြန့်စွာ တည်ရှိသည့် မြင့်မိုရ်ပိတ်မှ လေသွားလမ်းကြောင်းအား အခုအခံတစ်ခု သဖွယ်ဖြစ်စေကာ တိုက်ခတ်လာသော လေပြင်းအား အပြည့်ဖြင့် အမိုးကိုတွန်းလှန်ပင့်ထုတ်စေသောကြောင့် ဖြစ်ပါသည်။

**၄။ အုတ်စီအဆောက်အအုံနှင့် သံကူကွန်ကရစ်အဆောက်အအုံ**

သံကူကွန်ကရစ် အဆောက်အအုံသည် ယေဘုယျအားဖြင့် မုန်တိုင်းဒဏ်ခံနိုင်သော်လည်း အမိုးပိုင်းအားနည်းလျှင် အမိုးလန်ခြင်းသည် အများဆုံးပျက်စီးမှုဖြစ်သည်။ သို့ဖြစ်ရာ သစ်သားအဆောက်အအုံ၊ အုတ်စီအဆောက်အအုံနှင့် သံကူကွန်ကရစ်အဆောက်အအုံများတွင် အမိုးပိုင်းကို သွပ်ပြားနှင့် မိုးရာတွင် လေလန်နိုင်သော အစွန်ဆုံး မြားတန်းနှင့် သွပ်ပြားကို 2" x 1" x ¼" သံပြားဖြင့်ဖိ၍ Hook and Eyes ဖြင့် မြားတန်းကို ချိတ်တွဲထားခြင်းဖြင့် လေမုန်တိုင်းဒဏ်ကို ခံနိုင်ရည်ရှိမည်ဖြစ်သည်။




**၅။ ဂိုဒေါင်ကဲ့သို့ အဆောက်အအုံများ**

ဂိုဒေါင်ကဲ့သို့ အဆောက်အအုံကြီးများသည် လေ၏လားရာကိုကြည့်၍ သဘာဝလေဝင်လေထွက်ပေါက်များ ထားရှိပေးခြင်းဖြင့် လေမုန်တိုင်းဒဏ်ကို ကာကွယ်နိုင်မည် ဖြစ်သည်။




**၆။ သဘာဝ၏ အကာအကွယ်များ**

သစ်ပင်များ၊ သဘာဝတောင်ကုန်းများကို ကွယ်၍ အဆောက်အအုံဆောက်ထားလျှင်လည်း လေမုန်တိုင်းဒဏ်ကို ကာကွယ်ပြီးဖြစ်ပါသည်။ သို့သော် သစ်ပင်များ အမြစ်ကျွတ်၍ အိမ်ပေါ်ပိကျလာခြင်း အန္တရာယ်တော့ ရှိနိုင်ပါသေးသည်။







**၇။ အမိုးများ**

ကွန်ကရစ် Structure များတွင် Flat Roof ကို သုံး၍ လေမုန်တိုင်းဒဏ်ကို ကာကွယ်ရန် အကောင်းဆုံးဖြစ်သော်လည်း သွပ်မိုး၊ ကျောက်ပြား အမိုးများ တည်ဆောက်ပါက Roof Pitch သည် ၂၂ ဒီဂရီထက် မငယ်သင့်ပါ။ ဖြစ်နိုင်လျှင် ၃၀ ဒီဂရီ၊ ၄၅ ဒီဂရီစသည်ဖြင့် high pitch gable roof ကို ရွေးချယ်သင့်ပါသည်။ လေးဖက် အုန်းလက် (Hip Roof) သည် လေမုန်တိုင်းဒဏ်ခံရန် အကောင်းဆုံး ဖြစ်သည်။


Hip Roof



Flat Roof

**၈။ ဝရန်တာများ**

မုန်တိုင်းကျရောက်နိုင်သော ဒေသများတွင် အကာမပါရှိသော ကျယ်ပြန့်သော Open Terrace ကို အမိုးမိုးထားခြင်းသည် လေမုန်တိုင်းတိုက်လျှင် အမိုးပွင့်ထွက်ရန် အဖြစ်နိုင်ဆုံး အခြေအနေဖြစ်၍ ရှည်လျားသော Over hang အမျိုးမျိုးကို ရှောင်ရှားသင့်သည်။ အကယ်၍ မဖြစ်မနေတည်ဆောက်ရမည်ဆိုပါက ပင်မအမိုးပေါ်ထက် နိမ့်သော၊ အဖီဆွဲထားသော ဝရန်တာမျိုး ဖြစ်သင့်သည်။ သို့မှသာလေတိုး၍ လန်သွားလျှင် ပင်မအဆောက်အအုံ အမိုးပါမသွားဘဲ ကျန်ခဲ့မည်ဖြစ်သည်။





**၉။ ခေါင် (Ridge)**

ခေါင်ကိုသေချာစွာချုပ်ရန် အရေးကြီးပါသည်။ ဒိုင်းနှစ်ခု ဆက်တွဲရာတွင် Gusset Plate အသုံးပြု၍ တွဲရုံသာမက ချုပ်တန်း ( Collar ) ပါ ထည့်ရပါမည်။

**၁၀။ အမိုးပြားနှင့် ဝက်အူ**

ကောင်းစွာ သွပ်ရည်စိမ်ထားသော 24 gauge သွပ်ပြားကို အနိမ့်ဆုံးအဆင့် အသုံးပြုရမည်ဖြစ်ပြီး သွပ်ရည်စိမ်ထားသော ဝက်အူကို အသုံးပြုရပါမည်။

**၁၁။ ရေကြီးရေလျှံဒေသရှိ အဆောက်အအုံများ**

နှစ်စဉ်ရေကြီးမှုဖြစ်သော ဒေသများ၌ လမ်းများ တည်ဆောက်ရာတွင် ရေလွတ်တာပေါင်ဖို့၍ တည်ဆောက်ရမည်ဖြစ်သလို လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံ ဆေးခန်းများ တည်ဆောက်ရာတွင် ခြေတံရှည်ဖြင့် တည်ဆောက်ရန် စီစဉ်ရပါမည်။ ထိုသို့ စီစဉ်ရာတွင်လည်း High Flood အခြေအနေကိုစဉ်းစားရုံသာမက Abnormal Flood အခြေအနေအထိစဉ်းစား၍ မြှင့်ထားသင့်ပါသည်။


လူနေအိမ်ပုံစံ


စာသင်ကျောင်းပုံစံ


(၁၆) ခုတင်ဆံ့ ဆေးရုံပုံစံ


ဆေးပေးခန်းပုံစံ

လာမည့် စက်တင်ဘာလအတွင်း အနောက်တောင် မုတ်သုံလေသည် မြန်မာပြည်မြောက်ပိုင်းမှ စတင်ဆုတ်ခွာပြီး အောက်တိုဘာလဆန်းပိုင်းတွင် မုတ်သုံအပြီးဆုတ်ခွာမည်ဖြစ်ရာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော လမ်း၊ တံတား၊ လူနေအိမ်၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ လျှပ်စစ်မီးတိုင်အစရှိသည့် အဆောက်အအုံများကို ပြန်လည်တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ တည်ဆောက်ရာတွင် သဘာဝဘေး အန္တရာယ်ကို ခံနိုင်ရည်ရှိမည့်၊ သဘာဝ ဘေးအန္တရာယ်ကျရောက်လျှင်လည်း လူမှုကိစ္စရပ်များ ရပ်တန့်မသွားမည့် အဆောက်အအုံများ (Resilient Structure) တည်ဆောက်သွားနိုင်မှသာ နောင်လာမည့် မိုးရာသီများတွင် အချိန်ကုန်ခြင်း၊ ငွေကုန်ခြင်း၊ လူမှုဒုက္ခများ ခံစားရခြင်း၊ နောက်ဆက်တွဲ ဆိုးကျိုးများ ခံစားရခြင်းတို့မှ ကင်းဝေးမည် ဖြစ်ပါသည်။ ။

# အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပြဋ္ဌာန်း

**အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀ ။)**

**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း (၁)**

**အမည်၊ အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

**အမည်နှင့် အာဏာတည်ခြင်း**

၁။ (က) ဤဥပဒေကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှစ၍ အာဏာတည်စေရမည်။

**သက်ဆိုင်ခြင်း**

၂။ အခြားနည်းဖြင့် သတ်မှတ်ထားခြင်းမရှိလျှင် ဤဥပဒေသည် အောက်ပါအခွန်အမျိုးအစားများနှင့် သက်ဆိုင်စေရမည် -

(က) ဝင်ငွေခွန်၊

(ခ) ကုန်သွယ်လုပ်ငန်းခွန်၊

(ဂ) အထူးကုန်စည်ခွန်၊

(ဃ) ဥပဒေတစ်ရပ်ရပ်အရ ညွှန်ကြားရေးမှူးချုပ်အား တာဝန်အပ်နှင်းထားသည့် အခြားအခွန်။

**အဓိပ္ပာယ်ဖော်ပြချက်များ**

၃။ (က) ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(၁) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(၂) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(၃) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(၄) **ဦးစီးဌာန** ဆိုသည်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာနကို ဆိုသည်။

(၅) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(၆) **တာဝန်ခံအရာရှိ** ဆိုသည်မှာ အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်တာဝန်ပေးအပ်ထားသည့် အခွန်ဝန်ထမ်းကို ဆိုသည်။

(၇) **အခွန်ဝန်ထမ်း** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကို ဆိုသည်။

(၈) **အခွန်ထမ်း** ဆိုသည်မှာ အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေကို ကျင့်သုံးခြင်းအားဖြင့် အခွန်ပေးဆောင်ရန် တာဝန်ရှိသူနှင့် အခွန်ကို ပင်ရင်းမှနုတ်ယူ၍ ဦးစီးဌာနသို့ ပေးသွင်းရန် တာဝန်ရှိသူတို့လည်း ပါဝင်သည်။

(၉) **ကျွမ်းကျင်သူ** ဆိုသည်မှာ အခွန်စီမံအုပ်ချုပ်မှုကို မှန်ကန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုရန် အခွန်ဆိုင်ရာ၊ ဥပဒေဆိုင်ရာ၊ စာရင်းဆိုင်ရာ သို့မဟုတ် အခြားသက်ဆိုင်ရာ ဘာသာရပ်တစ်ခုခုတွင် ကျွမ်းကျင်သူ သို့မဟုတ် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူတစ်ဦးဦးကို ဆိုသည်။

(၁၀) **စာတမ်းအမှတ်အသား** ဆိုရာတွင် အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရေးမှတ်ထားသော စာအုပ်၊ စာရင်း၊ မှတ်တမ်း၊ မှတ်ပုံတင်စာရင်း၊ ဘဏ်ငွေစာရင်းရှင်းတမ်း၊ အချက်အလက်သိုလှောင်သည့် ကိရိယာတွင် သိုလှောင်ထားသည့် ကိန်းဂဏန်း သို့မဟုတ် သတင်းအချက်အလက်တို့လည်း ပါဝင်သည်။

(၁၁) **အခွန်ကြေညာလွှာ** ဆိုသည်မှာ ဦးစီးဌာနသို့ ပုဂ္ဂိုလ်တစ်ဦးဦးက တင်သွင်းရမည့် ကြေညာလွှာ သို့မဟုတ် အခွန်ထမ်းကိုယ်စား ဦးစီးဌာနက ပြုစုပေးသည့် ယင်းပုဂ္ဂိုလ် သို့မဟုတ် အခြားပုဂ္ဂိုလ်များ ပေးဆောင်ရမည့် အခွန်တာဝန်ဆိုင်ရာ သတင်းအချက်အလက်ကို ဖော်ပြထားသော ကြေညာလွှာကို ဆိုသည်။ ယင်းစကားရပ်တွင် သတင်းအချက်အလက် ကြေညာလွှာလည်း ပါဝင်သည်။

(၁၂) **အခွန်ဥပဒေ** ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်အမျိုးအစားများကို စီမံအုပ်ချုပ်သည့် အောက်ပါဥပဒေများကို ဆိုပြီး ယင်းစကားရပ်တွင် အဆိုပါ ဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များလည်း ပါဝင်သည် -

(ကက) ဝင်ငွေခွန်ဥပဒေ၊

( ခခ ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊

( ဂဂ ) အထူးကုန်စည်ခွန်ဥပဒေ၊

(ဃဃ) ညွှန်ကြားရေးမှူးချုပ်အား တာဝန်အပ်နှင်းထားသည့် အခြားအခွန်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်။

(၁၃) **အခွန်** ဆိုသည်မှာ အခွန်ဥပဒေတစ်ရပ်ရပ်အရ ကောက်ခံသည့် နိုင်ငံတော်အစိုးရသို့ မဖြစ်မနေပေးသွင်းရမည့်အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်နှင့်စပ်လျဉ်းသည့် အတိုးနှင့် ဒဏ်ကြေးငွေတို့လည်း ပါဝင်သည်။

(၁၄) **စည်းကြပ်မှု** ဆိုသည်မှာ အခွန်ကာလတစ်ခုအတွက် အခွန်ထမ်းက ပေးဆောင်ရန်တာဝန်ရှိသည့် အခွန်နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ မှတ်တမ်းများတွင် ရေးသွင်းခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပြင်ဆင်စည်းကြပ်မှုနှင့် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (င) အရ စည်းကြပ်မှုတို့လည်း ပါဝင်သည်။

(ခ) ဤဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသည့် စကားရပ်များသည် သက်ဆိုင်ရာ အခွန်ဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း သက်ရောက်စေရမည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခွန်များကို ထိရောက်စွာ ကောက်ခံနိုင်စေရန်၊

(ခ) မတူညီသည့် အခွန်အမျိုးအစားများအား စီမံအုပ်ချုပ်မှုကို တတ်နိုင်သမျှ တစ်ပြေးညီဖြစ်စေရန်၊

(ဂ) အခွန်ထမ်းများ၏ အခွင့်အရေးနှင့် တာဝန်များကို တိကျစွာ သတ်မှတ်ပေးနိုင်ရန်၊

(ဃ) ပြည်တွင်းအခွန်များဦးစီးဌာန၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ပေးနိုင်ရန်၊

(င) အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ် (Self Assessment System) သို့ ကူးပြောင်းကျင့်သုံးရာတွင် ပိုမိုထိရောက်ကောင်းမွန်ပြီး ရှင်းလင်းလွယ်ကူစေရန်။

**အခန်း (၃)**

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများ**

၅။ ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထောင်စုဝန်ကြီး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အောက်ပါတို့ကို ထမ်းရွက်ရန် တာဝန်ရှိသည် -

(က) အခွန်ကောက်ခံခြင်းနှင့် တာဝန်ခံခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံအုပ်ချုပ်ခြင်းနှင့် ကျင့်သုံးဆောင်ရွက်ခြင်း။

**လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်လွှဲအပ်ခြင်း**

၆။ (က) ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ဤဥပဒေပါ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခံယူ လုပ်ပိုင်ခွင့်ရှိရမည်။

(၂) ဤပုဒ်မအရ တာဝန်ခွဲဝေအပ်နှင်းနိုင်သည့် လုပ်ပိုင်ခွင့်မှအပ မိမိအား အပ်နှင်းထားသည့် လုပ်ငန်းတာဝန် သို့မဟုတ် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို အခွန်ဝန်ထမ်းတစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်လွှဲအပ်ပိုင်ခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တည်ဆဲရာထူးတာဝန်တစ်ရပ်ရပ်သို့ဖြစ်စေ လွှဲအပ်နိုင်သည်။

(၃) ပုဒ်မခွဲငယ် (၂) အရ လွှဲအပ်ထားသော လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်ကို မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် မိမိထံတင်ပြရန် လိုအပ်သည့်သတင်းအချက်အလက်၊ ကြေညာချက်နှင့် စာတမ်းအမှတ်အသား တစ်စုံတစ်ရာကို မိမိကအဆိုပြုသည့် ပုဂ္ဂိုလ်တစ်ဦးဦးသို့ သတ်မှတ်ချက်များနှင့်အညီ ပေးအပ်ရန် ခွင့်ပြုနိုင်သည်။

(ဂ) ဤပုဒ်မအရ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်ကို လွှဲအပ်သော်လည်း -

(၁) ညွှန်ကြားရေးမှူးချုပ်က မိမိ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များအား ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်းကို အဟန့်အတားမဖြစ်စေရ။

(၂) ညွှန်ကြားရေးမှူးချုပ်သည် မိမိအားအပ်နှင်းထားသော လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှ လွတ်ကင်းခြင်းမရှိစေရ။

**ကျွမ်းကျင်သူများ၏ အကူအညီရယူခြင်း**

၇။ (က) ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်စေရေးအလို့ငှာ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သင့်လျော်သည်ဟု ယူဆသည့် ကျွမ်းကျင်သူများ၏ အကူအညီကို သတ်မှတ်ချက်များနှင့်အညီ ရယူနိုင်သည်။

(ခ) လုပ်ငန်းတာဝန်တစ်ရပ်ရပ်အတွက် သတ်မှတ်တာဝန်ပေးအပ်ခံရသည့် တာဝန်ခံအရာရှိသည် ကျွမ်းကျင်သူက ပေးအပ်သည့်အကူအညီအပေါ် ကြီးကြပ်ဆောင်ရွက်ရမည်။

(ဂ) မည်သူမဆို ကျွမ်းကျင်သူနှင့် တိုက်ရိုက်ဆက်ဆံဆောင်ရွက်ခြင်း မပြုလိုပါက ငြင်းပယ်ခွင့်ရှိသည်။ သို့ရာတွင် တာဝန်ခံအရာရှိကို အကူအညီပေးလျက်ရှိသော ကျွမ်းကျင်သူအား ဟန့်တားခြင်း မပြုရ။

(ဃ) ကျွမ်းကျင်သူတစ်ဦး၏ အကူအညီကိုရယူရာတွင် အကျိုးစီးပွားချင်း ပဋိပက္ခ (conflict of interest) ဖြစ်နေပါက မည်သူမဆို ညွှန်ကြားရေးမှူးချုပ်ထံ တိုင်ကြားခွင့်ရှိသည်။

(င) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (ဃ) အရ တိုင်ကြားခြင်းအပေါ် စိစစ်၍ ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်ပြီး အကူအညီဆက်လက်ရယူခြင်းနှင့်စပ်လျဉ်း၍ ထိုဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

(စ) ကျွမ်းကျင်သူတစ်ဦးကို တာဝန်ပေးအပ်ခြင်းသည် စာဖြင့်ရေးသားဖော်ပြထားခြင်းမရှိလျှင်သော်လည်းကောင်း၊ ဤပုဒ်မအရ ဆောင်ရွက်ကြောင်း အတိအလင်း ဖော်ပြထားခြင်းမရှိလျှင်သော်လည်းကောင်း သက်ရောက်မှုမရှိစေရ။

(ဆ) ဤပုဒ်မနှင့်အကျုံးဝင်သည့် ကျွမ်းကျင်သူတစ်ဦးသည် ယင်းအား တာဝန်ပေးအပ်ခြင်းကြောင့်သော်လည်းကောင်း၊ ယင်း၏အကူအညီရယူခြင်းကြောင့်သော်လည်းကောင်း အခွန်ဥပဒေတစ်ရပ်နှင့် ဆက်စပ်၍ လက်ဝယ်သို့ရောက်ရှိလာသည့် သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားအားလုံးကို လျှို့ဝှက်ထိန်းသိမ်းရမည်။

(ဇ) ပုဒ်မ ၈ နှင့် ပုဒ်မ ၈၀ တို့သည် ဤပုဒ်မအရ အကူအညီရယူထားသည့် ကျွမ်းကျင်သူအပေါ် သက်ရောက်မှုရှိစေရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၈၁ ခုနှစ်၊ လ ရက်**

**( ၂၀၁၉ ခုနှစ်၊ လ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ (က) ဤဥပဒေကို စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ အာဏာတည်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသော "ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၃။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်သော "ပြည်ထဲရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဟု ပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

---

✻ *ကျောဖုံးမှ*

ကြောင်း၊ ဟန်ဂေရီနိုင်ငံ ပြည်သူ့ဝန်ထမ်း အမျိုးသားတက္ကသိုလ်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းမှုအတွေ့အကြုံနှင့်ပတ်သက်ပြီး မိန့်ခွန်းပြောကြားခဲ့ကာ မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပါကြောင်း။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သို့ သွားရောက်ခဲ့သည့် သုံးနိုင်ငံခရီးစဉ်ကို တင်ပြလိုပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးသည် ပထမဆုံးအနေဖြင့် မေလက တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် ဂျယ်ဂျူးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ဂျပန်နိုင်ငံသို့ မေ ၃၀ ရက်မှ ဇွန် ၂ ရက်အထိ သွားရောက်ကာ 25th Future of Asia Conference သို့ တက်ရောက်ခဲ့ပါကြောင်း၊ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံသို့ သွားရောက်၍ (၂၃)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများသည် အရေးပါသည့် နိုင်ငံတကာ မိတ်ဖက်နိုင်ငံများနှင့် သံတမန်ဆက်သွယ်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**မြောက်ပိုင်းအဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိ**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြောက်ပိုင်းအဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း၊ အဆိုပါအဖွဲ့များက Bilateral ရေးထိုးရန် အဆိုပြုချက်များ ပေးပို့ခဲ့ပါကြောင်း၊ NRPC ဘက်မှ အပစ်အခတ်ရပ်စဲရန်ကိစ္စ၊ နောက်ထပ်တိုက်ပွဲများ မဖြစ်အောင် မည်သို့ဆောင်ရွက်မည်၊ တပ်ပိုင်းဆိုင်ရာကိစ္စများနှင့်ပတ်သက်ပြီး မည်သို့သော စည်းမျဉ်းစည်းကမ်းနှင့် သဘောတူညီချက်များရယူမည်၊ IDP များရှိသည့် ဒေသများတွင် မည်သို့ဆောင်ရွက်မည်၊ NCA လက်မှတ်ရေးထိုးရေး စသည့်ကိစ္စရပ်များသည် Bilateral Agreement တွင် မဖြစ်မနေပါဝင်ရမည့် အချက်များဖြစ်သည်ဟု ရှင်းပြခဲ့ပါကြောင်း။

နောက်တစ်ကြိမ် တွေ့ဆုံပွဲ Bilateral စာချုပ်ဆွေးနွေးညှိနှိုင်းမှုကို မေလ တတိယအပတ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း။

ပန်ဆန်းတွင်တွေ့ဆုံရန် မိမိတို့ဘက်က ညှိနှိုင်းပါကြောင်း၊ ၎င်းတို့ဘက်က မူဆယ်မြို့ကို အဆိုပြုပါကြောင်း၊ မိမိတို့ ဘက်က လားရှိုးကို ပြန်လည်အဆိုပြုပါကြောင်း၊ နောက်ထပ် မြောက်ပိုင်းအဖွဲ့ကနေပြီး နေရာညှိနှိုင်းမှု အဆင်မပြေသည့်အတွက် မိုင်းလားကို အဆိုပြုရာ မိမိတို့ဘက်ကလည်း ကျိုင်းတုံကိုပြန်ပြီး အဆိုပြုပါကြောင်း၊ အဓိကရည်ရွယ်ချက်က တပ်မတော်ဘက်က ဧပြီ ၃၀ ရက် နောက်ဆုံး တပ်မတော်၏ အပစ်ရပ်ကာလ လေးလတာကာလပြီးဆုံးချိန်တွင် နှစ်လ ထပ်မံတိုးပေးခဲ့ပါကြောင်း၊ ယခု ဇွန်လကုန်ဆိုလျှင် သက်တမ်းကုန်မည်ဖြစ်သည့်အတွက် ယခုအချိန်တွင် နောက်ထပ်တိုးတက်မှုများ၊ Bilateral စာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသေးပါက ဆက်လက်ပြီး ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရန် စိုးရိမ်ဖွယ်ရာဖြစ်သည့်အတွက် ယခုလထဲတွင် မဖြစ်မနေတွေ့နိုင်ရန် ပြန်လည်အဆိုပြုထားပါကြောင်း။

**တိုက်ပွဲများ သိသိသာသာလျော့နည်းသွား**

ယခုကာလတွင် KIA, KIO နှင့် အထူးသဖြင့် တပ်မတော်၏ အပစ်ရပ် လေးလတာကာလနှင့် နှစ်လတာ တိုးချဲ့ကာလတွင် တိုက်ပွဲများ သိသိသာသာလျော့နည်းသွားပါကြောင်း၊ လျော့နည်းသွားသည့် အပေါ်တွင်လည်း ဒေသအတွက် တည်ငြိမ်အေးချမ်းမှု အထောက်အကူပြုပါကြောင်း၊ ယခင်က ကချင်ပြည်နယ် နန့်ဆန်ယန်ကျေးရွာ IDP များ မိမိသဘောဆန္ဒအလျောက် ပြန်သွားသည့်အပေါ် မိမိတို့အစိုးရအပိုင်းကလည်း ကူညီထောက်ပံ့မှုများပြုလုပ်ပေးပါကြောင်း၊ ယခုကျောင်းများ ပြန်ဖွင့်သည့်အခါ ကျောင်းသား ကျောင်းသူများ ကျောင်းနေနိုင်ရန် လမ်းပန်းဆက်သွယ်ရေး အခြေအနေများ ကောင်းမွန်ရန် တစ်ဆက်တည်းလုပ်ဆောင်နေပါကြောင်း။

တပ်မတော်နှင့် KIA အကြားတွင် ညှိနှိုင်းဆွေးနွေးမှုများအနေဖြင့် နှစ်ကြိမ်တိတိ အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ပထမဖြစ်ရပ်တွင် လီဆူတိုင်းရင်းသားတစ်ယောက်ကို KIA က ဖမ်းဆီးသွားသည့်အတွက် မိမိတို့က KIA ဘက်ကို မေးပါကြောင်း၊ KIA အနေဖြင့် ၎င်းတို့၏ တပ်သားခွင့်ပြန်သွားရာ မလာသည့်အတွက်ကြောင့်ဟု ပြောပါကြောင်း၊ သို့သော် လီဆူတိုင်းရင်းသားများဘက်က မဟုတ်ဘူးဟုပြောသည့်အတွက် မိမိတို့က KIA နှင့် ညှိနှိုင်းပါကြောင်း၊ ယင်းသို့ညှိနှိုင်းရာတွင် KIA ဘက်က ငြိမ်းချမ်းရေးကို ရှေးရှုပြီး ပြည်သူလူထုက ပြန်လွှတ်ပေးပါဟု တောင်းဆိုနေမှုများအတွက် သုံးယောက်ပြန်လွှတ်ပေးခဲ့ခြင်းရှိပါကြောင်း၊ ၎င်းဖြစ်စဉ်သည် နှစ်ဖက်တင်းမာမှုများ လျော့ကျစေနိုင်ခဲ့သည့် အချက်တစ်ချက်ဖြစ်ပါကြောင်း။

**နှစ်ဖက်နားလည်မှုရှိရှိ ညှိနှိုင်း**

ဒုတိယဖြစ်စဉ်မှာ ယမန်နေ့ကဖြစ်ပွားခဲ့သည့် ဖားကန့်လမ်းကြောင်းမှာရှိသည့် နန့်ရားဆိုသည့်နေရာတွင် KIA စခန်းရှိပြီး တပ်မတော်စစ်ကြောင်းသွားသည့်အခါ ၎င်းနေရာတွင်ရှိသည့် KIA အဖွဲ့နှင့် ပစ်ခတ်မှုဖြစ်မည့်အခြေအနေ ဖြစ်ပွားခဲ့ပါကြောင်း၊ ယင်းအခြေအနေတွင် မိမိတို့ NRPC က ကြားက PCG ကိုပြောပါကြောင်း၊ PCG ကိုလည်း KIA ဘက်ကို ပြောပေးရန်ဖြစ်ပြီး ယခုအချိန်တွင် Bilateral စာချုပ်မချုပ်နိုင်သေးသည့်အတွက် တိုက်ပွဲများ ပြန်ဖြစ်လာပါက ထိန်းသိမ်းရခက်မည်ဖြစ်သည့်အတွက် နှစ်ဖက်က နားလည်မှုရှိရှိ ညှိနှိုင်းဆောင်ရွက်ရန်၊ တိုက်ပွဲများမဖြစ်ရန် အဓိကဆောင်ရွက်ပေးရန်ပြောသည့်အတွက် KIA ဘက်ကလည်း ဖယ်ပေးခဲ့ပါကြောင်း၊ သို့သော် မိမိတို့အနေဖြင့် KIA နှင့် တိုက်ပွဲများဖြစ်လာနိုင်သည့် အနေအထားများကို ကြိုတင်၍ နှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပဋိပက္ခများပြန်ဖြစ်လာမည်ကို ရှောင်ရှားနိုင်ခဲ့ပါကြောင်း။

နောက်တစ်ချက်အနေဖြင့် နန့်ဆန်းယန် IDP ကိစ္စများတွင်လည်း နှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်နိုင်သည့် အနေအထားဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် NRPC နှင့် ကချင်ပြည်နယ်စစ်ဘေးရှောင်များ ကူညီထောက်ပံ့ရေးကော်မတီ (KECC)တို့ အလုပ်သဘောဆွေးနွေးပွဲ ရန်ကုန်တွင် ပြုလုပ်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ဧပြီလ ၂၆ ရက်က နေပြည်တော် NRPC တွင် KECC နှင့် Formal meeting ပြုလုပ်ခဲ့ပါကြောင်း၊ သဘောတူညီချက်များ ရရှိခဲ့ပါကြောင်း။

**နေရပ်စွန့်ခွာသူ (IDP)များ အရေးကိစ္စ**

နောက်ဆက်တွဲအနေဖြင့် အစိုးရဆောင်ရွက်ထားမှုများက ကချင်ပြည်နယ်တွင်ရှိသည့် နေရပ်စွန့်ခွာသူ(IDP)များ အရေးကိစ္စဆောင်ရွက်ရန်အတွက် မိမိတို့ Working ကော်မတီ တစ်ခုဖွဲ့ထားပါကြောင်း၊ ၎င်းအဖွဲ့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင်ဦးဆောင်ပြီး ပညာရေး၊ ကျန်းမာရေးစသည့် ကိစ္စများနှင့်ပတ်သက်သည့် ဌာနဆိုင်ရာက ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ယင်းအဖွဲ့သည် IDP စခန်းများ ပိတ်သိမ်းပြီး မိမိနေရပ်ကို ပြန်လာနိုင်ရေးအတွက် ပြီးခဲ့သည့် မေ ၂၄ ရက်တွင် မြစ်ကြီးနား၌ KECC နှင့် တွေ့ဆုံခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပသတင်းမီဒီယာများက သိလိုသည်များကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းစဉ်**

# မစိမ့်ထက်အား ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကယ်ဆယ်ရှာဖွေရေးအဖွဲ့၏ ဆောင်ရွက်ခဲ့မှုများအား သတင်းထုတ်ပြန်

ရန်ကုန် ဇွန် ၇

**မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျင်ဦး ဦးဆောင်သော ကယ်ဆယ်ရှာဖွေရေးအဖွဲ့အနေဖြင့် မစိမ့်ထက်အား ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကယ်ဆယ်ရှာဖွေရေးအဖွဲ့၏ ဆောင်ရွက်ခဲ့မှုများအား သတင်းထုတ်ပြန်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။**



ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားနေစဉ်။

ဖန်ဂရန်ရာဇီရေခဲတောင်ပေါ်တွင် အသက်ဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသော မစိမ့်ထက်အား ဦးကျင်ဦး ဦးဆောင်သော ကယ်ဆယ်ရှာဖွေရေးအဖွဲ့များမှ ရှာဖွေရေး ပထမခရီးစဉ်အဖြစ် ဧပြီ ၂၄ ရက်တွင် ရန်ကုန်မှ ထွက်ခွာကာ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို စတင်ခဲ့ကြသည်။ ထို့နောက် မစိမ့်ထက်၏ ဂျာကင်အင်္ကျီ၊ မျက်မှန်တို့ကို အမြင့်ပေ ၁၃၀၁၆ တွင် တွေ့ရှိခဲ့ပြီးနောက် ရာသီဥတု ဆိုးရွားနေသည့်အတွက်ကြောင့် ကယ်ဆယ်ရေးအဖွဲ့သည် ပြန်လည်ဆုတ်ခွာခဲ့ကြသည်။

ထို့နောက် ဒုတိယခရီးစဉ်အဖြစ် မိသားစုဘက်မှ ရှာဖွေရေးဆောင်ရွက်ပြီး ကယ်ဆယ်ရေးအဖွဲ့မှ အကြံပေးအဖြစ် ကူညီဆောင်ရွက်သည့် ခရီးစဉ်ကို မေ ၁၈ ရက်တွင် ထပ်မံရှာဖွေခဲ့ကြသည်။ မေ ၂၄ ရက်တွင် ရှာဖွေရေးအဖွဲ့သည် မစိမ့်ထက်၏ ခန္ဓာကိုယ်၊ ကျောပိုးအိတ်သေး၊ ဖိနပ်တစ်ဖက်၊ အင်္ကျီ၊ ဦးထုပ်များကို ပေတစ်ရာပတ်လည်တွင် ပြန့်ကျဲလျက်ရှိသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။ ရှာဖွေကယ်ဆယ်ရေးအဖွဲ့အနေဖြင့် မစိမ့်ထက်၏ ကိုယ်ခန္ဓာအား ပြန်လည်သယ်ဆောင်ကာ ပူတာအိုမြို့သို့ မေ ၂၇ ရက်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ပူတာအိုဆေးရုံတွင် မစိမ့်ထက်၏ ခန္ဓာကိုယ်အား ခွဲစိတ်စစ်ဆေး၍ ရုပ်အလောင်းကို မေ ၃၀ ရက်တွင် မီးသင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။

"သူတို့ကို စပြီးစစ်နေတယ်လို့ တစ်ဆင့်စကားတော့ ကြားရတယ်။ တစ်ဖွဲ့လုံးကို ပူတာအိုမှာစစ်ဆေးနေပြီလို့ ကြားရတယ်။ ဆေးစစ်တော့ ပြောတာက ခန္ဓာကိုယ်ကအပိုင်းပိုင်း မဖြစ်ပါဘူး။ သူတာဝန်မဲ့ ပြောပြီးတော့ သေချာမကြည့်ခဲ့ဘဲ ပြောတဲ့အတွက် သူ့စိတ်ထဲမှာလည်း ဒီဟာမရှာလောက်တော့ဘူး။ ဒီလူမတွေ့လောက် ဘူးလို့ သူယူဆလို့ ဒီလိုပြောတာဖြစ်မှာပါ။ တွေ့ရှိချက်ကတော့ ခန္ဓာကိုယ်က အကောင်းအတိုင်းပါပဲ။ ဘာမှ ပျက်တာတွေဘာတွေ လုံးဝမရှိပါဘူး။ တခြားထိခိုက်မှုအနေနဲ့ သူတို့ပြောပုံအရ ဦးခေါင်းပိုင်းကြေသွားတယ်။ အရှိန်နဲ့ ပြုတ်ကျတဲ့အတွက် ဗိုက်မှာ တစ်ပေလောက်ပွင့်တယ် ဒီလောက်ပဲ ကျွန်တော်သိတယ်။ ကျွန်တော်ကတော့ ဥပဒေကြောင်းအရ သွားမှာပါ။ ကျွန်တော့်သမီးလေး ဒီလိုဆုံးရှုံးသွားတယ်ဆိုတာ ကျွန်တော်တို့ မိသားစုအတွက် ဘယ်အရာနဲ့မှတိုင်းတာလို့မရတဲ့ ဖြစ်စဉ်တစ်ခုလို့ ကျွန်တော်ယူဆတယ်။ တရားဥပဒေကလည်း ကျွန်တော်တို့မိသားစုနဲ့ ကျွန်တော်တို့ အသိုင်းအဝိုင်းကို မစိမ့်ထက်ရဲ့ သူငယ်ချင်းတွေ အပေါင်းအသင်းတွေကို မျှတတဲ့ပြစ်ဒဏ်မျိုး ဒီခေါင်းဆောင်နှစ်ယောက်ကို ပေးနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်" ဟု မစိမ့်ထက်၏ ဖခင်ဖြစ်သူ ဦးမောင်မောင်လေးက ပြောကြားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - ထိန်လင်း**

# ပန်းဆိုးတန်း ကူးတို့သင်္ဘောနှင့် ဆိပ်ခံဖောတံတားပေါ်တို့တွင် ကျူးကျော်ဈေးသည်များ ပြန်လည်ရောင်းချမှုမရှိစေရန် ဆက်လက်ကြီးကြပ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၇**

ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ဒလသို့ ပြေးဆွဲနေသော ချယ်ရီကူးတို့သင်္ဘောပေါ်နှင့် ဆိပ်ခံဖောတံတားပေါ်တွင် ဈေးရောင်းချလျက်ရှိသည့် ဈေးသည်များကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(မြစ်ဝကျွန်းပေါ်ဌာန)မှ ၂၀၁၈ ခုနှစ်တွင် ရှင်းလင်းဆောင်ရွက်ခဲ့ရာ ယခင်ထက် ရေယာဉ်နှင့်ဆိပ်ကမ်း သာယာလှပစေခဲ့သည့်အပြင် နေ့စဉ်ခရီးသွားများနှင့် နိုင်ငံခြားခရီးသွားများ သွားလာရေးအဆင်ပြေချောမွေ့လျက်ရှိ၍ ကျူးကျော်ဈေးသည်များ ဆက်လက်ရောင်းချမှုမရှိစေရန် ဆက်လက်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(မြစ်ဝကျွန်းပေါ်ဌာန) မှ သိရသည်။

"ဈေးသည်တွေ သင်္ဘောပေါ်နဲ့ ဆိပ်ခံဖောတံတားပေါ်မှာ ပြန်ပြီး ကျူးကျော်ဈေးရောင်းမှုမရှိအောင် နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိကို ရုံးဝန်ထမ်းတွေ စောင့်ကြပ်ဆောင်ရွက်ပါတယ်။ ရှေ့ဆက်ပြီးလည်း ဆောင်ရွက်သွားမှာပါ။ အခုလို ဆောင်ရွက်နိုင်တဲ့ အကျိုးကျေးဇူးက မြစ်အတွင်း ပလတ်စတစ်နဲ့ အခြားစွန့်ပစ်ပစ္စည်း ကျရောက်မှုကင်းဝေးသွားပြီးတော့ ခရီးသွားတွေလည်း စိတ်အနှောင့်အယှက်မရှိတော့တဲ့အပြင် ရေယာဉ်အတက်၊ အဆင်းပိတ်ဆို့မှု လုံးဝမရှိတော့တာကြောင့် မြို့ပြရဲ့ မြစ်ကူး ကူးတို့ဆိပ်အင်္ဂါနဲ့ညီသွားတာတော့ အမှန်ပါ"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမြစ်ဝကျွန်းပေါ်ဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းမြင့်က ပြောသည်။

ရန်ကုန်ပန်းဆိုးတန်းနှင့် ဒလသို့ နေ့စဉ်နံနက် ၅ နာရီမှ ည ၉ နာရီခွဲထိ တစ်ရက်လျှင် ခေါက်ရေ ၄၆ ခေါက်ထိ ချယ်ရီကူးတို့ရေယာဉ်ဖြင့် ပြေးဆွဲပေးလျက်ရှိပြီး မေလမှ စက်တင်ဘာလတွင် နိုင်ငံခြားခရီးသွားစီးနင်းမှု နည်းသော်လည်း ပွင့်လင်းရာသီတွင် ရန်ကုန်မြို့သို့ နိုင်ငံခြားခရီးသွား ဝင်ရောက်မှုနှင့်အတူ ခရီးသွားပြန်လည်ဝင်ရောက်မှုကြောင့် ရန်ကုန်-ဒလကူးတို့ပြေးဆွဲမှုမှ နိုင်ငံခြားဝင်ငွေ ပြန်လည်ရရှိလျက်ရှိသည်။

ပန်းဆိုးတန်းကူးတို့ဆိပ်လက်မှတ်ရုံနှင့် ပန်းဆိုးတန်းတံတားကြားတွင် သစ်သီးသည်များ၊ စားသောက်ပစ္စည်းများနှင့် ထမင်းဆိုင်၊ အအေးဆိုင်များ ဖွင့်လှစ်ရောင်းချမှုရှိနေဆဲ ဖြစ်သည်။ ရေယာဉ်ပေါ်မှ ပန်းဆိုးတန်းတံတားပေါ်သို့ တက်ရောက်ရာတွင် ကျူးကျော်ဈေးဆိုင်တန်းများကြောင့် ခရီးသည် ၂၀၀ ကျော် ၃၀၀ မှာ လမ်းကျဉ်းကျဉ်းမှ ဖြတ်သန်းသွားလာရလျက်ရှိ၍ ကျူးကျော်ဈေးသည်များကို ရှင်းလင်းဆောင်ရွက်နိုင်ပါက နန်းသီတာဆိပ်ကမ်းနှင့် ပန်းဆိုးတန်းဆိပ်ကမ်းသည် အများပြည်သူ အပန်းဖြေအနားယူရာနေရာတစ်ခုအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။ **သန်းထိုက်**

# မြန်မာ ယူ-၂၂ အသင်း ခြေစမ်းပွဲတွင် ဗီယက်နမ် ယူ-၂၂ ကို ရှုံးနိမ့်

**ရန်ကုန် ဇွန် ၇**

ဗီယက်နမ် ယူ-၂၂ အသင်းနှင့် မြန်မာ ယူ-၂၂ အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညပိုင်းက ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ ဗီယက်နမ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပထမပိုင်းတွင် ဗီယက်နမ်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး မြန်မာအသင်းမှာမူ ထိရောက်သည့်တိုက်စစ်ဆင်မှု အနည်းငယ်သာပြုလုပ်နိုင်ခဲ့သည်။ ၁၄ မိနစ်တွင် ဗီယက်နမ် ယူ-၂၂ အသင်း ဂိုးစရခဲ့ပြီး ထောင့်ကန်ဘောမှ ပြန်လျှံထွက်လာသောဘောလုံးကို ဗီယက်ဟောင်က အပြင်းကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းစခါနီးတွင် မိုးရွာသွန်းပြီး မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိသောကြောင့် ပွဲကို မိနစ် ၃၀ ကျော် ရပ်နားခဲ့ရသည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်းက ကစားသမားများ အပြောင်းအလဲပြုလုပ် ခဲ့ပြီး တိုက်စစ်မြှင့်ခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း အခွင့်အရေးအချို့ ပြန်ရသော်လည်း အသုံးမချနိုင်ဘဲ ဗီယက်နမ်အသင်းက ၅၅ မိနစ်နောက်ပိုင်းတွင် တိုက်စစ်ပြန်ဆင်နိုင်ခဲ့သည်။ ၇၅ မိနစ်တွင် ဗီယက်နမ်အသင်း ဒုတိယဂိုးရခဲ့ပြီး တိုက်စစ်မှူး တန်လမ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ၇၆ မိနစ်တွင် မြန်မာအသင်းတိုက်စစ်မှူး ဝင်းနိုင်ထွန်း နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရ၍ ဂိုးပြန်ရရန် ခက်ခဲသွားခဲ့သည်။ ပွဲပြီးခါနီး တွင်လည်း ဗီယက်နမ်အသင်းမှ ကစားသမားတစ်ဦး ထုတ်ပယ်ခံခဲ့ရသည်။

**ညီမြတ်သော်တာ**

# သေနတ်ပစ် နည်းပြ/အုပ်ချုပ်မှုသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇွန် ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ သေနတ်ပစ် အားကစား အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော သေနတ်ပစ်နည်းပြ/ အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် Multipurpose Hall ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က သေနတ်ပစ်အားကစားနည်းသည် အခြားအားကစားနည်းများနှင့် မတူဘဲ အဆောက်အဦပိုင်း၊ လက်နက်ခဲယမ်းပိုင်း၊ အထောက်အကူပိုင်းနှင့် နည်းစနစ်/နည်းပြပိုင်းတွင် ကုန်ကျစရိတ်များပြီး တားမြစ်ချက် အများဆုံး အားကစားနည်း တစ်ခုဖြစ်ကြောင်း၊ အကြောင်းရင်းမှာ လူကို အန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်များဖြင့် ပြိုင်ပွဲပြုလုပ်ထားပြီး သေနတ်ပစ်နည်းစနစ်များနှင့်ပတ်သက်၍ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတကာ သေနတ်ပစ်အဖွဲ့ချုပ်များ၏ နည်းစနစ်များကို အက်တာနက်မှ တစ်ဆင့် လေ့လာကြစေလိုကြောင်း၊ မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ရာတွင်လည်း မိမိတို့မိသားစု သွေးရင်းသားရင်းသဖွယ် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း။

မိမိတတ်ကျွမ်းသော နည်းစနစ်၊ နည်းပညာပိုင်းများသာမက နေ့စဉ်တိုးတက်ပြောင်းလဲနေသော နည်းစနစ်များကို အမီလိုက်ကာ မိမိတို့ တတ်ကျွမ်းထားသော အုပ်ချုပ်မှုနည်းပညာများဖြင့် စံနမူနာထား၍ မိမိတို့ အားကစားသမားများကို သင်ကြားအုပ်ချုပ်ပြီး သေနတ်ပစ်အားကစားနည်းဖြင့် နိုင်ငံတော်အတွက် အောင်မြင်မှုများကို ဆက်လက်မြှင့်တင်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးက သင်တန်းသား / သင်တန်းသူများကို သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါ သေနတ်ပစ်အားကစား နည်းပြ/အုပ်ချုပ်သူသင်တန်း (၁/၂၀၁၉)တွင် သင်တန်းသား ၃၁ ဦး၊ သင်တန်းသူ ၁၅ ဦး စုစုပေါင်း ၄၆ ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇွန် ၃ ရက်မှ ၇ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂိုးပြတ်အနိုင်ရသည့် အား/ကာသိပ္ပံအသင်း အမျိုးသမီးလိဂ်တွင် ဗိုလ်စွဲရန် နီးစပ်

**ရန်ကုန် ဇွန် ၇**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၄) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ကျင်းပရာ အား/ကာသိပ္ပံအသင်းက YREO အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် ယခုပွဲဂိုးပြတ်အနိုင်ရလဒ်ကြောင့် ချန်ပီယံဆုရရန် နီးစပ်သွားခဲ့ပြီး နှစ်နှစ်ဆက်ချန်ပီယံ မြဝတီအသင်းအနေဖြင့် နောက်ဆုံးပွဲတွင် ၂၄ ဂိုးနှင့်အထက် အနိုင်ရမှသာ ချန်ပီယံဆုကာကွယ်နိုင်တော့မည်ဖြစ်သည်။ YREO အသင်း၏ တုံ့ပြန်မှုကြောင့် အား/ကာသိပ္ပံအသင်း အားကုန်ထုတ်ကစားခဲ့ရပြီး ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်း အတွက် အနိုင်ဂိုးများကို ၂၅ မိနစ်တွင် ခင်မာလာထွန်း၊ ၅၅ မိနစ်တွင် ရီရီဦး၊ ၈၅ မိနစ်တွင် ရွှေရည်ထွန်းတို့က သွင်းယူခဲ့သည်။

ယခုရာသီ အမျိုးသမီးလိဂ်မှာ ပြီးဆုံးရန် တစ်ပွဲသာကျန်ရှိတော့ပြီး နောက်ဆုံးပွဲဖြစ်သည့် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ပွဲကို ဇွန် ၁၀ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# အသုံးပြုသူ အကာအကွယ်ပေးသည့် စံနှုန်းများ သတ်မှတ်နိုင်ရန် (မူကြမ်း)အား အများပြည်သူများ အကြံပြုနိုင်

**နေပြည်တော် ဇွန် ၇**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် အသုံးပြုသူကို အကာအကွယ်ပေးသည့် စံနှုန်းများသတ်မှတ်နိုင်ရန် Consumer Protection Code for Public Telecommunication Services, Premium Rate Services & Outbound Voice, SMS & Data Roaming Services (Outbound Voice, SMS & Data Roaming Services) (မူကြမ်း)အပေါ် အများပြည်သူများ သိရှိအကြံပြုနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website www.motc.gov.mm တွင်လည်းကောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ Website www.ptd.gov.mm နှင့် Facebook စာမျက်နှာ Posts & Telecommunications Department တွင်လည်းကောင်း ရယူကြည့်ရှုနိုင်ရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**နေမာ ဘာစီလိုနာအသင်းသို့သာ ပြောင်းရွှေ့လို**

ဘာရာဇီးတိုက်စစ်ကစားသမား နေမာ (၂၇နှစ်) သည် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခွင့်ကို ငြင်းပယ်လိုက်ပြီး ဘာစီလိုနာအသင်းသို့သာ ပြောင်းရွှေ့လိုသည်ဟု ပီအက်စ်ဂျီအသင်းကို ပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဒီလစ်အား ခေါ်ယူရေး မေးမိုန်ပျက်ပြယ်သွားပြီဖြစ်သည့် မန်ယူ**

မန်ယူအသင်းသည် အသက် ၁၉ နှစ်အရွယ် နယ်သာလန်ခံစစ်ကစားသမား ဒီလစ်အနေဖြင့် ပီအက်စ်ဂျီ သို့မဟုတ် ဘာစီလိုနာအသင်းတစ်သင်းသင်းသို့သာ ရွေးချယ်ဖွယ်ရှိသောကြောင့် အဆိုပါ ကစားသမားအား ခေါ်ယူရေး မေးမိုန်ပျက်ပြယ်သွားပြီဖြစ်ကြောင်း မက်ထရိုသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**မျက်နှာသစ်ကစားသမား နှစ်ဦးအား ခေါ်ယူရန် မန်ယူ ပစ်မှတ်ထားနေ**

မန်ယူအသင်းသည် ရာသီအကြိုပွဲစဉ်များ မစတင်မီတွင် မျက်နှာသစ်ကစားသမား နှစ်ဦးအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ဒါမီယန်အား ကမ်းလှမ်းရန် ဆန္ဒရှိနေသည့် ဗလင်စီယာ**

ဗလင်စီယာအသင်းသည် မန်ယူနောက်ခံကစားသမား ဒါမီယန် (၂၉နှစ်) အား ပေါင် ရှစ်သန်းဖြင့် ကမ်းလှမ်းလိုကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**အယ်လ်ဂါဇီကို အပြီးသတ်ခေါ် ယူမည့် ဗီလာ**

အက်စ်တွန်ဗီလာအသင်းသည် လိုင်လီအသင်းမှ နယ်သာလန်တိုက်စစ်ကစားသမား အန်ဝါ အယ်လ် ဂါဇီ (၂၄နှစ်) အား ပေါင် ရှစ်သန်းဖြင့် အပြီးသတ်ခေါ်ယူဖွယ်ရှိကြောင်း ဂါးဒီးယန်းတွင် ဖော်ပြထားသည်။

**တိုင်းလီမန်းစ်အား ခေါ်ယူလိုနေသည့် မန်ယူ**

မန်ယူအသင်းအနေဖြင့် အပြောင်းအရွှေ့ကာလတွင် အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ (၂၆နှစ်) ထွက်ခွာသွားပါက ပြီးခဲ့သည့်ရာသီ လက်စတာစီးတီးအသင်းတွင် အငှားဖြင့် ကစားခဲ့သော မိုနာကိုအသင်းမှ အသက် ၂၂ နှစ်အရွယ် တိုင်းလီမန်းစ်အား ခေါ်ယူလိုနေကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**နေရှင်းလိဂ်ဆီမီးဖိုင်နယ်၌ နယ်သာလန်က အင်္ဂလန်အား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ**

နေရှင်းလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဇွန် ၇ ရက် နံနက်ပိုင်းက နယ်သာလန်နှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန်အတွင်း တစ်ဖက်တစ်ဂိုးစီသရေကျနေ၍ အချိန်ပိုဆက်လက်ကစားရာ အချိန်ပိုတွင် သုံးဂိုး-တစ်ဂိုးဖြင့် နယ်သာလန်အသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဂိုးများကို ပွဲအစ ၃၂ မိနစ်တွင် ရက်ရှ်ဖို့ဒ်က ပယ်နယ်တီမှတစ်ဆင့် အင်္ဂလန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဒုတိယပိုင်းပွဲချိန် ၇၃ မိနစ်တွင် ဒီလစ်က ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည်။ အချိန်ပိုတွင် အင်္ဂလန်အသင်းမှ ဝေါလ်ကာက ကိုယ့်ဂိုးကိုယ်သွင်းမိ၍ နယ်သာလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး နယ်သာလန်အသင်းအတွက် တတိယဂိုးကို ပွဲကစားချိန် ၁၁၄ မိနစ်တွင် ပရမ်းစ်က သွင်းယူပေးနိုင်ခဲ့သည်။ နေရှင်းလိဂ်ဗိုလ်လုပွဲအား လာမယ့်တနင်္ဂနွေနေ့တွင် အိမ်ရှင်ပေါ်တူဂီနှင့် နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**အောင်ဇော်**



နယ်သာလန်ကစားသမားများ ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။

# ၂၀၂၀ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ MIU အသင်း ယှဉ်ပြိုင်ခွင့်ရရှိ

**ရန်ကုန် ဇွန် ၇**

2019 MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် MIU အသင်းသည် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အာဆီယံဖူဆယ်ကလပ် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းကို ၂၀၂၀ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဟု ထုတ်ပြန်ထားပြီး MIU အသင်းက ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ MIU အသင်းသည် မေ ၈ ရက်မှ ဇွန် ၅ ရက်အထိ ကျင်းပသည့် 2019 MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ပွဲတိုင်းအနိုင်ရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ MIU အသင်းသည် ဗိုလ်လုပွဲတွင် VUC အသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ဂိုးအရှုံးမှ သုံးဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ MIU အသင်းသည် ယင်းပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲခြင်းဖြစ်ပြီး အသင်းသမိုင်းတစ်လျှောက် ခုနစ်လုံးမြောက်ရရှိသည့် ဆုဖလားလည်းဖြစ်သည်။ MIU အသင်းသည် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် ၂၀၂၀ ပြည့်နှစ်၌ပါ ထပ်မံယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သောကြောင့် သုံးကြိမ်ဆက်တိုက်နှင့် ငါးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရှိမှုဖြစ်လာခဲ့သည်။ MIU အသင်းသည် ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကိုလည်း ယှဉ်ပြိုင်ခွင့်ရထားပြီး အောင်မြင်မှုရယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ ငါးကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ပြီးခဲ့သည့် လေးကြိမ်တွင် ထိုင်းကလပ်အသင်းများကသာ ဗိုလ်စွဲထားပြီး မြန်မာကလပ်အသင်းများအနက် MIU အသင်းက သုံးကြိမ်၊ PU အသင်းက တစ်ကြိမ် ယှဉ်ပြိုင်ခွင့်ရထားသည်။ MIU အသင်းသည် ယှဉ်ပြိုင်ခွင့်ရသည့် သုံးကြိမ်စလုံး တတိယရခဲ့ပြီး ယခုနှစ်နှင့် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် အောင်မြင်မှုပိုမိုရယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**ရဲရင့်ရှိုင်း**




2019 MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် MIU အသင်း။ ဓာတ်ပုံ-ဖိုးသော်ဇင်

# မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ကရာတေးကစားသမား ၄၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇွန် ၇**

ဒုတိယအကြိမ် မြန်မာနိုင်ငံ ကရာတေး အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အလွတ်တန်း ကရာတေးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံ / လေလုံအားကစားခန်းမ၌ ကျင်းပရာ အားကစားသမား ၄၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



ကုမိတဲ့ ပြိုင်ပွဲ၌ ကစားသမားများ ယှဉ်ပြိုင်နေစဉ်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဝင်းဇော်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။ ပထမနေ့ပွဲစဉ်၌ စီနီယာချန်ပီယံပြိုင်ပွဲတွင် ဆီးဂိမ်းပဏာမ ရွေးချယ်ထားသော ကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကလပ်အသင်းများ၊ ဝန်ကြီးဌာနအသင်းများ၊ အား/ကာသိပ္ပံကျောင်းများမှ အားကစားသမားများက "ခတ"၊ "ကုမိတဲ့" တစ်ဦးချင်း အသင်းလိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

"ဒီပြိုင်ပွဲက တစ်စုတစ်စည်းတည်း ကျင်းပရတဲ့အတွက်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ဝန်းမှာရှိတဲ့ အားကစားမောင်မယ်တွေ၊ မျိုးဆက်သစ် အားကစားသမားတွေ စိတ်ဝင်စားမှုကို ရရှိပါတယ်။ ဒါကြောင့် ကရာတေး အားကစား တိုးတက်ရေးအတွက်ကိုလည်း အထောက်အပံ့ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဝင်းဇော်က ပြောသည်။

ယင်းပြိုင်ပွဲကို ဇွန် ၈ ရက်၌ ဂျူနီယာတန်း အသက် ၁၄ နှစ်၊ ၁၂ နှစ် ပြိုင်ပွဲများ၊ ဇွန် ၉ ရက်တွင် အသက် ၁၀ နှစ် ဗိုလ်လုပွဲပြိုင်ပွဲများ ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အသင်း ၃၄ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# မင်းလှမြို့နယ် ကုန်းကြီးဆီခြံကုန်း၌ မီးလောင်မှုဖြစ်

**အထက်မင်းလှ ဇွန် ၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကုန်းကြီးကျေးရွာအနီး ဆီခြံကုန်း အကွက်အမှတ်(၁၇)ရှိ မင်းလှမြို့ရုံးရပ် တောင်ပိုင်းရပ်ကွက်နေ မယုလှဲ့၏ ဆီခြံတွင် ဇွန် ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မယုလှဲ့၏ဆီခြံတွင် ဆီသိုလှောင်တာဝန်ခံအဖြစ် လုပ်ကိုင်သူ မင်းလှမြို့ရုံးရပ်တောင်ပိုင်းရပ်ကွက်နေသူ မျိုးမင်းလတ်(ခ)ဝကြီးက ဂါလန် ၁၀၀၀ ဆံ့ အုတ်ကန်ထဲရှိ ရေနံစိမ်း ဂါလန် ၂၅၀ ကို ဆီသိုလှောင်ကန်ထဲသို့ ၁ ဒသမ ၅ လက်မပိုက်ဖြင့် ပြောင်းထည့်စဉ် ပွတ်တိုက်မိရာမှ မီးစတင်လောင်ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန်ထဲရှိ ရေနံစိမ်း ဂါလန် ၂၅၀ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။



မီးလောင်မှုဖြစ်သည့်နေရာ၌ မီးသတ်တပ်ဖွဲ့များ ငြိမ်းသတ်နေမှုကို တွေ့ရစဉ်။

မီးလောင်မှုဖြစ်ပွားရာသို့ မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကြည်ငြိမ်း၊ မင်းလှမြို့မစခန်းမှူး ဒုရဲမှူး သန်းလှိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဟိန်းဇော်လင်းနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်သူများက မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှိုင်သာယာမြို့နယ်အတွင်း လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များနှင့် လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေလတတိယပတ်က လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် ရန်ကုန်-ပုသိမ် လမ်းမပေါ်တွင် ဌေးမင်းပိုင်(ခ) ပိုင်ပိုင်၊ ကျော်ရဲထွဋ်(ခ) အငယ်ကောင်နှင့် အောင်စိုးတို့ကို စစ်ဆေးရာ ၎င်းတို့ထံမှ Vivo ဖုန်းမှာ ၂၀၁၉ ခုနှစ် မေလအတွင်း လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန် ဗိုလ်အောင်ကျော်လမ်းမပေါ်တွင် ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးတစ်ဦးထံမှ လုယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့သုံးဦးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ယင်းနောက် ဆက်လက်စစ်ဆေးရာ ၎င်းတို့သုံးဦးသည် ၂၀၁၉ ခုနှစ် မတ်လနှင့် ဧပြီလတို့အတွင်း လှိုင်သာယာမြို့နယ်၌ စုစုပေါင်း ရွှေဆွဲကြိုး ၁၃ ကုံး လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူ ဌေးမင်းပိုင်(ခ)ပိုင်ပိုင် ပါ သုံးဦးကို ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပင်လည်ဘူးမြို့နယ်အတွင်း တရားမဝင်ကျောက်စိမ်းအရိုင်းတုံး ၂၁၁၅ ကီလို သိမ်းဆည်းရမိ

**ပင်လည်ဘူး ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကန်ကုန်းကျေးရွာအနီး တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းမိကြောင်း သိရသည်။

ပင်လည်ဘူးမြို့မရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ်သက်ပိုင် ဦးစီးသောရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၆ ရက် ည ၁၀ နာရီခွဲက ပင်လည်ဘူးမြို့နယ် ကံကုန်းကျေးရွာအနီး ယာဉ်ပိုင်ရှင် ကိုသက်(ခ)သက်နိုင်နှင့် ဇာနည်ဟိဏ်းတို့ ရပ်ထားသော 9I/---- ယာဉ်အား ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်မှတရားမဝင်ကျောက်စိမ်းအရိုင်းတုံး ၁၂ ထုပ် (အလေးချိန် ၃၀ ကီလိုဂရမ်) ကို သိမ်းဆည်းရမိသည်။

၎င်းတို့အား ဆက်လက်စစ်ဆေးချက်အရ ယနေ့နံနက်က ယာဉ်ကို ကားဝပ်ရှော့ဆရာဖြင့် ဆက်လက်ရှာဖွေခဲ့ရာ တရားမဝင်ကျောက်စိမ်းအရိုင်းတုံး ၂၉၃ ထုပ် (စုစုပေါင်း အလေးချိန် ၂၁၁၅ ကီလိုဂရမ်) ကို ရှာဖွေစစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ကျောက်စိမ်းတုံးများသယ်ဆောင်လာသူ မန္တလေးမြို့သင်ပန်းကုန်းရပ်နေသူ ကိုသက်(ခ)သက်နိုင်နှင့် သိန်းနီမြို့ အမှတ် ၃ ရပ်နေသူ ဇာနည်ဟိဏ်းတို့ကို ပင်လည်ဘူးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**လှအောင်(ကသာ)**



သိမ်းဆည်းရမိသည့် ကျောက်စိမ်းအရိုင်းတုံးများကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၈-၆-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၇း၄၀ | - | Weekly Sport Info |
| ၈း၃၅ | - | ပန်းပျိုးခင်း(အပိုင်း-၅၅) |
| ၉း၁၀ | - | ယာဉ်စည်းကမ်း လမ်းစည်းကမ်း နိုးဆော်ချက် |
| ၉း၁၅ | - | News Watch TV |
| ၉း၃၅ | - | မြစ်မခမီဒီယာ(ပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း) |
| ၁၀း၃၀ | - | မိုးကြိုးဘေးအန္တရာယ်အတွက် လိုက်နာရန် အချက်များ |
| ၁၂း၃၀ | - | လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၂၀ | - | Don't Use Cell Phone While... |
| ၁၆း၃၅ | - | "ဝန်းကျင်သဘာဝ မျှလိုက သစ်ပင်စိုက်ကြ ဝဿန်ကာလ" |
| ၁၇း၃၅ | - | NHK အစီအစဉ် "Project X: Innovators No" (အတွင်းကျကျဇာတ်လမ်း- ထူးခြားဆန်းသစ်သော အဏုကြည့်ကင်မရာ)(ပထမပိုင်း) |
| ၁၇း၅၅ | - | မူးယစ်အန္တရာယ် |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသ အခြေအနေ |
| | - | လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေး |

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၇**

မိုးညှင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၅ ရက် ည ၁၁ နာရီက မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာလမ်းတွင် ကိုလင်း မောင်းနှင်ပြီး ဂျွန်းအောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၂၂၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၆၅ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဇွန် ၆ ရက်က မိုးညှင်းမြို့ အရှေ့စုရပ်ကွက်နေ မညိုညိုဝင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ သမီးဖြစ်သူ မနန်းသိမ့်သိမ့်ထွန်းနှင့်အတူ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇွန် ၆ ရက် ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်-နမ့်စန်သွားကားလမ်းတွင် ပေါ်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ နံနက် ၆ နာရီက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလုကျေးရွာသွားကားလမ်းဘေးရှိ အားခွေနှင့် ဒေါ်မီချူးတို့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ အားတ ကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၅၅ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား (အကြေမှုန့်) ၂၄၀ ဂရမ်၊ ဘိန်းဖြူ ၈၀ ဒသမ ၂ ဂရမ်၊ ဘိန်းစိမ်း ၁၀၀ ဂရမ်၊ တူမီးသေနတ် သုံးလက်နှင့် ထိုင်းဘတ် ၄၀၀၀၀ တို့ကို လည်းကောင်း။

အလားတူ နံနက် ၉ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့ လက်ခုတ်တန်းရပ်ကွက် အမှတ်(၃) လမ်းရှိ မလွမ်းပါ၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၂၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၃၀ တို့ကို လည်းကောင်း။

နံနက် ၉ နာရီ မိနစ် ၅၀ က တပ်မတော်မှ လောက်ကိုင်မြို့နယ် မန်လော်ကျေးရွာအုပ်စု ကာပူကျိုင်းကျေးရွာလမ်းတွင် ဖူဝင်မြီအား စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၉ ဂရမ် သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ၎င်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ပေါ်ထွန်း အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**ကိုရဲ**

# မန္တလေး- သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ် ကျောက်မဲမြို့နယ် ခိုမှုန်းကျေးရွာအနီး တွဲယာဉ်တိမ်းမှောက်

**သီပေါ ဇွန် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး- သီပေါ- လားရှိုး-မူဆယ်သွားပြည်ထောင်စုလမ်းမကြီးပေါ် ကျောက်မဲမြို့နယ် ခိုမှုန်းကျေးရွာအနီး မိုင်တိုင်အမှတ် (၁၀၆/၆-၅) တွင် ယနေ့နံနက် ၈ နာရီခွဲက မူဆယ်မှ မန္တလေးသို့ စက္ကူလိပ်များ တင်ဆောင်လျက် ယာဉ်မောင်း တင်မောင်အေး မောင်းနှင်သည့် တွဲယာဉ်အမှတ် TLR/-----သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်သွားသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ပရဟိတအဖွဲ့ဝင်များက ယာဉ်မောင်းကို ထိခိုက်မှုမရှိအောင် အပြင်သို့ကယ်ထုတ်ခဲ့ပြီး ယာဉ်အကူတစ်ဦးမှာ ဒဏ်ရာရရှိခဲ့သဖြင့် ကျောက်မဲပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး နေပြည်တော်တွင် ဆန္ဒထုတ်ဖော်

**နေပြည်တော် ဇွန် ၇**

အမည်ပေါက်လယ်ယာမြေများအား လုပ်ငန်းရှင်များက မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့်ရယူပြီး မသက်ဆိုင်သောမြေများပါ သိမ်းဆည်းထားမှုကို ပြန်လည်ရရှိရေးအတွက် သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် ဆန္ဒ ထုတ်ဖော်မှုကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် ဘောလုံးကွင်း၌ ပြုလုပ်ခဲ့သည်။

**ကွင်းဆင်းစိစစ်ခဲ့**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လော့်ကာကျေးရွာအုပ်စုရှိ လယ်ယာဥယျာဉ် စိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများ၏ ကွင်းအမှတ် (OSS-71)(၆၀၃)(၆၀၈-ခ)(၆၈၀) အဆိုပါ လယ်ယာမြေများအား သိမ်းဆည်းမှုနှင့်ပတ်သက်၍ ယင်းမြေယာမြေများအား လုပ်ငန်းရှင် ဦးချန်ကျန်း(ခ)ဦးကြိုင်၊ ဦးမြဝင်းအပါအဝင် လုပ်ငန်းရှင်ရှစ်ဦးက အဆိုပါကျေးရွာရှိ တောင်သူများ၏ မြေယာများအား မြေလွတ်မြေရိုင်း ထုတ်ယူပြီး သိမ်းဆည်းခဲ့မှုကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က ဝန်ကြီးချုပ်၏လမ်းညွှန်ချက်ဖြင့် အထူးမြေယာရှင်းလင်းရေးအဖွဲ့ဖွဲ့ပြီး ကွင်းဆင်းစိစစ်ခဲ့ကြောင်း၊ စိစစ်ချက်အရ လုပ်ငန်းရှင်များသည် ဂရန်ကျထား မြေ ဧရိယာအဖြစ် မပါဝင်သောမြေများပါ သိမ်းယူထားသည်ကို ပေါ်ပေါက်ခဲ့သည့်အတွက် အဆင့်ဆင့် တင်ပြတိုင်ကြားထားသော်လည်း အရေးယူဆောင်ရွက်မှုမရှိသည့်အတွက် ယခုကဲ့သို့ နေပြည်တော်သို့ လာရောက်၍ ဆန္ဒထုတ်ဖော်ပြသခြင်းဖြစ်ကြောင်း ဆန္ဒပြအဖွဲ့ ခေါင်းဆောင် ဦးစောကျော်စွာမင်းက ပြောကြားသည်။

**လုံခြုံရေးဆောင်ရွက်ပေးခဲ့**

ဆန္ဒထုတ်ဖော်ပြရာတွင် ဦးစောကျော်စွာမင်း ဦးဆောင်မှုဖြင့် အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၆၀ ပါဝင်ကာ ဆန္ဒပြအဖွဲ့အား ဥတ္တရသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွန်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝင်း၊ တောင်ညိုနယ်မြေရဲစခန်းမှူး ရဲအုပ်မောင်မောင်ရွှေနှင့် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# တရုတ်နိုင်ငံနှင့် စီးပွားရေးအရ ရင်းနှီးသည့်ဆက်ဆံမှုရရှိရေး ရုရှားကြိုးပမ်း


တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ပူတင်တို့ တွေ့ဆုံစဉ်။

**ပေကျင်း ဇွန် ၇**

ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်းသည် တရုတ်နိုင်ငံနှင့် စီးပွားရေးအရ နက်နဲသည့် ဆက်ဆံရေးမျိုးကို အလိုရှိကြောင်း၊ တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကိုလည်း ထောက်ခံကြောင်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် တရုတ်သမ္မတ ရှီကျင့်ဖျင်ကို ကြာသပတေးနေ့က စိန့်ပီတာစဘတ်ရှိ တက္ကသိုလ်တွင် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ အပ်နှင်းသည့်အခမ်းအနားကျင်းပစဉ် ရုရှားသမ္မတ ပူတင်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် တရုတ်နိုင်ငံမှ စီစဉ်နေသည့် ဒေါ်လာ ဘီလီယံနှင့်ချီပြီး တန်ကြေးရှိသည့် စီမံကိန်းတစ်ခုဖြစ်ပြီး အာရှမှ ကမ္ဘာသို့ ကူးလူး ဆက်ဆံနိုင်မည့် ကုန်သွယ်ရေးလမ်းကြောင်းချဲ့ထွင်ရန် စီမံထားခြင်းလည်းဖြစ်သည်။ တိုင်းပြည်အများအပြားမှာလည်း အဆိုပါစီမံကိန်းတွင် ပါဝင်လိုကြကြောင်း ရုရှားသမ္မတ ပူတင်က ပြောသည်။

သမ္မတရှီကလည်း ရုရှားနိုင်ငံနှင့် ပိုမိုနီးကပ်လာရန် မျှော်လင့်ထားကြောင်း ပြောသည်။ ယခုနှစ်အတွင်း တရုတ်-ရုရှား သံတမန်ရေးရာအရ ဆက်ဆံရေး နှစ် (၇၀) ပြည့် မြောက်ခဲ့ပြီဖြစ်ရာ နှစ်နိုင်ငံဆက်ဆံရေးမှာ ခေတ်သစ်သို့ ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ် သည်ဟု သမ္မတရှီက ပြောသည်။ ရုရှားနိုင်ငံသည် စီးပွားရေးဖိုရမ်ကို စိန့်ပီတာစဘတ် မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနေခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍတို့ အတွက် လုပ်ဆောင်နေသော တရုတ်နိုင်ငံပိုင်ကုမ္ပဏီနှင့် သဘောတူစာချုပ် ချုပ်ဆို နိုင်ရေး မျှော်လင့်ထားသည်။ တရုတ်နိုင်ငံနှင့် နီးကပ်သွားခြင်းမှာ ရုရှားနိုင်ငံအနေဖြင့် ကုန်သွယ်ရေးပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရပြီး အနောက်အုပ်စုနှင့် ထိပ်တိုက်ရင်ဆိုင် မှုများ ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## အစ္စရေးမှတစ်ဆင့် တရုတ်နိုင်ငံသို့ နည်းပညာများ ပေါက်ကြားမည်ကို အမေရိကန်စိုးရိမ်

**ဝါရှင်တန် ဇွန် ၇**

အမေရိကန်၏ အမျိုးသားလုံခြုံရေးနှင့် ဆက်နွယ်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များ အစ္စရေးကုမ္ပဏီများမှတစ်ဆင့် တရုတ်နိုင်ငံဆီသို့ ပေါက်ကြားသွားမည်ကို စိုးရိမ်ရကြောင်း အိမ်ဖြူတော်မှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောသည်။

အမျိုးသားလုံခြုံရေးနှင့် အရှေ့အလယ်ပိုင်းဆိုင်ရာကောင်စီမှ ညွှန်ကြားရေးမှူးဖြစ်သူ ဗစ်တိုးရီးယား ကုတ်စ်က လတ်တလောတွင် တရုတ်နိုင်ငံက အစ္စရေးနည်းပညာကုမ္ပဏီများဆီသို့ ချဉ်းကပ်နေသည်ကို ရည်ညွှန်းကာ ပြောကြားခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် တစ်နှစ်တည်းမှာပင် တရုတ်နိုင်ငံဘက်မှ အစ္စရေးနည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ၁၀ ဆ တိုးလာကြောင်း ၎င်းက ပြောသည်။ အစ္စရေးနည်းပညာများမှ စစ်ဘက်ဆိုင်ရာများတွင် အသုံးပြုနိုင်သည့် နည်းပညာများ စီးဆင်းသွားမည်ကို စိုးရိမ်မိကြောင်း ဗစ်တိုးရီးယားက ပြောသည်။ အစ္စရေးနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို အထူးဂရုပြုသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမျိုး ဖြစ်သင့်ကြောင်း ၎င်းက ဆက်ပြောသည်။

အမေရိကန် ကွန်ဂရက်သုတေသနဌာနမှ ဧပြီလအတွင်း တင်ပြခဲ့သည့် အစီရင်ခံစာအရ တရုတ်နိုင်ငံသည် အမျိုးသားလုံခြုံရေးနှင့် ဆက်နွယ်နေသည့် နည်းပညာများကို အစ္စရေးနည်းပညာကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် ရရှိသွားနိုင်ကြောင်း ဖော်ပြထားသည်။ တရုတ်နိုင်ငံပိုင်ကုမ္ပဏီသည် အစ္စရေးလေဆိပ်တွင် စီမံခွင့်ရရှိသွားမည်ကို အမေရိကန်ရေတပ်က စိုးရိမ်လျက်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည် အဆင့်မြင့်နည်းပညာများကို လွှမ်းမိုးနိုင်ရန် အပြန်အလှန် ကြိုးစားလျက်ရှိရာ ထိုအထဲတွင် 5G နည်းပညာလည်း အပါအဝင်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဒိန်းမတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အတိုက်အခံပါတီခေါင်းဆောင် နိုင်ငံ၏ အငယ်ဆုံးဝန်ကြီးချုပ်ဖြစ်လာမည်

**ကိုပင်ဟေဂင် ဇွန် ၇**

ဒိန်းမတ်နိုင်ငံ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်သည် သမိုင်း တစ်လျှောက်တွင် ယင်းနိုင်ငံ၏ အငယ်ဆုံးဝန်ကြီးချုပ်ဖြစ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ဆိုရှယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် မက်တီဖရက်ဒရစ်ဆန်သည် အသက် ၄၁ နှစ်သာ ရှိသေးသော အမျိုးသမီးတစ်ဦးဖြစ်ကာ နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာမည့်သူဖြစ်ကြောင်း သိရသည်။ ဒိန်းမတ်နိုင်ငံကို လမ်းကြောင်းသစ်ဆီသွားစေလိုသည့်အတွက် မဲဆန္ဒရှင်များက ၎င်းတို့၏ပါတီကို မဲပေးခဲ့ကြခြင်းဖြစ်ကြောင်း ၎င်း၏ အောင်ပွဲခံမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အထွေထွေရွေးကောက်ပွဲတွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီက မဲစုစုပေါင်း ၂၆ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံရေးပါတီများအားလုံးထက် အသာစီးရပြီး အမတ် ၁၇၉ နေရာရှိသည့် လွှတ်တော်တွင် အမတ်နေရာ ၉၁ နေရာ ရရှိခဲ့သည်။

မိမိတို့ပါတီအနေဖြင့် ညွန့်ပေါင်းမဟုတ်ဘဲ တစ်ပါတီတည်း အစိုးရဖွဲ့နိုင်အောင် ကြိုးစားသွားမည်ဖြစ် ကြောင်းနှင့် တစ်ချိန်တည်းမှာပင် လူဝင်မှုကြီးကြပ်ရေးနှင့်ဆိုင်သည့်ကိစ္စများအတွက် လက်ယာယိမ်းပါတီများ ၏ ထောက်ခံမှုကို ရယူသွားမည်ဖြစ်သလို လူမှုဖူလုံရေးကိစ္စအတွက်လည်း လက်ဝဲယိမ်းပါတီများ၏ ထောက်ခံမှု ရရှိအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အတိုက်အခံ ဆိုရှယ်ဒီမိုကရက်တစ်ပါတီက အနိုင်ရပြီးနောက် ဝန်ကြီးချုပ် လားစ်လော့ကီရက်စမူဆင်းန်က ရှုံးနိမ့်ကြောင်း ဝန်ခံပြောကြားခဲ့ပြီး ရာထူးမှ နုတ်ထွက်မည်ဟု ဇွန် ၆ ရက်က ကြေညာခဲ့သည်။

အစိုးရသစ်မဖွဲ့နိုင်သေးမီအထိ မိမိအစိုးရအနေဖြင့် အိမ်စောင့်အစိုးရအဖြစ် ဆက်လက်တာဝန်ယူ သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရက်စမူဆင်းန်က ပြောခဲ့သည်။ ထို့အတူ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ အနေဖြင့် မိမိ၏ လစ်ဘရယ်ပါတီနှင့် ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ရန်ကိုလည်း အကြံပြုခဲ့သည်။ **အေအက်ဖ်ပီ**


ရွေးကောက်ပွဲ အနိုင်ရရှိသည့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီမှ ပါတီခေါင်းဆောင် မက်တီဖရက်ဒရစ်ဆန်။

# ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နေရာမှ ဖယ်ရှားပေး

လန်ဒန် ဇွန် ၇

**ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် သောကြာနေ့တွင် ကွန်ဆာဗေးတစ်ပါတီ ဥက္ကဋ္ဌ ရာထူးမှ ဖယ်ရှားပေးခဲ့ပြီး ပါတီခေါင်းဆောင်နေရာ ရွေးချယ်ပွဲအတွက် ယှဉ်ပြိုင်မှုမှာလည်း စတင်ပြီဖြစ်သည်။ ၎င်း၏နေရာကို ဆက်ခံမည့်သူမှာ ထရီဆာမေ မလုပ်ဆောင်နိုင်ခဲ့သည့် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးကို ဆက်လက်လုပ်ဆောင်ရမည် ဖြစ်သည်။**

ပါတီခေါင်းဆောင်သစ် မရွေးချယ်ရမီအချိန်အထိ ထရီဆာမေသည် ဝန်ကြီးချုပ်တာဝန် ဆက်လက်ထမ်းဆောင်ရမည် ဖြစ်သည်။ ထို့ကြောင့် ဇူလိုင်လနှောင်းပိုင်းအထိ ဝန်ကြီးချုပ်တာဝန် ဆက်လက်ထမ်းဆောင်ရမည်ဖြစ်သည်။ သို့သော် ဘရီးဇစ်အရေးကိုင်တွယ်မှုကိုမူ လက်လျှော့ထားရမည်ဖြစ်သည်။ ဥရောပသမဂ္ဂမှ ဗြိတိန်တရားဝင်နုတ်ထွက်မည့်ရက်မှာ အောက်တိုဘာ ၃၁ ရက်ဟု သတ်မှတ်ထားဆဲဖြစ်သည်။

၂၀၁၆ ခုနှစ် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးအတွက် လူထုဆန္ဒခံယူပွဲပြီးနောက် ထရီဆာမေ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ အပြီးသတ်နုတ်ထွက်ရေးကို နှစ်ကြိမ်တိုင်တိုင် နှောင့်နှေးခဲ့ရသည်။ နောက်ဆုံးတွင် ၎င်းမှာ ဘရီးဇစ်အရေးတွင် ရှုံးနိမ့်သွားပြီဟု လွန်ခဲ့သည့်လက ဝန်ခံခဲ့သည်။ ထရီဆာမေ၏နေရာတွင် အစားထိုးရန် ဝင်ရောက်ယှဉ်ပြိုင်မည့် ကွန်ဆာဗေးတစ်အမတ် ၁၁ ဦးရှိသည်။ ထိုအထဲတွင် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဘောရစ်ဂျွန်ဆင်လည်း အပါအဝင်ဖြစ်သည်။ ပါတီခေါင်းဆောင်အဖြစ် အရွေးခံရသူသည် ထရီဆာမေ၏ အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်သွားမည်လား၊ ဘရီးဇစ်ကို နောက်ထပ်တစ်ခါ နှောင့်နှေးခံမည်လားဆိုသည်ကို ဆုံးဖြတ်ရန် လနည်းငယ်အချိန်ရမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

# နီပေါနိုင်ငံ ကျေးရွာအချို့တွင် မုန်တိုင်းတိုက်ခတ်ရာ တစ်ဦးထက်မနည်းသေဆုံး

**ခတ္တမန္ဒူ ဇွန် ၇**

နီပေါနိုင်ငံ ကိုင်လာလီနှင့် ကန်ချာပူခရိုင်များရှိ ကျေးရွာများတွင် ယမန်နေ့က အားကောင်းသော မုန်တိုင်းတိုက်ခတ်ခဲ့ရာ လူတစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး ၃၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ကျေးရွာများသို့ မုန်တိုင်းဝင်ရောက်သည်နှင့်တစ်ပြိုင်နက် ဒေသခံအုပ်ချုပ်ရေးအသိုင်းအဝိုင်းက ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း၊ မုန်တိုင်းကြောင့် နေအိမ်များ၊ အများပြည်သူနှင့် ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များလည်း ပျက်စီးခဲ့သည်ဟု ပြည်ထဲရေးဇဟိုဌာန အတွင်းဝန် ပရမ်ကူမာရိုင်က ပြောသည်။

ဒေသခံအာဏာပိုင်များက မုန်တိုင်းဒဏ်သင့်သော ဒေသများမှ သတင်းအချက်အလက် လိုက်လံစုဆောင်းနေသောကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် သစ်ပင်များနှင့် လျှပ်စစ်မီးတိုင်များ လဲပြိုခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

ဒဏ်ရာရသူများအား ဆေးကုသမှုခံယူရန် ဒေသခံဆေးရုံများသို့ အလျင်အမြန်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ၂၀၁၉ ခုနှစ် ဧပြီလက နီပေါနိုင်ငံ တောင်ပိုင်း ဘာရာနှင့် ပါစာခရိုင်များတွင် အားပြင်းသောမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် လူပေါင်း ၃၀ သေဆုံးပြီး ရာပေါင်းများစွာ ဒဏ်ရာရခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**


မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေရာအချို့ကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ထရမ့် အိုင်ယာလန်သို့ရောက်ရှိစဉ် ဆန္ဒပြမှုများနှင့်ရင်ဆိုင်ရ

ဒဗ္ဗလင် ဇွန် ၇

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့သို့ ရောက်ရှိစဉ် ဆန္ဒပြမှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ကြာသပတေးနေ့ ညနေပိုင်းတွင် လူထောင်ပေါင်းများစွာက သမ္မတထရမ့်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။ လူထောင်ပေါင်းများစွာ စုဝေးကြပြီး ကြော်ငြာစာတန်းများကိုင်ဆောင်ကာ ထရမ့်ကို ဆန့်ကျင်ကြောင်း ကြွေးကြော်ခဲ့ကြသည်။

ရာသီဥတုပြောင်းလဲမှု၊ လူဝင်မှုကြီးကြပ်ရေး၊ အမျိုးသမီးများအပေါ် နှိမ့်ချဆက်ဆံမှု၊ လူမျိုးရေးခွဲခြားမှုတို့ကြောင့် ထရမ့်ကို ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ သမ္မတထရမ့်သည် အိုင်ယာလန်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ဇွန် ၅ ရက်က ရောက်ရှိခဲ့ခြင်းဖြစ်သည်။ လူမှုရေးအုပ်စုများ၊ နိုင်ငံရေးပါတီများ၊ ထရမ့်ဆန့်ကျင်ရေးအသင်းများက ယခုပြုလုပ်သည့် ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြသည်။

သမ္မတထရမ့်သည် အိုင်ယာလန်ရှိ ၎င်းပိုင်ဆိုင်သည့် ဂေါက်ကလပ်တွင် နှစ်ရက်ကြာ အနားယူပြီးနောက် ဇွန် ၇ ရက်တွင် အမေရိကန်နိုင်ငံသို့ ပြန်မည်ဖြစ်သည်။

ဆင်ဟွာ

### ဘရာဇီးနိုင်ငံရောက် ဗင်နီဇွဲလား ဒုက္ခသည်များကို ကူညီရန် ဂျပန်ကမ်းလှမ်း

တိုကျို ဇွန် ၇

ဘရာဇီးနိုင်ငံတွင် ရောက်ရှိနေသည့် ဗင်နီဇွဲလားဒုက္ခသည်များ၊ ရွှေ့ပြောင်းနေထိုင်သူများကို အကူအညီပေးနိုင်ရေး ဘရာဇီးနိုင်ငံဘက်ကို ဂျပန်မှကမ်းလှမ်းမှုပြုမည်ဟု သိရသည်။

အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်း အကူအညီပေးမည်ဟု သိရသည်။ ဖေဖော်ဝါရီလမှစတင်ကာ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးလာသည့် ဗင်နီဇွဲလားနိုင်ငံသား ၃ ဒသမ ၄ သန်းခန့်ရှိကြောင်း သိရသည်။ ၎င်းတို့မှာ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပဋိပက္ခများကြောင့် ထွက်ပြေးလာရခြင်းဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံတွင် ငွေကြေးဖောင်းပွမှု အဆမတန်မြင့်မားနေခြင်းကြောင့် နေထိုင်မှုဘဝအတွက် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ ဘရာဇီးနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံသား ၉၆၀၀၀ ကို လက်ခံထားရှိသည်။ ဂျပန်နိုင်ငံမှပေးအပ်မည့် အကူအညီများသည် အရေးပေါ်ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ ကလေးငယ်များအပေါ် အမြတ်ထုတ်ခြင်းတို့မှ အကာအကွယ်ပေးနိုင်ရေး ရည်ရွယ်ကာ ပေးအပ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံသည် ယခင်ကလည်း ဆေးပစ္စည်းများနှင့် ပြည်တွင်း၌ပင် ပြောင်းရွှေ့နေထိုင်ကြသည့် ဗင်နီဇွဲလားနိုင်ငံသားများအတွက် ဒေါ်လာ ၁ ဒသမ ၈ သန်းကျော်ခန့် အကူအညီပေးအပ်ခဲ့ဖူးသည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်နဲ့ ဥရောပမဟာမိတ်တွေကြား ပေါ်ပေါက်လာတဲ့ နောက်ထပ်သဘောထားကွဲလွဲမှုတစ်ခု

**ချူးစန္ဒီနွေး**

**အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပမဟာမိတ်နိုင်ငံတွေဟာ ဇွန်လ ၆ ရက်နေ့မှာတော့ (၇၅) ကြိမ်မြောက် D-Day အခမ်းအနားကို ကျင်းပခဲ့ကြပါတယ်။ D-Day ဆိုတာ ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၄ ခုနှစ် ဇွန်လ ၆ ရက်နေ့မှာ မဟာမိတ်တပ်သားတွေ ပြင်သစ်နိုင်ငံ နော်မန်ဒီကမ်းခြေမှာ ကမ်းတက်တိုက်ပွဲဆင်နွှဲပြီး ဂျာမနီလက်အောက်ရောက်နေတဲ့ ပြင်သစ်ကို ကယ်တင်နိုင်ဖို့ ပူးပေါင်းစစ်ဆင်ရေး ဆင်နွှဲခဲ့တဲ့နေ့ ဖြစ်ပါတယ်။ အဲဒီအခမ်းအနားကို အမေရိကန်သမ္မတ ထရမ့်ကလည်း ဗြိတိန်ဝန်ကြီးချုပ်၊ ပြင်သစ်သမ္မတတို့အပါအဝင် ဥရောပခေါင်းဆောင်တွေနဲ့အတူ တက်ရောက်ခဲ့ပါတယ်။**



ဒတ်ချ်နှင့် ဂျာမနီစစ်သားများပါဝင်သော ဥရောပတင့်ကားတပ်ဖွဲ့။

#### သဘောထားကွဲလွဲ

ဒီလိုမျိုး အတူတကွတက်ရောက်ခဲ့ကြပေမယ့် အနာဂတ် ဥရောပကာကွယ်ရေးနဲ့ ပတ်သက်ပြီး အမေရိကန်နဲ့ ဥရောပခေါင်းဆောင်တွေကြား နှစ်ဖက်သဘောထားတွေ ကွဲလွဲစရာပေါ်ပေါက်လျက်ရှိပါတယ်။ အမေရိကန်ကတော့ ဥရောပသမဂ္ဂကို ကိုယ်ပိုင်ကာကွယ်ရေးအတွက် စရိတ်ပိုမိုကျခံပေးဖို့ ဖိအားပေးခဲ့ပါတယ်။ သမ္မတထရမ့်လက်ထက်မှာ ဒီလိုဖိအားပေးမှုအသံဟာ ပိုပြီးကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာခဲ့ပါတယ်။ အခုအခါမှာတော့ ဥရောပသမဂ္ဂဟာ ကာကွယ်ရေးအသုံးစရိတ်၊ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေအတွက် တုံ့ပြန်မှုတွေပြုလုပ်ပေမယ့် အမေရိကန်ဘက်ကတော့ စဉ်းစားစရာတွေ ရှိနေပါတယ်။ ဒီအရွေ့ကြောင့် Trans-Atlantic (အတ္တလန်တစ်ပူးပေါင်းဆောင်ရွက်ရေး) ကို ထိခိုက်မှာ စိုးရိမ်ရသလို အမေရိကန်ကုမ္ပဏီတွေအတွက် အကျိုးအမြတ်ရယူဉ်ပြိုင်မှုတွေမှာ ထိခိုက်လာမှာကို စိုးရိမ်ရတယ်လို့ အမေရိကန်ဘက်က အကြောင်းပြချက်ပေးထားပါတယ်။

#### အဆင်မပြေမှုဆီ ဦးတည်

အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့အကြား ကုန်သွယ်ရေး၊ ရာသီဥတုပြောင်းလဲမှုနဲ့ အီရန်အရေးကိစ္စတို့မှာ သဘောထားကွဲလွဲမှုတွေ ပေါ်ပေါက်ခဲ့ပြီး အခု ကာကွယ်ရေးအသုံးစရိတ်ကိစ္စဟာလည်း နောက်ထပ် သဘောထားကွဲလွဲစရာ အချက်တစ်ချက်ဖြစ်လာခဲ့ပါတယ်။ အမှန်တကယ်တော့ ဥရောပကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်ဖို့ဟာ အမေရိကန်သမ္မတ ထရမ့်ရဲ့တောင်းဆိုမှုကနေတစ်ဆင့် ဖြစ်ပေါ်လာတာဖြစ်ပြီး ဥရောပမဟာမိတ်တွေနဲ့ အဆင်မပြေမှုဆီကို ဦးတည်သွားခဲ့ပါတယ်။ ဒီအစီအစဉ်ဟာ ဝါရှင်တန်မှာ သီးခြားဆွေးနွေးစဉ်ကတည်းက အဆင်မပြေဖြစ်ခဲ့တာလို့ ဥရောပသံတမန်တွေက ပြောပါတယ်။

#### ကန့်သတ်ထား

အမေရိကန် အဆင့်မြင့်သံတမန်တစ်ဦးဖြစ်တဲ့ မိုက်ကယ်ဂျေမာဖရေးကတော့ ဥရောပနဲ့ ယူရေရှားကိစ္စရပ်များဆိုင်ရာ ဗျူရိုမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့အတွင်း ကာကွယ်ရေးအစီအစဉ်တွေမှာ တတိယနိုင်ငံတွေပါဝင်မှုကို ကန့်သတ်ထားတာကိုလည်း အမေရိကန်က သဘောမကျဘူးလို့ ပြောပါတယ်။ အချို့သောနိုင်ငံတွေဟာ အပေါ်ယံရွေ့မှုန်ကြဲထားတဲ့ ကာကွယ်ရေးမူဝါဒအောက်ကို လိုက်နေကြပြီး အမျိုးသားကာကွယ်ရေးလုပ်ငန်းတွေကိုသာ ဦးစားပေးလုပ်ဆောင်နေကြတယ်။ နောက်ပြီးတော့ ကနေဒါ၊ နော်ဝေနဲ့ အမေရိကန်တို့လိုမျိုး အဖွဲ့ကြီးအတွင်းမှာ ပါဝင်ခြင်းမရှိတဲ့နိုင်ငံတွေ ပါဝင်မှု၊ ယှဉ်ပြိုင်မှုတွေကိုလည်း ဖြတ်ချပစ်ဖို့ ကြိုးစားနေတယ်လို့ သူက ဆက်ပြောပါတယ်။

#### ဥရောပကာကွယ်ရေးရန်ပုံငွေ

ဥရောပသမဂ္ဂနိုင်ငံရေးနဲ့ လုံခြုံရေးကော်မတီက ဥရောပသံတမန်တွေကတော့ အခြေအနေတွေကတော့ တင်းမာနေပြီလို့ ပြောပါတယ်။ ပထမဆုံးအကြိမ်အဖြစ် ဥရောပကာကွယ်ရေးရန်ပုံငွေဆိုတာ ရှိလာတော့မှာဖြစ်ပြီး ဥရောပသမဂ္ဂ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကနေ သုံးစွဲမှာပါ။ ၂၀၂၁ ကနေ ၂၀၂၇ အထိ ယူရို ၁၃ ဘီလီယံ သို့မဟုတ် ယူရို ၁၄ ဒသမ ၆ ဘီလီယံကို သုံးစွဲသွားဖို့ စီစဉ်ထားပါတယ်။ အဖွဲ့ဝင်နိုင်ငံ ၂၈ နိုင်ငံထဲက ၂၅ နိုင်ငံဟာ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရေးတွေမှာ အတူလုပ်ဆောင်သွားဖို့ သဘောတူထားပါတယ်။ ဗြိတိန်အနေနဲ့ ဥရောပသမဂ္ဂကနေ အပြီးသတ်နုတ်ထွက်ပြီးသွားပြီဆိုရင် ဗြိတိန်ဟာလည်း စည်းဝိုင်းအပြင်ရောက်သွားမှာဖြစ်လို့ အခုအခါမှာတော့ အမေရိကန်နဲ့ တစ်လေသံတည်းထွက်ပါတယ်။ ဥရောပရဲ့ ကာကွယ်ရေးကဏ္ဍ အဆင့်မြှင့်တင်မယ့် အစီအစဉ်အရ ဥရောပသမဂ္ဂ အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေဟာ ထူးခြားတဲ့ အခြေအနေမျိုးမှာသာ ပါဝင်ခွင့်ရှိမှာဖြစ်တဲ့အတွက် ဗြိတိန်နဲ့ အမေရိကန်တို့ကတော့ သူတို့ရဲ့ကာကွယ်ရေးကိစ္စနဲ့ ပတ်သက်ပြီး စိုးရိမ်မိတယ်လို့ ပြောပါတယ်။

#### အခက်အခဲတွေ ရှိလာနိုင်

လတ်တလောသတ်မှတ်ထားတဲ့ စည်းမျဉ်းသတ်မှတ်ချက် မူကြမ်းတွေအတိုင်းဆိုရင် မြောက်အမေရိကနဲ့ ဥရောပတို့ကြား ကာကွယ်ရေးကဏ္ဍမှာ ချိတ်ဆက်မှုမရှိတော့ဘူးဆိုရင် အတူတကွပေါင်းစည်းလုပ်ဆောင်ဖို့ရာ အခက်အခဲတွေ ရှိလာမှာဖြစ်သလို ရန်ဘက်တွေသဘောကျအောင် လုပ်ဆောင်သလိုလည်း ဖြစ်နေနိုင်ပါတယ်။ နောက်ပြီးတော့ အမေရိကန်၊ ကနေဒါနဲ့ ဥရောပနိုင်ငံတွေကြား ချိတ်ဆက်ထားတဲ့ ဆက်ဆံရေးလည်း ထိခိုက်သွားနိုင်တယ်လို့ မစ္စတာ မာဖရေးက ပြောပါတယ်။ ဥရောပနိုင်ငံတွေကတော့ အမေရိကန်ဟာ သူ့ရဲ့ အခွန်ထမ်းပြည်သူတွေရဲ့ဝင်ငွေကနေ အမေရိကန်ကာကွယ်ရေးအတွက် အသုံးပြုသလို ဥရောပမှာလည်း ဒီလိုပဲလုပ်သင့်တယ်လို့ ယုံကြည်ကြပါတယ်။

ကာကွယ်ရေးအသုံးစရိတ်နဲ့ ပတ်သက်ပြီး ဥရောပနဲ့ အမေရိကန်တို့ကြား အဓိကသဘောထားကွဲလွဲစရာ ဖြစ်နေခဲ့ပါတယ်။

#### ကာကွယ်ရေးစွမ်းရည်တိုးလာ

အမေရိကန်ဟာ ဥရောပကို ကာကွယ်ရေးအသုံးစရိတ်မှာ အမှန်တကယ်ပဲ ပိုပြီးအားထုတ်သင့်တယ်လို့ယူဆရင် အဆုံးမှာတော့ ဥရောပရဲ့ ကာကွယ်ရေးစွမ်းဆောင်ရည်ဟာ ပိုပြီးတိုးလာမှာ အမှန်ပါပဲ။ ဥရောပသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဂေါ်ဒန်ဆန်းလန်းကတော့ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့ကြား စစ်ရေးအရ ပူးပေါင်းမှုတွေ ပိုပြီးနက်ရှိုင်းလာလေလေ နှစ်ဖက်စလုံးအတွက် ပိုပြီးအကျိုးများလေလေပဲလို့ နေတိုးအဖွဲ့ဆိုင်ရာ အီတလီသံတမန်ဟောင်းဖြစ်သူ စတီဖန်နိုက ပြောပါတယ်။ ဘာလို့လဲဆိုတော့ ဒီလိုမျိုး ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အမေရိကန်၊ ကနေဒါနဲ့ ဥရောပနိုင်ငံတွေကြား ဆက်ဆံရေးမှာ ပိုမိုအားကောင်းလာလိမ့်မယ်လို့ ၎င်းက ဆက်ပြောပါတယ်။

#### အဖွဲ့အတွင်း သဘောထားကွဲလွဲ

ကာကွယ်ရေးနဲ့ ပတ်သက်ပြီး ဥရောပသမဂ္ဂအတွင်းမှာကိုပဲ သဘောထားကွဲလွဲမှုတွေ ရှိနေပါတယ်။ ပိုလန်၊ အက်စ်တိုးနီးယား၊ လစ်သူယေးနီးယားတို့ဟာ ရုရှားကို စိုးရိမ်ကြပြီး အမေရိကန်နဲ့ ပိုပြီးနီးနီးကပ်ကပ်ရှိလိုပါတယ်။ နယ်သာလန်နဲ့ ဆွီဒင်တို့ကတော့ အမေရိကန်ရဲ့ စိုးရိမ်မှုကိုနားလည်ပြီး ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်းကို ရှောင်ရှားလိုပါတယ်။ ကာကွယ်ရေးအင်အားတောင့်တင်းတဲ့ ပြင်သစ်၊ အီတလီနဲ့ စပိန်တို့ကတော့ သဘောထားတင်းမာတဲ့ဘက်က ပါဝင်ကြပါတယ်။ ဒါပေမယ့် ဥရောပနိုင်ငံတွေအားလုံးကတော့ နေတိုးအဖွဲ့ရှိနေတာဖြစ်လို့ ဥရောပနိုင်ငံတွေနဲ့ အမေရိကန်တို့ကြား ဆက်သွယ်မှု ပြတ်တောက်သွားမှာမဟုတ်ဘူးလို့ ပြောပါတယ်။

#### စိုးရိမ်စရာမလို

ဥရောပသမဂ္ဂအဖွဲ့ကြီးရဲ့ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၈ နိုင်ငံမှာ ၂၂ နိုင်ငံက နေတိုးအဖွဲ့ထဲမှာ ပါဝင်ပါတယ်။ ဒါကြောင့်လည်း ဥရောပကာကွယ်ရေးကဏ္ဍမှာ အဆင့်မြှင့်တင်ရုံနဲ့ Trans-Atlantic ပူးပေါင်းဆောင်ရွက်ရေးကို ထိခိုက်သွားမှာ အမေရိကန်အနေနဲ့ စိုးရိမ်စရာမရှိဘူးလို့ ဥရောပသံတမန်တွေက ပြောပါတယ်။ ဥရောပကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်ဖို့ပြောခဲ့တာလည်း ထရမ့်ပါပဲ။ အခု ဥရောပမှာ ကာကွယ်ရေးအသုံးစရိတ် မြှင့်တင်မှာဖြစ်ပေမယ့် ဒီအစီအစဉ်မှာ အမေရိကန်လို အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံအနေနဲ့ အမြဲတမ်းပါဝင်ဖို့ မဖြစ်နိုင်တဲ့အခါမှာတော့ ထရမ့်ဟာ ဒီကိစ္စကို သဘောမတူနိုင်တော့ပါဘူး။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

> **"အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့အကြား ကုန်သွယ်ရေး၊ ရာသီဥတုပြောင်းလဲမှုနဲ့ အီရန်အရေးကိစ္စတို့မှာ သဘောထားကွဲလွဲမှုတွေ ပေါ်ပေါက်ခဲ့ပြီး အခု ကာကွယ်ရေးအသုံးစရိတ်ကိစ္စဟာလည်း နောက်ထပ် သဘောထားကွဲလွဲစရာ အချက်တစ်ချက်ဖြစ်လာခဲ့ပါတယ်။ အမှန်တကယ်တော့ ဥရောပကာကွယ်ရေး အသုံးစရိတ် တိုးမြှင့်ဖို့ဟာ အမေရိကန်သမ္မတ ထရမ့်ရဲ့တောင်းဆိုမှုကနေတစ်ဆင့် ဖြစ်ပေါ်လာတာဖြစ်ပြီး ဥရောပမဟာမိတ်တွေနဲ့ အဆင်မပြေမှုဆီကို ဦးတည်သွားခဲ့ပါတယ်။ ဒီအစီအစဉ်ဟာ ဝါရှင်တန်မှာ သီးခြားဆွေးနွေးစဉ်ကတည်းက အဆင်မပြေဖြစ်ခဲ့တာလို့ ဥရောပသံတမန်တွေက ပြောပါတယ်"**

# အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၃၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၆။ (က) မည်သည့်အလုပ်ရှင် သို့မဟုတ် အလုပ်သမားမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) မည်သည့်အလုပ်ရှင် သို့မဟုတ် အလုပ်သမားမဆို ပုဒ်မ ၃၈-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ဂ) မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၃၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ဃ) မည်သည့်အလုပ်သမားမဆို ပုဒ်မ ၃၉-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(င) မည်သူမဆို ပုဒ်မ ၄၅-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။"

၃၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆ ၏ နောက်တွင် ပုဒ်မ ၄၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၆-က။ (က) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ဂ) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ဂ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ဃ) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ဃ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(င) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (င) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။"

၃၉။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၇။ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၂၀ အောက် မနည်းသော ငွေဒဏ်ချမှတ်ရမည်။"

၄၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၈။ မည်သူမဆို ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်ဆယ်သိန်းအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည်။"

၄၁။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈-က ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၈-က။ (က) အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုသူ၊ မည်သည့်အလုပ်ရှင် သို့မဟုတ် အလုပ်သမားမဆို ပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် ငွေကြေးအကျိုးခံစားခွင့်ကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

(ခ) ပုဒ်မ ၃၇ ပါ လိုက်နာရန် တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၃-က ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ အထိ ငွေဒဏ်ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် ငွေကြေးအကျိုးခံစားခွင့်ကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။"

၄၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၉ ၏ နောက်တွင် ပုဒ်မ ၄၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၉-က။ ခုံသမာဓိကောင်စီ သို့မဟုတ် သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးအား သတ်မှတ်ထားသည့် အရည်အချင်းပျက်ယွင်းကြောင်း စစ်ဆေးတွေ့ရှိလျှင် ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထိုသူအား အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရမည်။"

၄၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၀။ ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီတို့သည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရမည်ဖြစ်ပြီး သက်တမ်းပြည့်သည့်နေ့တွင် ရွေးချယ်တင်မြှောက်ခံရသောအဖွဲ့များကို တာဝန်လွှဲပြောင်း ပေးအပ်ရမည်။ သို့သော် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့၏ သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း ဤဥပဒေနှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။"

၄၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၀ ၏နောက်တွင် ပုဒ်မ ၅၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၅၀-က။ ဤဥပဒေအရ အသစ်ပြန်လည်ဖွဲ့စည်းသော ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့သည် သက်တမ်းကုန်ဆုံးသည့် ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့၏ လုပ်ငန်းမပြီးပြတ်သော စုပေါင်းတောင်းဆို ဆွေးနွေးညှိနှိုင်းမှုနှင့် အငြင်းပွားမှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။"

၄၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၁။ အလုပ်ရှင်တစ်ဦးဦးသည် အငြင်းပွားမှုကို ဖြေရှင်းနေစဉ်အတွင်း လုံလောက်သော အကြောင်းမရှိဘဲ အလုပ်သမား၏ အကျိုးခံစားခွင့် လျော့နည်းစေရန်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခု ကျူးလွန်လျှင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က ဆုံးဖြတ်သည့် ငွေကြေးခံစားခွင့်ကို အပြည့်အဝပေးဆောင်ရမည်။ ယင်းငွေကို ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှအရာရှိက မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။"

၄၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၁ ၏နောက်တွင် ပုဒ်မ ၅၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၅၁-က။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် ချုပ်ဆိုသည့် နှစ်ဖက်သဘောတူစာချုပ်နှင့် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့တို့၏ ဆုံးဖြတ်ချက်များအား လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ငွေကြေးခံစားခွင့်ပေးရန် ပျက်ကွက်သောကာလ ရက်ပေါင်း ၃၀ ကျော်လွန်လျှင်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှ တာဝန်ပေးသော အရာရှိကဖြစ်စေ၊ နစ်နာသူကဖြစ်စေ တရားစွဲဆိုရမည်။"

၄၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၄-က ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

## မွန်ပြည်နယ်၌ e- Government လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မော်လမြိုင် ဇွန် ၇**

ဌာနဆိုင်ရာများမှ e- Government လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်ပြည်နယ်အစိုးရ အဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ဇွန်ပထမပတ်က ကျင်းပ သည်။



e- Government လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ်အနေဖြင့် e- Government လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားတိုင်းဒေသကြီး/ ပြည်နယ်များထက် နောက်ကျမကျန်ရစေရန် ထိရောက်အကျိုးရှိသည့် စီမံချက်များရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာယူနီကုဒ်နှင့် ပတ်သက်၍ နိုင်ငံတကာစံနှုန်းနှင့်အညီ ဖြစ်စေရေးအတွက် မြန်မာဖောင့်များ တစ်ပြေးညီ တူညီရန်လိုအပ်သည့် ကွန်ပျူတာသုံး မြန်မာစာစံစနစ် (Pyidaungsu Fonts) အား (၁- ၄- ၂၀၁၉) ရက်မှစတင်၍ တစ်ပြေးညီသုံးစွဲနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းများက နည်းပညာစိန်ခေါ်မှုမရှိစေရေး ကွန်ပျူတာနှင့် ဆက်စပ်နည်းပညာ ပစ္စည်းများအား ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆပ်ကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သက်ဆိုင်ရာကွန်ပျူတာ တက္ကသိုလ်များတွင် အခြေခံကွန်ပျူတာ သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်အနေဖြင့် သင်တန်းများ ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်နှင့် စိုက်ပျိုး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးတို့က e- Government လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နန်ဆန်ယန်ကျေးရွာ အလယ်တန်းကျောင်း တာဝန်ကျ ဆရာ ဆရာမများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြစ်ကြီးနား ဇွန် ၇**

နယ်မြေအခြေအနေအရ ရှစ်နှစ်ကျော် ပိတ်ထားခဲ့ရသည့် အခြေခံပညာအလယ်တန်းကျောင်း နန်ဆန်ယန်တွင် ပြန်လည်ရွှေ့ပြောင်းနေထိုင်သူများ၏ သားသမီးများအား ပညာသင်ကြားပေးနိုင်ရေးအတွက် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ကျောင်းအုပ်ဆရာမကြီးအပါအဝင် ဆရာ ဆရာမများအား ယမန်နေ့က မိုင်းနား အခြေခံပညာအထက်တန်းကျောင်း၌ ကချင်ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက သွားရောက် တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်းက တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများအား စိုးရိမ်ပူပန်မှုများစွာရှိမည်ဖြစ်သော်လည်း ပညာရေးအတွက် ကြိုးပမ်းတာဝန်ထမ်းဆောင်ပေးကြရန်၊ အခက်အခဲများရှိပါက အချိန်မရွေးတင်ပြနိုင်ကြောင်းနှင့် ကျန်းမာရေးအထူးဂရုစိုက်ကြရန်၊ အားပေးမှာကြားပြီး ကျောင်းအဆောက်အအုံ အမြန်ဆုံးပြုပြင်ပေးနိုင်ရေး၊ ဆရာ ဆရာမများ၏ နေထိုင်စားသောက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ရေး ပြည်နယ်ပညာရေးမှူး ဒေါ်ခင်သန်းနွဲ့နှင့် ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးက တာဝန်ကျ ဆရာ ဆရာမများအား အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ်တစ်သိန်းနှင့် ဆန်နှစ်အိတ်၊ ဆီတစ်ပုံး၊ ဆား၁၅ ပိဿာ၊ ငါးခြောက်သုံးပိဿာ၊ မီးသွေး ၁၀ အိတ်တို့ကို ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ပေးအပ်ခဲ့သည်။ ကျောင်းအခြေအနေနှင့်ပတ်သက်ပြီး မြို့နယ်ပညာရေးမှူး ဦးမွန်ကျော်မြင့်က "ဆရာ ဆရာမတွေအတွက် နေအိမ်စီစဉ်ထားပေးပါပြီ။ အခုသွားမှာက ကျောင်းအုပ် ဆရာမကြီး အပါအဝင် ၁၃ ယောက်ပါ။ ဟိုကပြောင်းရွှေ့မိသားစုတွေကတော့ ကျောင်းသား ၁၅၀ ကျော်လောက်ရှိပါတယ်။ ကျောင်းအဆောက်အအုံ အမြန်ဆုံးပြင်ဆင်နိုင်ဖို့လည်း ဆောင်ရွက်ထားပါပြီ" ဟု ပြောပြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လယ်ယာမြေဥပဒေပြင်ဆင်မှုလုပ်ငန်းများဆိုင်ရာ စုပေါင်းဆွေးနွေးဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၇**

လက်ရှိမြေယာနှင့်ပတ်သက်သည့် တည်ဆဲဥပဒေ ၂၅ ခုထက် မနည်း ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသော်လည်း ယနေ့ဖြစ်ပေါ်နေသော မြေယာကျူးကျော်မှု ပြဿနာနှင့် လယ်ယာမြေတွင် ခွင့်ပြုချက်မရရှိမီ အခြားနည်းသုံးစွဲကြသောကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ တားဆီးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်ရန် အမျိုးမျိုးသောကန့်သတ်မှုများရှိနေခြင်း၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ ထုတ်ပြန်သော ညွှန်ကြားချက်၊ အမိန့်များကို လိုက်နာခြင်းမရှိသူအား ချက်ချင်းအရေးယူနိုင်ရန်အတွက်လည်း အားနည်းချက်များရှိနေခြင်း စသည့်ကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေးနိုင်ကြရန် ယမန်နေ့က လယ်ယာမြေဥပဒေပြင်ဆင်မှုလုပ်ငန်းများဆိုင်ရာ စုပေါင်းဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် ဟိုတယ်မက်စ်၌ ကျင်းပသည်။

တည်ဆဲလယ်ယာမြေဥပဒေ အခန်း(၃)ပါ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများ အပြည့်အဝခံစားစေနိုင်ရေးကိုရည်ရွယ်ပြီး လယ်ယာမြေကိုရောင်းဝယ်လိုကြသော၊ ပေါင်နှံလိုကြသော၊ ငှားရမ်းလိုကြသော ပုဂ္ဂိုလ်အားလုံး တည်ဆဲဥပဒေနှင့်အညီ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်ခွင့်ကို ဇွန် ၁ ရက်ကစပြီး ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ယခုကဲ့သို့ လယ်ယာမြေများရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းစဉ်ကို ပထမဆုံးအကြိမ်လက်တွေ့စတင်ဆောင်ရွက်ကြရမည်ဖြစ်ရာ အားနည်းချက်များ မပြည့်စုံမှုများ ရှိနိုင်သော်လည်း အဆိုပါလိုအပ်ချက်၊ လစ်ဟာချက်များကို သက်ဆိုင်သူအားလုံးတို့က အပြုသဘောဖြင့် ဝိုင်းဝန်းထိန်းကျောင်းပံ့ပိုးကြမှသာ ရေရှည်တွင် အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအားပြင်ဆင်သည့် ဥပဒေပေါ်ထွက်လာပါက လက်ရှိအခြေအနေထက် ပြည့်ပြည့်စုံစုံဆောင်ရွက်ပေးနိုင်မည်ဖြစ်သော်လည်း ပြင်ဆင်သည့်ဥပဒေမပေါ်ထွက်မီ အရေးကြီးလိုအပ်ချက်များ တွေ့ရှိလာပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံဉာဏ်ရယူခြင်းများဆောင်ရွက်ပြီး ပြည်သူလူထု၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးထံမှ သိရသည်။

တောင်ယာစနစ်အနေဖြင့် တည်မြဲတောင်ယာများအား တည်ဆဲလယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးလျက်ရှိသော်လည်း ယနေ့ကမ္ဘာကြီးပူနွေးလာမှုသည် တောင်ယာခုတ်ခြင်း၊ သစ်တောပြုန်းတီးခြင်းတို့နှင့် တိုက်ရိုက်ပတ်သက်နေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို အလေးအနက်ထားစဉ်းစားရန် လိုအပ်လာလျက်ရှိသည်။

အဆိုပါ ဆွေးနွေးပွဲသည် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို အကောင်အထည်ဖော်ရာတွင် ထိရောက်မှုအောင်မြင်မှုအခက်အခဲ စသည့်အခြေအနေအရပ်ရပ်ကို အတူတကွနားလည်လာစေရန်၊ လက်ရှိအခြေအနေနှင့် သဘောသဘာဝများကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းတရားများကို ဝိုင်းဝန်းသုံးသပ်ပြီး သက်ဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်းလက်တွေ့ကျသည့် ပြဋ္ဌာန်းချက်များဖော်ထုတ်နိုင်ခြင်းဖြင့် တောင်သူလယ်သမားများနှင့် ပြည်သူများအတွက် ပိုမိုထိရောက်မြန်ဆန်သည့် လုပ်ငန်းစဉ်များ ချမှတ်ပေးနိုင်ရန် တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ ယဉ်ကျေးမှုများကို ထည့်သွင်းစဉ်းစား၍ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်မှုများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာမြေယာလုပ်ကိုင်မှုများအပေါ် ဥပဒေပြဋ္ဌာန်းချက်များတွင် ပါရှိနိုင်ရန်တို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**



လယ်ယာမြေဥပဒေပြင်ဆင်မှုလုပ်ငန်းများဆိုင်ရာ စုပေါင်းဆွေးနွေးဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

# တရုတ်-မြန်မာနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေစေရန် အခြေခံတရုတ်ဘာသာစကား သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဝန်ထမ်းများအား နိုင်ငံခြားဘာသာစကားကျွမ်းကျင်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် ရည်ရွယ်၍ အခြေခံတရုတ်ဘာသာစကားသင်တန်းကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ ပူးပေါင်းကူညီမှုဖြင့် ဇွန်လပထမပတ်က နေပြည်တော်ရုံးအမှတ် ၁၅ ၌ ဖွင့်လှစ်သည်။ **(အောက်ပုံ)**

အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ များပြားလာသည်နှင့်အမျှ ယင်းလုပ်ငန်းများကို ကိုင်တွယ်ဆောင်ရွက်နေရသည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ ဝန်ကြီးဌာန၏ ပြည်တွင်း/ ပြည်ပ စီမံကိန်းများကို ချိတ်ဆက်ဆောင်ရွက်ပေးနေသည့် စီမံကိန်းဦးစီးဌာနတွင်လည်း တရုတ်- မြန်မာနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် တရုတ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဌာနစိတ်တစ်ခုကိုလည်း တိုးချဲ့ဖွဲ့စည်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းဌာနစိတ်တွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများနှင့် သက်ဆိုင်ရာဦးစီးဌာနများတွင်လည်း တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြသည့် ဝန်ထမ်းများအား ဘာသာစကားအခက်အခဲမရှိစေဘဲ လုပ်ငန်းများတွင် ကျယ်စေရန်၊ ဆက်သွယ်ညှိနှိုင်းမှုများ အဆင်ပြေချောမွေ့စေရန်တို့ကိုရည်ရွယ်ပြီး ယခုကဲ့သို့ တရုတ်ဘာသာစကားသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။



သင်တန်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ဆရာမ Ms. Lu Ruiu တာဝန်ယူပို့ချပေးမည်ဖြစ်ပြီး ဦးစီးဌာနအသီးသီးမှ အဆိုပြုသင်တန်းသား ၄၀ တက်ရောက်လေ့လာလျက်ရှိသည်။ သင်တန်းကို ဇွန် ၄ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိန်**

# ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် သနပ်ပင်မြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေး

**ပဲခူး ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် ပဲခူးခရိုင်တရားသူကြီး ဦးတက်ထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးထွန်း၊ သနပ်ပင်မြို့နယ်တရားသူကြီး ဒေါ်ရီရီခိုင်၊ မြို့နယ်ဒုတိယတရားသူကြီး ဦးမိုးဆန်းအောင်တို့နှင့် ယမန်နေ့က သနပ်ပင်မြို့မရဲစခန်း အချုပ်ခန်းကို သွားရောက်စစ်ဆေးသည်။

တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် အချုပ်ခန်းရှိ တရားရုံးစစ်ဆေးဆဲ အချုပ်သားများအား ဥပဒေပါအခွင့်အရေးများရရှိခြင်း ရှိ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်ထားမှုများ ရှိ မရှိ၊ အချုပ်တရားခံများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ မရှိ၊ ကျန်းမာရေးပြည့်စုံမှု ရှိ မရှိ၊ မကျန်းမာပါက ဆေးကုသရန်အခွင့်အရေး ရှိ မရှိ၊ အမျိုးသမီးအဖော်အစောင့်အရှောက်များဖြင့် ထားရှိခြင်း ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိတို့ကို အချုပ်သူ အချုပ်သားများအား တွေ့ဆုံမေးမြန်းကာ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

**သန့်စင်(ပဲခူး)**



ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် သနပ်ပင်မြို့မရဲစခန်း အချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၇-၆-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၅၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၅/၉၅၅ ကျပ် | ၉၄၅/၉၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၅/၉၆၅ ကျပ် | ၉၆၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၅၅ ကျပ် | ၈၇၅/၉၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၃၀ ကျပ် | ၉၆၅/၉၉၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၅ · ၆ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၄ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၃၄ · ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၀ · ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၄ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ · ၅၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၀၂၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ · ၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ · ၄၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၆၅၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ထိုင်းနိုင်ငံ၌ အဓိကရိုက်ကူးခဲ့သည့် Lady Boy ရုပ်ရှင်ဇာတ်ကား စတင် ရုံတင်ပြသ

ထိုင်း-မြန်မာ ပူးပေါင်းရိုက်ကူးထားသည့် Lady Boy ဇာတ်ကားကြီးကို ဇွန် ၆ ရက်က ရုံတင်ပြသနေပြီဖြစ်ကာ ဇာတ်ကားကို ထိုင်းနိုင်ငံဘက်မှ ပရိုဂျူဆာ ထိုင်းလူမျိုးနှင့် မြန်မာနိုင်ငံမှ ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းရိုက်ကူးထားခြင်းဖြစ်သည်။ အဆိုပါဇာတ်ကားကို ထိုင်းနိုင်ငံတွင် အဓိက ရိုက်ကူးထားပြီး မြန်မာနိုင်ငံမှ ဇာတ်ဝင်ခန်းများကို ပုဂံဒေသတွင် ရိုက်ကူးခဲ့ကြောင်း သိရသည်။

"ဒီဇာတ်ကားက Bo Bo Film အနေနဲ့ ပြည်ပမှာ ပထမဆုံး သွားရောက်ရိုက်ကူးခြင်းဖြစ်ပါတယ်၊ Lady Boy ဇာတ်လမ်း ဖြစ်လာတာကတော့ ဓနုတ်ကိုကိုဇော် ရေးထားတာလေးကို ဒါရိုက်တာကိုပေါက်နဲ့ တိုင်ပင်ပြီး ကျွန်တော်တို့ ရိုက်ဖို့ ပြင်ဆင်ခဲ့တာပါ၊ ပရိုသတ်ကို ပျော်ရွှင်စေချင်တာမို့ အခုလိုကားလေး စရိုက်ဖြစ်ခဲ့တာပါ၊ ပရိသတ်ကြိုက်မယ့် ဇာတ်ကား တစ်ကားလို့ ကျွန်တော်ထင်ပါတယ်၊ ပရိသတ်အတွက် အကောင်းဆုံးလေးတွေလည်း ပြချင်ပါတယ်၊ ထိုင်းကို မရောက်ဖူးသေးတဲ့သူတွေအဖို့လည်း ရောက်သွားသလို ခံစားရမယ် ဆိုတဲ့စိတ်နဲ့ ရိုက်ကူးမယ့်နေရာတွေကို သေချာရှာတယ်၊ ပြီးတော့ ရိုက်ကူးတဲ့နေရာမှာလည်း ထိုင်းသံရုံးဘက်က အများကြီး ကူညီပါတယ်"ဟု ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုဘိုစမ်းက ပြောသည်။

Lady Boy ရုပ်ရှင်ကို ထိုင်းနိုင်ငံတွင် ရိုက်ကူးရန် လိုင်စင်ကြေး ဒေါ်လာတစ်သိန်းကျော် တင်ခဲ့ရပြီး ထိုင်းနိုင်ငံတွင် ဇာတ်ကားရိုက်ကူးခွင့်တင်သည့်အခါ အနည်းဆုံး ဒေါ်လာ တစ်သိန်းမှ တစ်သိန်းခွဲအထိသွင်းမှ ရိုက်ကူးခွင့်ချပေးကြောင်း၊ ဒရုန်းနှင့် ရိုက်ရသည့်နေရာများအတွက် ဒရုန်းနှင့်ရိုက်ရန် လိုင်စင်တင်ရကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင်ရိုက်ကူးခဲ့သည့် အတွေ့အကြုံများနှင့် ပတ်သက်၍ ကိုဘိုစမ်းက "ရိုက်ကူးတဲ့အခါမှာ ဇာတ်သမား၊ မှန်ထိုးမီးထိုး အားလုံး သူတို့ထိုင်းလူမျိုးတွေကိုပဲ လုပ်ခွင့်ပေးရမယ် ဆိုတဲ့ အချက်လည်းပါတော့ သူတို့ ထိုင်းလူမျိုးကိုပဲ ကျွန်တော်တို့ ငှားရတာပေါ့၊ အဲဒီအချက်တော့ ကျွန်တော် သဘောကျတယ်၊ သူတို့လူမျိုးကို သူတို့ ဘယ်လောက်ထိ ဦးစားပေးတယ် ဆိုတာကို တွေ့ရတယ်၊ ကျွန်တော်တို့ဆီမှာလည်း အဲဒီလိုမျိုးလေး သတ်မှတ်ထားပေးစေချင်တယ်၊ သူတို့ဆီကို ဘယ်နိုင်ငံကနေလာရိုက်ရိုက် သူတို့ဆီက ဝန်ထမ်းတွေကိုပဲ ခေါ်သုံးရတယ်၊ သူတို့လူမျိုးတွေကို ခေါ်သုံးရတာကြောင့် ပညာတွေလည်း ရတယ်၊ ပြီးတော့ သူတို့လူမျိုးတွေ ဒီပညာကိုရတဲ့အတွက် နောက်ပိုင်း လုပ်ငန်းတွေမှာလုပ်ရတဲ့အခါ သူတို့အဆင်ပြေလာတယ်၊ ကျွန်တော်တို့ဆီမှာ လာရိုက်ရင် ကျွန်တော်တို့လူမျိုးတွေ ပါဝင်မှု သိပ်မတွေ့ရဘူး၊ အနည်းအကျဉ်းပဲရှိတယ်၊ နောက်ပိုင်းဆို ကျွန်တော်တို့ဆီမှာလည်း သူတို့လို သတ်မှတ်ချက်တွေ လုပ်ပေးသင့်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါ Ladyboy ဇာတ်ကားသည် ဓနုတ်ကိုကိုဇော်၏ ဇာတ်လမ်းကို သက်ဦးမောင်၊ ညီညီဘမောင်နှင့် မင်းသခင်တို့က ဇာတ်ညွှန်းပြန်လည်ရေးသားပြီး ဒါရိုက်တာ ကိုပေါက်က ရိုက်ကူးကာ သရုပ်ဆောင်များအဖြစ် ပြေတီဦး၊ ကျော်ကျော်ဗိုလ်၊ ထူးအောင်၊ ခင်လှိုင်၊ ဂျိုကာ၊ K ညီ ၊ အိချောပိုနှင့် ထိုင်းမင်းသား၊ မင်းသမီးများလည်း ပါဝင်သရုပ်ဆောင်ထားကြောင်း၊ ရုပ်ရှင်ကို ထိုင်းနှင့် စင်ကာပူနိုင်ငံတို့တွင်လည်း သွားရောက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**




# (၈)ကြိမ်မြောက် Miss Myanmar International အတွက် ပြိုင်ပွဲဝင်များ ဖိတ်ခေါ်

နှစ်စဉ် အရည်အချင်းပြည့်ဝပြီး လုပသွက်လက် ဉာဏ်ရည်ထက်မြက်သော မြန်မာအမျိုးသမီးငယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၉ ခုနှစ်အတွက် (၈)ကြိမ်မြောက် Miss Myanmar International ပြိုင်ပွဲကို Stellar Seven Entertainment က ဦးဆောင်ကျင်းပမည်ဖြစ်ကာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် လျှောက်လွှာများခေါ်ယူနေပြီဖြစ်ကြောင်း သိရသည်။

"လာမယ့် ဩဂုတ် ၁၄ ရက်နေ့ဆို မြန်မာနိုင်ငံမှာ Miss Myanmar International 2019 ရဲ့ Grand Final ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်မှာပါ၊ အဲဒီလို ပြိုင်ပွဲမပြုလုပ်ခင် ပြိုင်ပွဲဝင်အလုမယ်တွေကို ဇူလိုင်လ ဒုတိယပတ်ကနေ ဩဂုတ်လ ဒုတိယအပတ်အထိ စခန်းသွင်းလေ့ကျင့်မှုတွေ လုပ်သွားမှာပါ၊ ပြိုင်ပွဲမှာ ဆုတွေအနေနဲ့ မြန်မာပြည်မှာ ဆုရတဲ့သူကို ဂျပန်နိုင်ငံမှာ (၅၉) ကြိမ်မြောက် ပြုလုပ်တဲ့ Miss International Beauty Pageant 2019 ကို စေလွှတ်မှာပါ၊ Winner ဆုရှင်အနေဖြင့် သရဖူနဲ့အတူ ဆုငွေ ငွေကျပ်သိန်း ၁၀၀၊ 1st Runner-up အတွက် ငွေကျပ်သိန်း ၆၀၊ 2nd Runner-up အတွက် ငွေကျပ်သိန်း ၄၀ ပေးအပ်ချီးမြှင့်မှာပါ"ဟု ပွဲဖြစ်မြောက်ရေး တာဝန်ရှိသူ ကိုစည်သူဟိန်းက ပြောသည်။

ပြိုင်ပွဲအတွက် လိုအပ်ချက်များနှင့်ပတ်သက်၍ ၎င်းက "ဒီနှစ်ရဲ့ထူးခြားချက်တစ်ခုက အရင်ကဆို အသက် ၁၈ ကနေ အသက် ၂၅ အထိ သတ်မှတ်ထားတယ်၊ အခုတော့ အသက် ၁၈ ကနေ ၂၇ အထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြပါတယ်၊ အိမ်ထောင်မရှိသူ၊ အပျိုဖြစ်ရမယ်၊ အရပ်အမောင်းအနေနဲ့ ၅ပေ ၅ လက်မ အနည်းဆုံး ရှိရမှာပါ၊ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်တဲ့ အတွေ့အကြုံ ဗဟုသုတတွေ ရှိရမယ်၊ ခြောက်လအတွင်း တောင်းခံထားတဲ့ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ ရှိရမယ်၊ မြန်မာနိုင်ငံသားစစ်စစ်ဖြစ်ရမယ်၊ အင်္ဂလိပ်စကားအသင့်အတင့် ပြောဆိုနိုင်ရမယ်၊ ရုပ်ရည်ချောမောသူ ဖြစ်ရမယ်"ဟု ပြောသည်။

"နောက် ထူးခြားချက်တစ်ခုကတော့ ဒီနှစ်မှာ Miss Myanmar International 2019 ကို ကချင်ပြည်နယ်အတွက် Regional Director အဖြစ် Miss International Kachin State Organization က ဦးဆောင်ပြုလုပ်ခွင့်ကို ကျွန်တော်တို့ Stellar Seven က ပေးအပ်ခဲ့ပါတယ်၊ အဲဒီလိုပေးအပ်လိုက်တာကြောင့် ကချင်ပြည်နယ်နဲ့ အနီးတစ်ဝိုက်က ဝင်ရောက်ယှဉ်ပြိုင်လိုတဲ့ ညီမလေးတွေအနေနဲ့ ကိုအာဘရန်၊ ဖုန်း ၀၉-၂၅၀၁၅၂၄၁၀ ကို ဆက်သွယ်မေးမြန်းလို့ရပါတယ်"ဟုလည်း ကိုစည်သူဟိန်းက ဆက်ပြောသည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် မြို့အလိုက် သတ်မှတ်နေရာများတွင် သတ်မှတ်ရက်များအတွင်း လူကိုယ်တိုင် လာရောက်တွေ့ဆုံ လျှောက်ထား၍ ပြိုင်ပွဲဝင်နိုင်ကြောင်း၊ ဇွန် ၁၄ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ ရုံးတည်ရှိရာ တိုင်းလင့်(ခ်)ကွန်ဒို အခန်း (ဘီ-၀၉) လင့်(ခ်)လမ်းနှင့် ဓမ္မစေတီလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ဇွန် ၂၅ ရက်တွင် မန္တလေးမြို့ရှိ Hotel Mandalay(နှင်းဆီဖြူခန်းမ)နှင့် ဇွန် ၂၇ ရက်တွင် တောင်ကြီးမြို့ကျောင်းကြီးစုရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုဌာနတို့တွင် လူကိုယ်တိုင် လာရောက်တွေ့ဆုံ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**



# လူလိမ်များအကြောင်း ဖန်တီးရိုက်ကူးထားသည့် အယူတော်မင်္ဂလာဇာတ်ကား ရုံတင်ပြသ

ဇွန် ၆ ရက်က စတင် ရုံတင်ပြသနေသည့် အယူတော်မင်္ဂလာ ဇာတ်ကားသည် Novel ရုပ်ရှင်ထုတ်လုပ်ရေး၏ ပွဲဦးထွက်ဖြစ်ပြီး လူလိမ်များ၏အကြောင်းကို လျှို့ဝှက်ချက်များဖြင့် ဒါရိုက်တာ ညီမင်းလွင်က ရိုက်ကူးထားကာ ရန်အောင်၊ မြင့်မြတ်၊ ခင်လှိုင်၊ ငြိမ်းချမ်းကျော်၊ ရဲရင့်သွေး၊ နန်းဆုဦး၊ ပိုးအိအိခန့်၊ ထားထက်ထက်၊ သက်ထားဝေဇင်၊ ကင်းကောင်၊ မင်းခ၊ သတ္တိ၊ ဦးဝင်းမြိုင် စသည့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြသည်။

ဇာတ်လမ်းအကြောင်းနှင့်ပတ်သက်၍ ဒါရိုက်တာ ညီမင်းလွင်က "ဒီကားလေးက လူလိမ်တွေရဲ့အကြောင်းကို အဓိက အသားပေး ရိုက်ထားတာပါ၊ ကျွန်တော် အရင်တုန်းက ရိုက်ခဲ့ဖူးတဲ့ မိုက်ကြေးခွဲသူများ ဇာတ်ကားရဲ့အဆက်ဆိုလည်း မမှားပါဘူး၊ ဒီကားမှာ သရုပ်ဆောင်ထားကြတဲ့ သရုပ်ဆောင်တွေ အကုန်လုံး ကြိုးစားထားကြပါတယ်၊ ကျွန်တော်အခုရိုက်ထားတဲ့ ကားလေးက တခြားဇာတ်ကားတွေနဲ့ တူချင်လည်း တူနေမယ်၊ ဒါပေမယ့် ရသလေးကတော့ ကွာခြားသွားမှာပါ၊ ဒီကားထဲက လူလိမ်တွေကို လူလိမ်အစစ်တွေကို မြင်နေရတဲ့အတိုင်း တွေ့ရမှာပါ၊ နှစ်နာရီလောက် ကြည့်နေတဲ့အချိန်မှာ ပရိသတ်အနေနဲ့ ကြည့်ရတာ တန်မှာပါ၊ ရုံပြင်ရောက်သွားရင်တော့ ခံစားမှုသိပ်ရှိတော့မှာ မဟုတ်ပါဘူး"ဟု ပြောသည်။

ဇာတ်လမ်းက ပရိသတ်အပေါ် ပေးချင်သည့် ခံစားချက်နှင့် လျှို့ဝှက်ဇာတ်လမ်းပုံစံ အမျိုးအစားများကိုသာ ရိုက်ကူးမှုများနေခြင်းနှင့် ပတ်သက်၍လည်း ဒါရိုက်တာ ညီမင်းလွင်က "ကျွန်တော်က ဇာတ်ကို ကိုယ်တိုင်ရေးတယ်၊ သေချာကြည့်တယ် ၊ ကိုယ့်စိတ်ကြိုက်ဖြစ်မှ ပရိသတ်ကို ပြတာပါ၊ ပရိသတ်ဆီက ပိုက်ဆံယူပြီး လုပ်ရတာလေ၊ အဲဒီတော့ ပရိသတ်ကို မညာချင်ဘူး၊ ဒီကားဆိုရင် လွန်ခဲ့တဲ့ သုံးနှစ်လောက်ကဆိုတော့ ရိုက်ထားတဲ့နေရာမှာ လိုအပ်တာတွေ ရှိလာရင် နောက်ထပ် အခန်းဆက်တွေမှာ ပိုကြိုးစားပြီး လုပ်သွားမှာပါ၊ ကျွန်တော့်အနေနဲ့ ဒီလို လျှို့ဝှက်ဆန်တဲ့ကားတွေ ရိုက်ဖြစ်တာက ကျွန်တော်တို့ဆီမှာ တစ်ခါလာလည်း ဒီဇာတ် ဆိုတာမျိုး မဖြစ်သင့်ဘူး ထင်လို့ပါ၊ ကျွန်တော်ကတော့ ကျွန်တော်တို့ လောကကို ရှော့ပင်းမောလ်တစ်ခုလို ဖြစ်စေချင်တယ်၊ ကြိုက်တဲ့ Brand အစုံရနိုင်တယ်ဆိုတာမျိုး ဖြစ်စေချင်တယ်"ဟု ပြောသည်။

**ကိုလင်း**


ဒါရိုက်တာ ညီမင်းလွင်

# အဆိုရှင် ဝေဖူးသန့်ဇင်၏ Just Friend တေးစီးရီးသစ် ဖြန့်ချိမည်

အဆိုရှင် ဝေဖူးသန့်ဇင်၏ Just Friend တေးစီးရီးသစ်ကို ခုနစ်နှစ်ကြာ ဖန်တီးခဲ့ပြီးနောက် ဇွန် ၉ ရက်တွင် Myanmar Music Network မှ စတင်ဖြန့်ချိသွားတော့မည်ဖြစ်ကြောင်း သိရသည်။



ဝေဖူးသန့်ဇင်က "ဒီအခွေလေးဖြစ်ဖို့ အချိန်တွေအများကြီး ယူခဲ့ရပါတယ်၊ အခွေထဲမှာ ကောင်းကင်မေမေ သီချင်းလေးကို ဖူး ပြန်ဆိုထားပါတယ်၊ အားငယ်နေတဲ့အချိန်တိုင်း ဒီသီချင်းလေးက အားဖြစ်စေခဲ့ပါတယ်၊ ဖူး ကိုယ်တိုင် ရေးထားတဲ့ သီချင်းလေးလည်း ပါပါတယ်၊ Bye Bye Baby Boo သီချင်းလေးက ကောင်လေးတွေကို စိတ်မချတဲ့ ကောင်မလေးတွေကိုယ်စား ရေးထားတာလေးပါ၊ နောက်တစ်ပုဒ်က "ရှုံး" ဆိုတဲ့ သီချင်းလေးပါ၊ စချစ်တတ်တဲ့ ကောင်မလေးက ပေးဆပ်ပြီးချစ်ရတဲ့ပုံစံလေး ရေးထားတာပါ၊ ဖူးရဲ့သူငယ်ချင်းတွေက သူတို့ ခံစားချက်လေးတွေကို လာပြောပြကြတဲ့အခါ ခံစားမှုလေးတစ်ခု ရလာတာပေါ့၊ အဲဒါကြောင့် ဒီသီချင်းလေးတွေကို ရေးဖြစ်ခဲ့တာပါ"ဟု ပြောသည်။

ယင်းတေးစီးရီးတွင် ပါဝင်ရေးသားပေးသူ တေးရေးဆရာမ စိမ့်က "ညီမလေးဖူးက သိပ်တော်တဲ့ ဂီတသမားတစ်ယောက်လို့ ပြောလို့ရတယ်၊ သီချင်းဆိုတာတင် မဟုတ်ဘူး၊ သူက တေးသီချင်းတွေကို ကိုယ်တိုင်ခံစား ရေးသားတဲ့နေရာမှာပါ တော်တာပါ၊ သူ့အနေနဲ့ တခြားသူတွေ မလုပ်နိုင်တဲ့အရာလေးကို လုပ်နိုင်တာ လေးစားဖို့ကောင်းတယ်၊ သူက စိတ်ရှည်တယ်၊ သီချင်းတွေကို စိတ်ကြိုက်ရွေးချယ်တယ်၊ မကြိုက်မချင်း ပြန်ပြန်ပြီး သူဆိုတယ်၊ ဒီအခွေဆို သူ့အကြိုက်သီချင်းတွေရွေးတာ ခုနစ်နှစ်တောင်ကြာတယ်၊ အဲဒီအချက်က သူ့ကို လေးစားစရာကောင်းတာပါပဲ"ဟု ပြောသည်။

အဆိုပါ Just Friend အခွေတွင် တေးသီချင်း ကိုးပုဒ် ပါဝင်ပြီး တေးသီချင်းများကို အမြင်အာရုံချို့တဲ့သူ တေးရေးဆရာမ စိမ့်နှင့်အတူ ဆရာသောမတ်စ်၊ သုခမိန်လှိုင်၊ သော်မိုးစက်၊ ရဲဝင့်ထူး၊ ချမ်းမြေ့အောင်တို့က ရေးသားထားကြောင်း၊ အချစ်သီချင်းပုံစံ အမျိုးအစားများဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### Baby Shark သီချင်းကို ကာတွန်းစီးရီးအဖြစ် အသွင်ပြောင်းမည်

ယူကျူ့မှာ လူကြိုက်များလှတဲ့ Baby Shark သီချင်းကို ကာတွန်းစီးရီးအဖြစ် ပြောင်းလဲသွားမယ်လို့ Nickelodeon ကုမ္ပဏီမှ ကိုယ်စားလှယ်က စီအင်န်အင်န်ကို ပြောပါတယ်။ Baby Shark သီချင်းကို တောင်ကိုရီးယားဖျော်ဖြေရေးကုမ္ပဏီဖြစ်တဲ့ Smart Study ကုမ္ပဏီက ဖန်တီးခဲ့တာဖြစ်ပြီး Nickelodeon ကုမ္ပဏီဟာ အဆိုပါ ကိုရီးယားကုမ္ပဏီနဲ့ ပူးပေါင်းပြီး ကျောင်းစမတက်သေးတဲ့ ကလေးတွေအတွက် ကာတွန်းစီးရီးအသွင် ပြောင်းလဲသွားမှာပဲ ဖြစ်ပါတယ်။

Baby Shark သီချင်းဟာ ၂၀၁၅ နိုဝင်ဘာလမှာ ယူကျူ့ပေါ် တင်ခဲ့တာဖြစ်ပြီး ယနေ့အချိန်ထိ ယူကျူ့မှာ ကြည့်ရှုသူနှုန်း ၃ ဘီလီယံခန့် ရှိတယ်လို့ သိရပါတယ်။ “ကျွန်တော်တို့ရဲ့ ထူးချွန်တဲ့သူတွေနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့ဟာ Baby Shark နဲ့ ဆက်နွယ်တဲ့ နောက်ထပ်ဖန်တီးမှုတွေကို လုပ်ဆောင်ဖို့ ပြင်ဆင်နေကြပါတယ်။ ဇာတ်လမ်းအကြောင်းအရာပိုင်းအဖွဲ့ကလည်း ဒီကာတွန်းစီးရီးကိုဖန်တီးဖို့ အသင့်ဖြစ်နေပါပြီ”လို့ Nickelodeon ကုမ္ပဏီဘက်က အမှုဆောင်အရာရှိ ရမ်ဆီနိုင်တိုးက ပြောပါတယ်။ Baby Shark သီချင်းဟာ ကမ္ဘာပေါ်က လူသန်းပေါင်းများစွာကို ဆွဲဆောင်နိုင်ခဲ့တဲ့အတွက် ယူကျူ့မှာ လူကြည့်အများဆုံး Top Ten စာရင်းဝင်ခဲ့ပါတယ်။

**စီအင်န်အင်န်**




### ပါ့ခ်လိုက်ဖ်ဂီတပွဲမှာ ကာဒီဘီ မပါဝင်နိုင်သေး

ပါ့ခ်လိုက်ဖ်ဂီတဖျော်ဖြေပွဲကို မန်ချက်စတာမှာ ပြုလုပ်မှာဖြစ်ပြီး စနေ့နေ့မှာပြုလုပ်မယ့် ပွဲမှာတော့ ကာဒီဘီ ပါဝင်မှာမဟုတ်ဘူးလို့ ကြေညာခဲ့ပါတယ်။ ဂရမ်မီဆုရှင်ဖြစ်တဲ့ ကာဒီဘီဟာ အလှအပရေးဆိုင်ရာ ခွဲစိတ်ကုသမှု ပြုလုပ်ထားပြီး ပြန်လည်သက်သာဖို့ လိုသေးတာမို့ ရှိုးပွဲမှာဖျော်ဖြေမယ့်ရက်ကို ရွှေ့လိုက်တာကြောင့်ပါပဲ။

ဒါကြောင့် ဒီသီတင်းပတ်မှာ လုပ်မယ့်ပွဲမှာတော့ ကာဒီဘီပါနိုင်မှာ မဟုတ်ပါဘူး။ ပါ့ခ်လိုက်ဖ်ပွဲစီစဉ်သူတွေဟာ စနေနေ့မှာပြုလုပ်မယ့်ပွဲအတွက် ကြေညာထားတဲ့ အဆိုတော် စာရင်းကနေ ကာဒီဘီကို ထုတ်လိုက်ရပါတယ်။

ကာဒီဘီ မပါဝင်နိုင်ဘူးဆိုတာကို နောက်ကျမှ ကြေညာခဲ့တဲ့အတွက်လည်း ပွဲစီစဉ်သူတွေဟာ ပရိသတ်တွေကို တောင်းပန်ခဲ့ပါတယ်။ ပွဲကြေညာထားတဲ့စာရင်းမှာ အပြောင်းအလဲဖြစ်သွားတဲ့အတွက်လည်း တောင်းပန်ခဲ့ပါတယ်။ ကာဒီဘီဘက်ကတော့ ပွဲမှာမပါနိုင်တာနဲ့ပတ်သက်ပြီး နောက်ထပ်ဘာမှမပြောခဲ့ပါဘူး။

လွန်ခဲ့တဲ့သီတင်းပတ်အထိတော့ သူဟာပွဲတွေမှာ ဖျော်ဖြေဆဲပါပဲ။ အသက် ၂၆ နှစ်အရွယ် ကာဒီဘီက “ပွဲတွေကို ဖျက်ပစ်ရတာ မကြိုက်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်မပိုက်ဆံရှာရတာ နှစ်သက်တယ်လေ” လို့ မေလအတွင်းကတင်ခဲ့တဲ့ အင်စတာဂရမ်က ဗီဒီယိုမှာ ပြောခဲ့ဖူးပါတယ်။ ဒါပေမယ့် ကျန်းမာရေးဟာ အရေးကြီးဆုံးမို့ ဆရာဝန်ပြောတဲ့အတိုင်း လုပ်ဆောင်ရမှာပဲ။ ဆရာဝန်က အနားယူဖို့လိုအပ်သေးတယ်။ ဒီပွဲမှာ မဆိုနဲ့ဦးလို့ ပြောထားလို့ပါဆိုပြီး ကာဒီဘီက ပြောခဲ့ပါတယ်။

**ဘီဘီစီ**



အဆိုတော် ကာဒီဘီ



# နှစ်လုံးတွဲများ (၂)

## မောင်ခင်မင် (ဓနုဖြူ)

“ စကားနှစ်လုံးတွဲတွေမှာ ခေတ်ကာလတစ်လျှောက် စကားလုံးအသွင်ပြောင်းသွားလို့ အနက်မထင်တာမျိုးလည်း ရှိတယ်ကွဲ့”

“ ဘယ်လိုပြောင်းတာပါလဲ ဆရာ”

“ သာဓကပေးရရင် ဒီနေ့အင်မတန် အသုံးများတဲ့စကားလုံးတစ်လုံးပေါ့။ ‘ ယဉ်ကျေး ’ဆိုတဲ့ စကားလုံးလေ”

“ ဟုတ်ကဲ့ပါ ”

“ ကဲ...မင်းပဲစဉ်းစားပြီးဖြေကြည့်ပါ။ ‘ ယဉ်ကျေး’ မှာ ဘယ်အစိတ်အပိုင်းက အနက်မထင်တာလဲ”

“ ‘ ယဉ် ’ကတော့ အနက်ထင်ပါတယ်။ ‘ကျေး’ က အနက်မထင်ဘူးထင်ပါတယ် ”

“ ဟုတ်တယ်။ အရင်အပတ်ကပြောသလို အစားထိုးကြည့်ရင်သိသာတာပေ့ါ။ ‘ ယဉ်ကျေးတယ် ’ ကို ‘ ယဉ်တယ် ’လို့ အစားထိုးရင်မူလအဓိပ္ပာယ်မပြောင်းဘူးမဟုတ်လား။ ဒါပေမယ့် ‘ ကျေးတယ် ’ လို့ သုံးလို့မရဘူးလေ”

“ ဟုတ်ပါတယ် ဆရာ ”

“ ဒီတော့ ‘ ကျေး ’ ကို အနက်မထင်တဲ့ အစိတ်အပိုင်းလို့ဆိုရမှာပေ့ါ။ ဒါပေမယ့် ရှေးကစာတွေမှာ ‘ ယဉ်ခြေး ’ဆိုတဲ့ စကားရှိတယ်။ ‘ ခြေး ’ဆိုတာ သာယာတယ်။ ကောင်းမွန်တယ်ဆိုတဲ့ အဓိပ္ပာယ်ပေ့ါ။ နောက်ပိုင်းမှာ ‘ ယဉ်ချေး ’လို့လည်း သုံးတယ်။ အဲဒီကနေပြီး ‘ ယဉ်ကျေး ’ လို့ပြောင်းလာတာလေ။ အဲဒီလိုပြောင်းတဲ့ သာဓကအထောက်အထားတွေ ရှိပါတယ် ”

“ ဟုတ်ကဲ့ပါ ”

“ ဒီတော့ ‘ ယဉ်ချေး ’ လို့သုံးတုန်းက နှစ်လုံးစလုံး အနက်အဓိပ္ပာယ်ရှိပေမယ့် ‘ ယဉ်ကျေး ’ ဖြစ်လာတော့ ‘ ကျေး ’ ရဲ့အဓိပ္ပာယ်ကမပေါ်တော့ဘူးလေ။ စကားလုံးအသွင်ပြောင်းသွားတာကိုး”

“ နားလည်ပါပြီ ဆရာ ”

“ နောက်တစ်လုံးပြရရင် ‘ ဆင်းရဲ ’ ပေ့ါ။ ခုခေတ်အသုံးအနေနဲ့ ကြည့်ရင် ‘ ဆင်းရဲ ’ ကို တစ်လုံးစီခွဲလို့မရဘူးလေ။ ‘ ဆင်း’ တစ်လုံးတည်း၊ ‘ ရဲ ’ တစ်လုံးတည်း၊ ဆင်းရဲတယ်ဆိုတဲ့အဓိပ္ပာယ် မရှိဘူးမဟုတ်လား”

“ ဟုတ်ပါတယ် ဆရာ ”

“ ဒီတော့ ခုခေတ်အနေနဲ့ ‘ ဆင်းရဲ ’ ဟာ ထပ်ခွဲလို့မရတဲ့ အသံနှစ်သံပါတဲ့ စကားလုံးတစ်လုံးတည်းလို့ သတ်မှတ်ရမှာပေ့ါ။ ဒါပေမယ့် ပုဂံခေတ်တုန်းက ‘ ဆင်းရဲ ’ ကို ‘ ဆိုဝ်ငြယ်’ လို့ သုံးတယ်ကွဲ့”

“ ဩော်...အဓိပ္ပာယ်က ဘာပါလဲ ဆရာ ”

“ ‘ ဆိုဝ်ငြယ်’ဆိုတာ ပုဂံခေတ် ကျောက်စာထဲက စာလုံးပေါင်းပုံအတိုင်းရေးတာလေ။ ခုခေတ်စာလုံးပေါင်းအတိုင်းရေးရင်တော့ ‘ ဆိုးငရဲ ’ လို့ ရေးရမှာပေ့ါ။ ‘ ဆိုး ’က ဆိုးရွားတာ ‘ငရဲ’က ချမ်းသာကင်းတဲ့နေရာပေ့ါ။ အဓိပ္ပာယ်ချင်း ဆက်စပ်နေတာလေ။ တစ်လုံးစီ အဓိပ္ပာယ်ရှိတယ်။ ‘ ငရဲ ’ က ‘ နိရယ’ ဆိုတဲ့ ပါဠိစကားက ဆင်းသက်တယ်လို့ယူဆကြတယ်”

“ ဟုတ်ကဲ့ ”

“ အဲဒီ ဆိုဝ်ငြယ်ကနေပြီး ‘ ဆငြယ် ’ လို့ပြောင်းတယ်။ ‘ ဆငြယ်’ကနေပြီး ‘ ဆင်းရဲ ’လို့ပြောင်းတာပေ့ါ။ ‘ ဆင်းရဲ ’ဖြစ်သွားတော့ တစ်လုံးစီခွဲလို့မရတော့ဘူးလေ ”

“ ဟုတ်ကဲ့ပါ ”

“ အရင်အပတ်ကပြခဲ့တဲ့ အနက်မထင်တဲ့ အစိတ်အပိုင်းတွေက ရှေ့ကအစိတ်အပိုင်းနဲ့ သရလည်းမတူဘူး၊ ဗျည်းလည်းမတူဘူး။ ‘ စိုးရိမ် ’တို့၊ ‘ ဆန်းကြယ် ’တို့လေ။ အခုပြောမှာက ရှေ့ကအစိတ်အပိုင်းနဲ့ နောက်ကအစိတ်အပိုင်းက ကာရန်တူတယ်။ ကာရန်တူတယ် ဆိုတာ သရသံချင်းတူတာကိုပြောတာ။ ‘ ခေါ်ဝေါ် ’ ဆိုတဲ့ စကားလုံးလိုပေ့ါ ”

“ ဩော်... သဘောပေါက်ပါပြီဆရာ။ ‘ ခေါ် ’နဲ့ ‘ ဝေါ် ’ က ‘ဘော်’ဆိုတဲ့ သရသံချင်းတူတော့ ကာရန်တူတာပေ့ါ ”

“ အဲဒီလို ကာရန်တူတွဲစပ်တဲ့ နှစ်လုံးတွဲတွေ အတော်များများရှိတယ်။ ‘ မြိုင်ဆိုင်၊ မြန်ဆန်၊ သွက်လက်၊ ရိုင်းစိုင်း၊ အေးဆေး၊ သာယာ၊ ချောင်းမြောင်း’ ဆိုတာမျိုးတွေပေ့ါ။ ဘာသာဗေဒပညာရှင် တွေကတော့ rhyme၊ rhymingလို့ခေါ်ကြတယ်။ ကာရန်လိုက်တဲ့ ဒုတိယအစိတ်အပိုင်းတွေက အနက် မထင်ဘူးကွဲ့ ”

“ဟုတ်ကဲ့ပါ ”

“ နောက်တစ်မျိုးက ရှေ့ကအစိတ်အပိုင်းနဲ့ နောက်ကအစိတ်အပိုင်းက ဗျည်းသံချင်းတူတယ်။ ‘ညီညွတ်’လိုစကားလုံးမျိုးပေ့ါ။ ‘ ညီ ’ က ပဓာနကျတယ်။ ‘ညွတ်’က ဗျည်းတူလိုက်ထားတာလေ။ ‘ညီ ’ က အနက်ထင်ပေမယ့် ‘ ညွတ်’က အနက်မထင်ဘူးနော်။ မြင်ရဲ့လား ”

“ မြင်ပါတယ် ဆရာ။ ‘ ညီညွတ်တယ် ’ကို ‘ ညီတယ်’ လို့ ပြောလို့ရပေမယ့် ‘ ညွတ်တယ် ’ လို့ ပြောလို့ မရပါဘူး”

“ ဟုတ်တယ်။ အဲဒီလိုပဲ ‘ နက်နဲ၊ ညီညာ၊ တွေးတော၊ ပြေပြစ်၊ ညစ်ညမ်း၊ နုနယ်၊ နက်နဲ၊ ငေါက်ငမ်း ’ ဆိုတဲ့ စကားလုံးမျိုးတွေပေ့ါ”

ဘာသာဗေဒပညာရှင်တွေက chime၊ chiming လို့ခေါ်ကြတယ်။ ဗျည်းတူလိုက်တဲ့ ဒုတိယအစိတ်အပိုင်းက အနက်မထင်ဘူးကွဲ့ ”

“ ဟုတ်ကဲ့။ ‘ ငေါက်ငမ်းတယ်’ ကို ‘ငေါက်တယ်’ လို့ ပြောရင် အဓိပ္ပာယ်တူပေမယ့် ‘ငမ်းတယ်’လို့ပြောရင် ‘ ငေါက်ငမ်းအဓိပ္ပာယ် မဟုတ်တော့ပါဘူးဆရာ ”

“ ဟုတ်ပါပြီ။ ဒီတော့ ခုပြောခဲ့တဲ့ ဆန်းကြယ်တို့၊ ခေါ်ဝေါ်တို့၊ ညစ်ညမ်းတို့လို ဒုတိယအစိတ်အပိုင်းအနက်မထင်ဘူး။နှစ်လုံးတွဲတွေမှာ ဒုတိယအစိတ်အပိုင်းတွေက စကားပြေပြစ်ရုံတွဲထားတဲ့ အနက်မထင်တဲ့အစိတ်အပိုင်းမျိုးလည်းရှိသလို တစ်ချိန်ကအနက်အဓိပ္ပာယ် ထင်ထင်ရှားရှားရှိခဲ့ပေမယ့် အကြောင်းတစ်မျိုးမျိုးကြောင့် အဲဒီအနက်အဓိပ္ပာယ်ကို မဖော်ထုတ်နိုင်ဘဲ ငုပ်နေတာလည်း ရှိနိုင်တာပေ့ါကွယ် ”

“အနက်မထင်တဲ့အစိတ်အပိုင်းတွေကို ဘယ်လို အနက်ဖော်ထုတ်ရမှာပါလဲ ဆရာ ”

“ လွယ်တဲ့ကိစ္စတော့မဟုတ်ဘူးကွဲ့။ မြန်မာစကား

“ ‘သေချာ’ကို တစ်လုံးစီခွဲသုံးရင် အဓိပ္ပာယ်မပေါ် ဘူး။ ‘ သေချာ’ဆိုတဲ့ အဓိပ္ပာယ် မရဘူး လို့ပြောတာပါ။ ဒါပေမယ့် ‘သေဝပ်၊ သေသပ်’ဆိုတဲ့ နှစ်လုံးတွဲတွေမှာ ပါတဲ့ ‘ သေ ’ဟာ ‘သေချာ’မှာပါတဲ့ အသံနဲ့အဓိပ္ပာယ် အတူတူပဲလို့ ယူဆရတယ်။ တစ်ခါ ‘ ရှိသေ’ မှာကျတော့ ‘ သေ ’ က နောက်ကလိုက်တာပေ့ါ။ အဲဒီ ‘ သေ ’ လည်း အဓိပ္ပာယ် အတူတူလို့ယူဆရတယ်။ ‘ ရို ’ ကိုကြည့် ရင် ‘ ရိုသေ’ လိုပဲ။ ‘ ရိုညွတ်၊ ရိုကျိုး ’ ဆိုတဲ့ အသုံးတွေရှိ တယ်။ ဒီတော့ အစိတ်အပိုင်းတစ်ခုချင်း အနက်မထင်ပေမယ့် နှစ်လုံးတွဲသုံးရင်တော့ အနက်ထင်လာတယ်လို့ ယူဆနိုင်တာပေ့ါ။”

တစ်ခုတည်းတတ်ရုံနဲ့တော့ အဲဒီအနက်အဓိပ္ပာယ်တွေကို မဖော်ထုတ်နိုင်ဘူးလေ။ မြန်မာစကား အသိအမြင်တစ်ခုတည်းနဲ့ ဖော်ထုတ်ဖို့ မလုံလောက်ဘူးဆိုပါတော့။ အရင်ပတ်ကပြောသလို မျိုးတူနွယ်တူ ဘာသာစကားတွေနဲ့ စနစ်တကျနှိုင်းယှဉ်လေ့လာတာမျိုး၊ မြန်မာနဲ့ခေတ်အဆက်ဆက် ဆက်နွယ်မှုရှိတဲ့ဘာသာစကားတွေကို လေ့လာတာမျိုးလုပ်ဖို့လိုတယ်။ အဲဒီလို လေ့လာရာမှာ သမိုင်းဘာသာဗေဒ (Historical Linguistics)လို့ တစ်ချိန်ကခေါ်ပြီး အခုခေတ်မှာ ခေတ်စဉ်ဘာသာဗေဒ (Diachrouic Linguistics) လို့ အခေါ်များတဲ့ သမိုင်းကြောင်းလေ့လာနည်းနဲ့ စနစ်တကျ လေ့လာဖို့လိုအပ်တာပေ့ါ။ ဒီလိုလေ့လာနိုင်ဖို့ ဘာသာစကားနဲ့ပတ်သက်တဲ့ လေ့လာမှုကိုယ်ခံအများကြီးလိုပါတယ်”

“ နားလည်ပါပြီ ဆရာ”

“ နောက်တစ်မျိုးက စကားနှစ်လုံးတွဲမှာ တစ်လုံးချင်းသုံးလေ့မရှိဘူး။ နှစ်လုံးတွဲမှ အဓိပ္ပာယ်ပေါ်တယ်။ ဒါပေမယ့် တစ်လုံးချင်းမှာ အဓိပ္ပာယ်ရှိတယ်လို့ စိတ်ထဲမှာသိနေတဲ့ နှစ်လုံးတွဲမျိုးပဲ ”

“ ဆရာပြောတာ ကျွန်တော်သိပ်သဘောမပေါက်လို့ပါဆရာ။ ထပ်ရှင်းပြပေးပါလား ”

“ စကားလုံးနှစ်လုံးသာဓကပြမယ်။ ‘သေချာ’ရယ်၊ ‘ ရှိသေ’ ရယ် ”

“ ဟုတ်ကဲ့ပါ ”

“ ‘သေချာ’ကို တစ်လုံးစီခွဲသုံးရင် အဓိပ္ပာယ်မပေါ်ဘူး။ ‘ သေချာ’ဆိုတဲ့ အဓိပ္ပာယ်မရဘူးလို့ပြောတာပါ။ ဒါပေမယ့် ‘သေဝပ်၊ သေသပ်’ဆိုတဲ့ နှစ်လုံးတွဲတွေမှာ ပါတဲ့ ‘ သေ ’ဟာ ‘သေချာ’မှာပါတဲ့ အသံနဲ့အဓိပ္ပာယ် အတူတူပဲလို့ယူဆရတယ်။ တစ်ခါ ‘ ရှိသေ’ မှာကျတော့ ‘ သေ ’ က နောက်ကလိုက်တာပေ့ါ။ အဲဒီ ‘ သေ ’ လည်းအဓိပ္ပာယ်အတူတူလို့ယူဆရတယ်။ ‘ ရို ’ ကိုကြည့်ရင် ‘ ရိုသေ’ လိုပဲ။ ‘ ရိုညွတ်၊ ရိုကျိုး ’ ဆိုတဲ့ အသုံးတွေရှိတယ်။ ဒီတော့ အစိတ်အပိုင်းတစ်ခုချင်း အနက်မထင်ပေမယ့် နှစ်လုံးတွဲသုံးရင်တော့ အနက်ထင်လာတယ်လို့ ယူဆနိုင်တာပေ့ါ။ ဆက်လေ့လာဖို့လည်း လိုသေးတာပေ့ါကွယ်”

“ တော်တော်သိမ်မွေ့တဲ့ကိစ္စပဲနော် ဆရာ ”

“ ဟုတ်တယ်။ နောက်တစ်မျိုးကတော့ နာမ်နဲ့ ကြိယာတွဲပြီး ကြိယာအဖြစ်သုံးတဲ့နှစ်လုံးတွဲပဲ။ ဆရာကြီးဦးဖေမောင်တင်ကတော့ နာမ်ပေါင်းကြိယာလို့ နာမည်ပေးတယ်။ နာမ်ပေါင်းကြိယာတော့ မင်းသိမှာပါ။ စဉ်းစားပြီးပြောကြည့်ပါ”

“ ဟုတ်ကဲ့။ ‘ထမင်းစား၊ ရေသောက်၊ စာဖတ်’ဆိုတာမျိုးတွေလားဆရာ”

“ ဟုတ်ပါတယ်။ နောက်ဆက်ပစ္စည်းထည့်ပြောရင် ‘ထမင်းကိုစားတယ်၊ စာကိုဖတ်တယ်’လို့ပြောရမှာကို နောက်ဆက်ပစ္စည်း မပါဘဲ ‘ ထမင်းစားတယ်၊ စာဖတ်တယ် ’လို့ပြောတာမျိုးပေ့ါ။ နာမ်နဲ့ကြိယာတွဲထားပေမယ့် နာမ်ကိုမသုံးဘဲ ကြိယာကိုသုံးရတယ်လေ”

“ ဟုတ်ကဲ့ပါ ”

“ ဆိုပါတော့။ ‘ဆရာ၏ဒူးသည် နာ၏ ’လို့မရေးဘဲ ‘ ဆရာဒူးနာ၏’ လို့ရေးနိုင်တယ်မဟုတ်လား။ အဲဒီမှာ ‘ ဒူးနာ ’ ဆိုတဲ့ နာမ်ပေါင်းကြိယာဟာ ‘ ဒူးသည်နာ၏’ ဆိုတဲ့အသုံးမှာ ‘ သည်’ကို မြှုပ်ထားတယ်လို့ဆိုနိုင်တာပေ့ါ ”

“ဟုတ်ကဲ့ပါ ”

“မြှုပ်ထားတယ်လို့ ယူဆနိုင်တဲ့နောက်ဆက်ပစ္စည်းတွေအမျိုးမျိုးဖြစ်နိုင်တာပေ့ါ။ ‘လေတိုက်၏’ ဆိုတာ ‘လေသည်တိုက်၏’ ဆိုတဲ့အဓိပ္ပာယ်ပဲ။ ‘ရေသောက်သည်’ဆိုရင်တော့ ‘ရေကိုသောက်သည်’ပေ့ါ။ ‘သေနတ်ပစ်သည်’ဆိုရင် ‘သေနတ်ဖြင့်ပစ်သည်’ပေ့ါ။ ‘ရေကူးသည်’ဆိုရင်တော့ ‘ရေမှာကူးသည်’ပေ့ါ။ အဓိပ္ပာယ်အရ ဘယ်နောက်ဆက်မြှုပ်ထားတယ်ဆိုတာ ခန့်မှန်းနိုင်တာပေ့ါ”

“ စိတ်ဝင်စားစရာကောင်းပါတယ်ဆရာ။ မှတ်ထားပါမယ်”

“ နောက်တစ်ခုက နာမ်တစ်မျိုးတည်းနဲ့ပဲ ပုံသေတွဲရတဲ့ကြိယာနှစ်ခုသတိပြုမိတာရှိတယ်။ ‘ရေချိုး’ ရယ်၊ ‘ မိုးရွာ ’ရယ်လေ”

“ ဩော်...ဟုတ်ကဲ့”

“ အဲဒီအဓိပ္ပာယ်ရအောင် ‘ချိုး’ဆိုတဲ့ကြိယာကို ‘ရေ ’ဆိုတဲ့ နာမ်နဲ့ပဲတွဲရတယ်။ တခြားနာမ်နဲ့ တွဲလို့မရဘူး။ တွဲကြည့်ပါလား။ ရေမဟုတ်တဲ့အခြားအရည်နဲ့ တွဲပြီး ‘ဆီချိုး’၊ ‘ဆေးရည်ချိုး’ဆိုတာမျိုးသုံးလို့မှမရတာ။ ဒီလိုပဲ ‘ မိုးရွာ ’မှာ ‘ရွာ’ကို ‘မိုး’နဲ့ပဲ တွဲလို့ရတယ်။ အပေါ်ကရေတွေ ကျလာတာက ‘ရေရွာ’လို့မှ မသုံးတာ။ ကဲ...ဒီလောက်နဲ့နားကြရအောင်။ ။

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ (၂၀၁၈-၂၀၁၉) ပညာသင်နှစ် ဒီပလိုမာအောင်လက်မှတ် ပေးအပ်ချီးမြှင့်ပွဲ၊ (၂၀၁၉-၂၀၂၀)ပညာသင်နှစ် ဒီပလိုမာသင်တန်းသားသစ်ကြိုဆိုပွဲအခမ်းအနားနှင့် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပခြင်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ (၂၀၁၈-၂၀၁၉)ပညာသင်နှစ် ပြည်တွင်း၊ ပြည်ပ သင်တန်းသား(၅၁)ပါး/ ဦးတို့အား ဒီပလိုမာ အောင်လက်မှတ်ပေးအပ်ချီးမြှင့်ပွဲနှင့် (၂၀၁၉-၂၀၂၀)ပညာသင်နှစ်ပြည်တွင်း၊ ပြည်ပ ဒီပလိုမာသင်တန်းသားအသစ်(၉၁)ပါး/ဦးတို့အား သင်တန်းသားသစ် ကြိုဆိုပွဲအခမ်းအနားကို ၂၀၁၉ခုနှစ် ဇွန် ၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ ပါရဂူ(ဗုဒ္ဓဓမ္မ) ဘွဲ့ရ သင်တန်းသား (၆)ပါး/ဦး၊ မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရသင်တန်းသား (၁၄)ပါး/ဦးနှင့် ဘီအေ(ဗုဒ္ဓဓမ္မ)ဘွဲ့ သင်တန်းသား(၄၃)ပါး/ဦးတို့အား သက်ဆိုင်ရာဘွဲ့ အသီးသီးချီးမြှင့်အပ်နှင်းမည့်(၁၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၁၉ခုနှစ် ဇွန် ၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင်လည်းကောင်း အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ဆွေးနွေးပွဲခန်းမ (Seminar Hall)၊ ဗဟိုဆောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော လုပ်ငန်းခွင်ဝတ်စုံနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ (Safety Equipment)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား ၂၄-၆-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင် နောက်ဆုံးထား၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန(www.moee.gov.mm) တွင် ဝင်ရောက်ကြည့်ရှု၍ အခမဲ့ Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ငွေလုံးငွေရင်းအသုံးစရိတ်(ဖြည့်စွက်ရန်ပုံငွေ)ဖြင့် ဆောင်ရွက်မည့်ဥတ္တရသီရိမြို့ ရတနာသိဒ္ဓိရပ်ကွက် အရာတော်လမ်းတွင် ကျောက်စီရေမြောင်းပြုလုပ်ခြင်း၊ Box Culvert(၂)စင်း ပြုလုပ်ခြင်းနှင့် ရာဇသင်္ဂဟလမ်းနှင့် အရာတော်လမ်းဆုံတွင် ကျောက်စီမြေကာနံရံပြုလုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၉ရက်
**တင်ဒါပုံစံ ပိတ်မည့်ရက်** - ၂၁-၆-၂၀၁၉ရက်၊ ညနေ ၄ နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော် စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-
အင်ဂျင်နီယာဌာန(လမ်း/တံတား)၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၆၈၂၅၄၅၂၉၄

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်း ပစ္စည်းများအား ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင်မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများအား ဈေးနှုန်းအဆိုပြုလွှာပုံစံပါရက်များတွင် တင်သွင်းပေးပါရန်ဖိတ်ခေါ်အပ်ပါသည်။

(က) G 134 စီမံကိန်းတံဆိပ်ပါတီရှပ် ၁၁၁၀၀၀ထည်
(ခ) G 135 စီမံကိန်းတံဆိပ်ပါဦးထုပ် ၅၇၀၀၀လုံး

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများအား ကြော်ငြာသည့်ရက်မှစ၍ ဈေးနှုန်းအဆိုပြုလွှာပုံစံတွင် ဖော်ပြထားသော ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရမည့်နေ့မတိုင်မီရက်ထိ ရုံးဖွင့်ရက်များ၌ လူကိုယ်တိုင်၊ ရုံးအမှတ်(၃၆)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော် (သို့မဟုတ်)အီးမေးလ်လိပ်စာ-unioncdd procurement@gmail.com သို့မိမိ၏လုပ်ငန်းအမည် လိပ်စာနှင့်တယ်လီဖုန်းအမှတ်များဖော်ပြပြီး အခမဲ့ရယူနိုင်ပါသည်။

၃။ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းခြင်းနှင့် စပ်လျဉ်း၍အသေးစိတ်သိရှိလိုပါက ဦးကျော်စွာအောင်၊ ညွှန်ကြားရေးမှူး၊ ဝယ်ယူဖြန့်ဖြူးရေးနှင့်ထောက်ပံ့ရေးဌာန၊ ဖုန်း-၀၉-၄၃၄၃၄၃၃၃ သို့မဟုတ်ဝယ်ယူရေးဌာန၊ လူထုဗဟိုပြုစီမံကိန်း၊ ဖုန်း-၀၆၇-၄၁၈၆၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### အမည်ပြောင်း

ဦးမင်းမြတ်ခိုင် ၁၀/ပမန(နိုင်)၀၀၀၄၈၅၏သား ပေါင်မြို့နယ်၊ အထက ပေါင်ကျောင်း ဆဋ္ဌမတန်းGrade-7မှ မင်းညီထက်သာအား မင်းညီမြတ်သာဟု ပြောင်းလဲခေါ်ပါရန်။ **မင်းညီမြတ်သာ**

## Motel ရောင်း/ငှားရန်ရှိသည်

မေတ္တာညွှန့်ရပ်ကွက်တွင် ယခုလက်ရှိ အောင်မြင်စွာ လုပ်ကိုင်နေသော အခန်း(18)ခန်းပါ Motel နှင့် စားသောက်ဆိုင်ပါ ပူးတွဲ၍ လုပ်နိုင်သော အဆောက်အအုံ ရောင်း/ငှားရန်ရှိသည်။

**ဆက်သွယ်ရန်**
**ဖုန်း-09-427523311**

## တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ထားဝယ်မြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ မြို့နယ်များတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ဆဲ(၂)နှင့် လုပ်ငန်းသစ်(၁၀)ခုဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင်ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်းအသေးစိတ်နှင့်ပတ်သက်၍ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၆-၆-၂၀၁၉ရက်
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၅-၇-၂၀၁၉ရက် ညနေ ၄ နာရီ
**အိတ်ဖွင့်တင်ဒါရောင်းချ/လက်ခံမည့်နေရာ** - တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန

**တင်ဒါကော်မတီ**

### အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့၊ အထက (ရေဖြူ) တက္ကသိုလ်ဝင်တန်းမှ မောင် စိုင်းကိုထွေး၏ဖခင် ဦးခင်ဝင်း၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးခင်ဝင်းကြီး ၆/ရဖန(နိုင်) ၀၁၃၄၇၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ချောင်းသာမြို့ အထက နဝမတန်း(D)မှ မဆုဝေမွန်၏ ဖခင်အမည်မှန်မှာ ဦးဇော်လွင်ဦး ၁၄/ငပတ(နိုင်)၁၆၁၁၄၆ ဖြစ်ပါကြောင်း။ **ဦးဇော်လွင်ဦး**

## အများသိစေရန် အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ နားခါရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ်(၆၇)၊မြေဧရိယာ ၀ဒသမ၀၅၂ ဧကပေါ်ရှိ မြေကွက်၏မြေငှားဂရန်သည် ဒေါ်စိန်မေ အမည်ပေါက် မြေငှားဂရန်ဖြစ်ပါသည်။ လွန်ခဲ့သော(၁၂)နှစ်၊ ၂၀၀၇ ခုတွင် ဒေါ်အိအိချောမှ ဝယ်ယူခဲ့ပြီး မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားခဲ့ပါသည်။
အဆိုပါ မြေငှားဂရန် သက်တမ်းမှာ ကုန်ဆုံးသွားပြီဖြစ်သဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိအိချော အမည်ဖြင့် အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစပြီး ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဖြစ်စေ မည်သူမဆို စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အိအိချော**
**၁/မကတ(နိုင်)၀၄၇၈၄၂**
**အမှတ်(၃၇)၊ နားခါမြောက်ရပ်ကွက်၊ မိုးညှင်းမြို့**

### အမည်ပြောင်း

ဦးလွင်ကိုကိုလတ်၏သား မြိတ်မြို့ အထက(၂)တတိယတန်းမှ မောင်မင်းဟိန်းခန့်အားယနေ့မှစ၍ မောင်ပြည့်စုံဖြိုးဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ပြည့်စုံဖြိုး**

### အမည်ပြောင်း

ဦးအောင်ကျော်လင်း-ဒေါ်စန်းစန်းကြူတို့၏သား၊ မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ ကျောင်းဝင်အမှတ် KA-4419 ဖြစ်သူမယမင်းအား ယနေ့မှစ၍ မယမင်းဝေဝေဟု ပြောင်းလဲခေါ်ပါရန်။
**မယမင်းဝေဝေ**

### အမည်မှန်

ဦးသန့်ဇင်၏သား၊ ရန်ကုန်မြို့၊ အထက သုဝဏ္ဏ သတ္တမတန်း(ဂ)မှ မောင်ဝင်းကိုကို၏ အမည်မှန်မှာ မောင်ဥက္ကာခေတ်မင်း ဖြစ်ပါကြောင်း။
**မောင်ဥက္ကာခေတ်မင်း**

### ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ အထက (အောက်ရေဖြူ) နဝမတန်းမှ မအိမ့်ရတနာမိုး၏ဖခင် ဦးကျော်သူမိုး၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရဦးကျော်သူ ၆/လလန(နိုင်) ၀၇၃၉၈၂ ဖြစ်ပါကြောင်း။ **ဦးကျော်သူ**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အနောက်ရပ်၊ အာဇာနည်လမ်း၊ အမှတ် ၈နေ ဦးမောင်ဝင်း ၆/ထဝန(နိုင်)၀၁၉၃၅၈နှင့် ဒေါ်ချိုချိုဝင်း ၆/ထဝန(နိုင်)၀၁၉၃၅၉ တို့၏သမီး မစန်းစန်းမြတ် ၆/ထဝန(နိုင်)၀၉၆၇၉၃သည် မိဘနှစ်ပါး အကြိမ်ကြိမ်ဆုံးမတားမြစ်မှုကိုလက်မခံဘဲ မိဘနှစ်ပါးနှင့် ဆန့်ကျင်၍ ခွင့်မလွှတ်နိုင်သည့်ကိစ္စကို မိမိသဘောအလျောက်ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသည်။သို့ဖြစ်၍ ၃၁-၅-၂၀၁၉ရက်မှစ၍ အမွေစား၊ အမွေခံသမီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်သည်။
မိဘနှစ်ပါးက ၎င်း၏ ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းသည်းခံပါရန် ကြေညာအပ်ပါသည်။
ဤကြော်ငြာပါသည့်ရက်မှစ၍ မိဘများ၏အိမ်သို့ လာခွင့်မရှိတော့သလို ၎င်းနှင့်ပတ်သက်၍ မည်သည့်ပြဿနာမျှ ဖြေရှင်းပေးမည်မဟုတ်ဘဲ ထပ်မံ၍ မိဘများအား အနှောင့်အယှက်ပြုလုပ်ခဲ့လျှင် ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးမောင်ဝင်း**
**မိခင်-ဒေါ်ချိုချိုဝင်း**

### မိဘအမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ပုဂေါ်ဇွန်းကျေးရွာ အထက (ရလိုင်) နဝမတန်းမှ မအိဇင်မိုး၏ မိဘအမည်မှန်မှာ ဦးခင်အောင် ၆/ရဖန(နိုင်)၀၂၁၇၄၀နှင့် ဒေါ်အေးမူ ၆/ရဖန(နိုင်)၀၂၁၀၃၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

သထုံမြို့နယ် အထက(ကြာပန်း) တက္ကသိုလ်ဝင်တန်း(ဂ)မှ မရွှေနီဝင်း၏ ဖခင်အမည်မှန်မှာ ဦးဖိုးနီ ၁၀/သထန(နိုင်)၀၄၄၂၉၀ ဖြစ်ပါကြောင်း။
**ဦးဖိုးနီ**

### ဖခင်အမည်မှန်

သထုံမြို့နယ် အထက (ကြာပန်း) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဇင်ဘိုထွန်းနှင့် နဝမတန်း(D)မှ မောင်ကျော်ဇင်ထက်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာဝင်း ၁၀/သထန(နိုင်)၁၃၂၅၄၃ ဖြစ်ပါကြောင်း။ **ဦးကျော်စွာဝင်း**

### ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မောင်စိုးမြတ်မင်း၏ဖခင် အမည်မှန်မှာ ဦးစန်းဝင်း ၇/ရတန(နိုင်)၀၇၉၆၀၂ ဖြစ်ပါကြောင်း။
**ဦးစန်းဝင်း**

## OTS-52

(၅၂)နှစ်မြောက် ကျောင်းဆင်းပွဲအထိမ်းအမှတ်အဖြစ် အောက်ပါဘုရားဖူးခရီးစဉ်အား အမှူဆောင်အဖွဲ့မှ စီစဉ်ဆောင်ရွက်မည်ဖြစ်ပါ၍ သူငယ်ချင်းမိသားစုများ ကုသိုလ်ယူလိုက်ပါကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ၁၄-၆-၂၀၁၉ရက်(သောကြာနေ့) | နံနက်၆း၃၀နာရီ၊ ၈မိုင်၊ ပြည်လမ်း ခုံတံတားအဆင်း၊ စုရပ်(၁)၊ တပ်မတော်ဆေးတက္ကသိုလ်၊ ပြည်လမ်းဂိတ်ကြီး ရှေ့စုရပ်(၂) တို့မှ ထွက်၊ နေပြည်တော် ဘုရားဖူးဝင်၊ မန္တလေးဆက်ထွက်၊ ဟိုတယ်ညအိပ်(အမရာနဒီဟိုတယ်) |
| ၁၅-၆-၂၀၁၉(စနေနေ့) | လျှပ်တစ်ပြက်ဂေါက်ရိုက်ပွဲ၊ မိသားစုဘုရားဖူးခရီးစဉ်၊ ညနေ ၆း၃၀ နာရီ ညစာစားပွဲ (ဟိုတယ်) |
| ၁၆-၆-၂၀၁၉ရက်(တနင်္ဂနွေ) | နံနက် မန္တလေးမှ ပြန်ထွက် ရန်ကုန် ညပြန်ရောက် |

ဖုန်း - ၀၉-၅၀၁၉၂၁၄
၀၉-၅၄၁၄၉၇၁
ဖုန်း-၀၉-၂၀၂၉၉၉၉
၀၉-၈၉၉၈၀၉၉၀၄

## အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်ပြန်လည်ကြေညာခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄) ရန်ကုန်မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း တာဝန်ယူဆောင်ရွက်မည့် လမ်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော လမ်းခင်းပစ္စည်းများ ဝယ်ယူရန်အတွက် ၂၇-၅-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာ ပါ(စာမျက်နှာ-၂၄)တွင် ရက်ရွှေ့ဆိုင်းထားခဲ့သော အိတ်ဖွင့်တင်ဒါဖွင့်ပွဲအား ၁၄-၆-၂၀၁၉ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့ (၁၄)၊ အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၆-၂၀၁၉ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၄-၆-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၁၄) အောင်ဇေယျတံတားဝင်း လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း(မင်းတပ်) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ (EU Grant)ဖြင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပလက်ဝ)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသောကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ဆရာ/မဆောင် RC (၄)ခန်းတွဲ(၄)ထပ် (၇၈'×၉၄') (၁၇၇၈၈ စ/ပေ) ၁လုံး
(ခ) အလုပ်ရုံ ၁ထပ် Steel Structure (၁၅၀'×၇၅')(၁၁၂၅၀ စ/ပေ) ၁လုံး

၂။ တင်ဒါလျှောက်လွှာပုံစံ
**စတင်ရောင်းချမည့်ရက်/အချိန်** - ၇-၆-၂၀၁၉ရက်(ရုံးချိန်)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၇-၂၀၁၉ရက်(ရုံးချိန်)

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များသိရှိလိုပါက အစိုးရနည်း ပညာအထက်တန်းကျောင်း(မင်းတပ်)ရှိ အောက်ပါဖုန်းနံပါတ်များအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ဖုန်း-၀၉-၈၉၅၃၉၈၀၅၅၊ ၀၉-၄၀၀၃၀၂၆၉၀၊ ၀၉-၄၅၁၂၃၇၀၅၅၊ ၀၉-၄၅၄၆၂၃၄၅၇

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အစိုးရနည်းပညာအထက်တန်းကျောင်း(မင်းတပ်)**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၂) နဝမတန်း(A)မှ မရွှေဝတ်ရည်နှင့် သတ္တမတန်း(A)မှ မောင်ဟိန်းသူရတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင် ၈/စလန(နိုင်) ၀၁၁၂၀၃ ဖြစ်ပါသည်။ **ဦးသန်းလွင်**

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် အထက(၅) နဝမတန်း(D)မှ ဦးဝင်းကျော်ဌေး၏သား မောင်ကျော်ရဲအောင်၏အမည်မှန်မှာ မောင်ဖြိုးဖြိုးကျော် ဖြစ်ပါကြောင်း။
**မောင်ဖြိုးဖြိုးကျော်**

### ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ သဘွတ်ကုန်းကျေးရွာ အထက နဝမတန်းမှ မောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးစိန်မြင့် ၉/ဝတန(နိုင်)၀၃၃၄၆၀ ဖြစ်ပါကြောင်း။ **ဦးစိန်မြင့်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/2573၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တိုင်းရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ မြို့မရပ်၊ မြို့အကွက် ၁၉/မြို့မအရှေ့၊ မြေကွက်အမှတ် (၁၇၁)၊ ဦးပိုင်အမှတ်(၅၉)၊ မြေဧရိယာ ၀ဒသမ၁၁၄ဧကရှိ ဂရန်အား ဦးကျော်ဝင်း ၉/မကန(နိုင်) ၀၂၃၇၉၆မှ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ဤလျှောက်ထားမှုအပေါ်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားစုံလင်စွာနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးကျော်ဝင်း ၉/မကန(နိုင်)၀၂၃၇၉၆**
**ဖုန်း-၀၉-၂၅၈၂၀၆၁၈၇**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ဆူးကုန်းဆည်မြောင်းဝင်းနေ ဒေါ်ဝါဝါကို ပိုင်ဆိုင်သော ကြက်မင်းတွန်ရပ်ကွက်ရှိ အလျားပေ(၈၀)၊ အနံပေ(၄၀)မြေပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ဝါဝါကို ၉/ကဆန(နိုင်)၁၁၂၄၅၂**
**ဖုန်း-၀၉-၇၇၁၉၈၇၀၆၆**

### အမည်ပြောင်း

ဦးလှစိန် ၁၄/ဇလန(နိုင်)၀၇၀၃၃၁၏သမီး၊ တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ အထက(တာချီလိတ်)၊ တတိယတန်း(ဈ)မှ မရွှန်းလဲ့ဝတီအား မလင်းပြည့်ပြည့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(၂) တတိယတန်းမှ နန်းဆုရတနာသင်း၏ ဖခင်အမည်မှန်မှာ ဦးစောဂျင်မီလှ ၃/ဘအန(နိုင်)၃၃၇၃၃၂ ဖြစ်ပါကြောင်း။ **စောဂျင်မီလှ**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ (၄)မိုင်ကျေးရွာ အထက(ခွဲ) နဝမတန်းမှ မကြည်ရှင်းသန့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးပြည့်စုံအောင် ၉/မကန(နိုင်)၁၀၃၃၀၀ ဖြစ်ပါကြောင်း။ **ဦးပြည့်စုံအောင်**

### ဖခင်အမည်မှန်

ဦးဖိုးဇော်၏သား အထက(၁) သံဖြူဇရပ်မြို့၊ တက္ကသိုလ်ဝင်တန်းမှ မောင်ရဲသူရဇော် ၏ ဖခင်အမည်မှန်မှာ ဦးဇော်ထွန်းဦး ၁၀/မဒန(နိုင်) ၁၂၁၂၅၀ ဖြစ်ပါကြောင်း။
**ဦးဇော်ထွန်းဦး**

### ဖခင်အမည်မှန်

သံဖြူဇရပ်မြို့၊ အထက(၁) နဝမတန်းမှ မောင်စွမ်းသူထွန်းနှင့် ဆဋ္ဌမတန်းမှ မောင်ဟိန်းခန့်ထွန်း တို့၏ဖခင် ဦးသန့်ဇင်ထွန်း၏ အမည်မှန်မှာ ဦးသန့်စင်ထွန်း ၁၀/သဖရ(နိုင်)၀၀၀၂၂၂ ဖြစ်ပါကြောင်း။
**ဦးသန့်စင်ထွန်း**

### အမည်မှန်

ဦးဆန်းမင်းနိုင်၏သား၊ သံဖြူဇရပ်မြို့နယ်၊ ပငကျေးရွာ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်နန်းဝေ၏ အမည်မှန်မှာ မောင်နန်းဝေမင်း ၁၂/ကတန(နိုင်) ၁၄၁၁၂၃ ဖြစ်ပါကြောင်း။
**မောင်နန်းဝေမင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၄)၊ အသံ+အနံ့(စက်မှုဇုန်)၊ မြေကွက်အမှတ် (၆၀၁+၆၀၂)၊ မြေကွက်တည်နေရာ အမှတ်(၆၀၁-၆၀၂)စက်မှု(၁၀)လမ်း(၁၄၄/အသံ+အနံ့)(စက်မှုဇုန်)ဒဂုံတောင်၊ ဦးမျိုးနိုင်(S/DGNMTT-၀၀၁၄၂၄) ၁၂/ဗတတ(နိုင်)၀၄၄၆၀၂ အမည်ပေါက်ပါမစ်မြေအား စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်ပါမစ်အမည်ပေါက် ဦးမျိုးနိုင် (S/DGMTT-၀၀၁၄၂၄) ၁၂/ဗတတ(နိုင်) ၀၄၄၆၀၂မှ မိသားစုဓာတ်ပုံ၊ စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်စာရွက်သာတင်ပြီး(အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်းစာရွက်)မပါရှိသဖြင့် ပြည့်စုံသောပါ မစ်တင်ပြရန်နှင့် ပါမစ်တွင် အမည်ပေါက်ဦးမျိုးနိုင်တင်ပြနိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဦးမျိုးနိုင်(ခ)မူဟာမတ်ဆွေဟာဒ်ဖြစ်နေပါသဖြင့် ရှင်းလင်းရန် အကြောင်းကြားခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး ကတိသစ္စာပြုလွှာ အမှတ်-၁/ ၁၅၃၃ (၂၁-၃-၂၀၁၉)ဖြင့် အမည်(၂)မျိုး ဖော်ပြပါရှိသော်လည်း လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတစ်ယောက်တည်းသာဖြစ်သည်မှာမှန်ကန်ကြောင်းနှင့် ပြဿနာအရှုပ်အရှင်းပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မှီခိုသူများစာရင်းစာရွက်သည်မှုလပါမစ်ထုတ်ပေးစဉ်ကတည်းက မပါရှိပါကြောင်းရှင်းလင်းတင်ပြစာတို့တင်ပြလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ တစ်ထပ် Steel Structure ဂိုဒေါင်အဆောက်အအုံ(၁)လုံးရှိပြီးလူမနေသော့ဖွင့်ပြပါကြောင်း တင်ပြ၍ ပါမစ်ရှိဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**





**အမည်ပြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ပညစ်ကျေးရွာနေ ဦးကြည်ဝင်း-ဒေါ်ကျင်ရွှေတို့၏သမီး၊ အထက(လောင်းလုံး) နဝမတန်းမှ မသန်းသန်းစိုးအား မဝသုန်နှင်းဟု ပြောင်းလဲခေါ်ပါရန်။

**မဝသုန်နှင်း**

**အမည်ပြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မိန်းမချောကျေးရွာနေ ဦးဇော်မင်းဌေး-ဒေါ်သက်သက်စိုး တို့၏သမီး အထက(ခွဲ)(ကြက်ယက်တွင်း)ဆဋ္ဌမတန်းမှ မသက်မိုးမြင့်အား မသက်သက်အေးဟု ပြောင်းလဲခေါ်ပါရန်။

**မသက်သက်အေး**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်များ Kabar Services ကုမ္ပဏီလီမိတက်၏ သွင်းကုန်ထုတ်ကုန် Register (22803) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၄၂၅၀၁၇၇၈၀**




## ပျောက်ဆုံးကြောင်း

ကျွန်မ မမြင့်မြင့်သန်း ၁၃/ကတန(နိုင်) ဝ၉၁၅၁၇ ၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၁၇၉၂၃၆

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၇၆ဝ၆၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၃)၊ န၀မတန်းမှ စိုင်းပီး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆမ် ၁၃/ကတန (နိုင်)၁၂၂၀၅၇ ဖြစ်ပါကြောင်း။

**ဦးစိုင်းဆမ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃စ/၂၆၀၉ ယာဉ်လက်ဝယ်ရှိသူ Phyo Wai Shan Tradly Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၅-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ ၂၈တွင် ပါရှိသော ကန့်ကွက်နိုင်ပါကြောင်း စံပြရန်ကင်းဈေး ကြော်ငြာတွင် ဒေါ်ပြုံးပြုံးလှိုင် မြေညီ-၂၁၆ အစား ၂၁၈-စာအုပ်အမှတ် S-၃၈၅၄၇ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် ၉၈၊ ဧရိယာ ၀ ဒသမ ၆၂၁ ဧကအား ဦးနဒီဝင်းမောင် (ဘ)ဦးဝင်းမောင် ၉/ညဥန(နိုင်) ၁၄၇၅၈၄ မှ ကျမ်းကျိန်လွှာအမှတ် (၁၁၅၁/၂၀၁၉)၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် (၇၁၉/ဂ)၊ မြေကွက်တည်နေရာအမှတ် (၇၁၉/ဂ)၊ ဂန္ဓမာလမ်းသွယ်၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို ဦးကျော်ဝင်း ၁၀/ကထန(နိုင်) ၀၀၈၈၇၆ အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်သူ ဦးကျော်လွင် ၁၃/မတန(နိုင်)၀၀၁၀၈၁၊ ၂။ ဦးနိုင်လင်းအောင် ၁၂/မဂဒ(နိုင်) ၁၀၂၈၅၂၊ ၃။ ဒေါ်ညွန့်ရင် ၇/မညန(နိုင်) ၀၇၀၄၃၅ တို့မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ မြေကွက်အမှတ် (ဥ-၇၁၉၁)၊ ဒေါ်ဇင်မာဦး ၉/ပမန(နိုင်)၂၀၂၈၃၂ (ဘ)ဦးတင်အေးအမည်ပေါက် ပါမစ်မြေကွက်ကို ဦးညီလေး ၈/မသန(နိုင်)၀၁၇၇၀၂ (ဘ)ဦးသောင်းရွှေမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧက၊ မြေကွက်အမှတ် (ဥ-၄၁၂)၊ ဦးမုန်းကြီး ၉/ပမန(နိုင်)၁၆၈၈၈၁ (ဘ) ဦးထွန်းလှိုင်အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ယမင်းသူရ ၁၃/ကလန(နိုင်)၀၅၁၃၆၁ (ဘ)ဦးသူရသိန်းမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် ၁၄၅၉၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးဝင်းအောင်အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်မြတ်မြတ်သူ (ဘ)ဦးပါစူး ၅/ကသန(နိုင်)၀၀၆၃၀၁ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

